# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)


၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက် | ၂၀၂၁ ခုနှစ်၊ မေ ၂ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၁၈၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ၂၀၂၁ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ ပထမနေ့သို့ တက်ရောက်ကြည့်ရှုအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၁ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ၌ ပုလဲအတွဲများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

နေပြည်တော် ဧပြီ ၁

၂၀၂၁ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲပထမနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးသည်။

ရောင်းချပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးချစ်နိုင်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ပြပွဲဗဟိုကော်မတီဝင်များ၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီတွင် မဏိရတနာကျောက်စိမ်းခန်းမသို့


စာမျက်နှာ ၃ ကော်လံ ၁ ✻


## ထူးခြားသည့် နေ့အပူချိန်

၁-၄-၂၀၂၁

| မြို့ | အပူချိန် |
| --- | --- |
| မင်းဘူးမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ဖားဆောင်းမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ချောက်မြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |

## နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာမှုကြောင့် မိုးသီးကြွေခြင်းနှင့် မိုးထစ်ချုန်းရွာခြင်းများဖြစ်ပေါ်လာနိုင်

နေပြည်တော် ဧပြီ ၁

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် ဧပြီလအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊


စာမျက်နှာ ၄ ကော်လံ ၁ ○



**အမှန်တရားကို ကြာရှည်ဖုံးကွယ်ထား၍မရပါ** (ဆောင်းပါး) (စာ-၆)

**တရုတ်နိုင်ငံ၏ ဆီနိုဗမ်း ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအသုတ်ကို ကမ္ဘောဒီးယားလက်ခံရရှိ** (နိုင်ငံတကာသတင်း) (စာ-၁၃)

မြန်မာ့အလင်း

## မပျက်မကွက်ဆက်လက်ကျင့်သုံးရမည့် ကိုဗစ်- ၁၉ ကာကွယ်ရေးနည်းလမ်းများ

၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်ပျံ့နှံ့ကူးစက်လာခဲ့ပြီး ကမ္ဘာ့ကပ်ရောဂါအဖြစ် ရောက်ရှိလာခဲ့သည့် ကိုဗစ်-၁၉ ရောဂါသည် ၂၀၂၀ ပြည့်နှစ်တစ်နှစ်လုံးတွင် အရှိန်အဟုန်ပြင်းစွာဖြင့် တစ်ကမ္ဘာလုံးတွင် ပျံ့နှံ့နေခဲ့သည်။ ယခု ၂၀၂၁ ခုနှစ်သို့ ရောက်လာချိန်တွင် ကာကွယ်ဆေးတချို့ ပေါ်ထွက်လာပြီး ဘက်ပေါင်းစုံမှ စမ်းသပ်နေမှုတို့ ရာနှုန်းပြည့်မပြီးသေးဘဲ အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်ကာ လူသားတို့ကို ထိုးနှံပေးနေရသည်။ လက်ရှိကာလအထိ ကမ္ဘာပေါ်တွင် ကိုဗစ်- ၁၉ ဓာတ်ခွဲအတည်ပြုတွေ့ရှိသူ ၁၂၉ သန်းခန့်၊ ရောဂါကြောင့် သေဆုံးသူ သုံးသန်းခန့်၊ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ ၁၀၄ သန်းကျော်ခန့် ရှိနေပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဆက်လက်ပျံ့နှံ့နေဆဲဖြစ်ပြီး ကူးစက်ရောဂါတို့၏ သဘောသဘာဝအရ ဗီဇပြောင်းဗိုင်းရပ်စ်မျိုးကွဲများလည်း ပေါ်ထွက်လာသည်။ အဆိုပါဗိုင်းရပ်စ်မျိုးကွဲများက ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုမြန်ဆန်စေကြောင်း၊ လူသားတို့ကိုလည်း ပိုမိုထိခိုက်စေကြောင်း သတိပေးချက်များနှင့်အတူ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် ဗိုင်းရပ်စ်ကူးစက်မှု တားဆီးထိန်းချုပ်ရေးအတွက် စည်းမျဉ်း စည်းကမ်းများ ပြန်လည်ချမှတ်ကာ ကာကွယ်မှုများ ပြုလုပ်လာကြရသည်။ ကာကွယ်ဆေးထိုးနှံမှုများမှာ ကမ္ဘာတစ်ဝန်းလုံးတွင် လွှမ်းခြုံမှုရရှိရန် အလှမ်းဝေးနေသေးသည့်အပြင် ကာကွယ်ဆေးသက်သက်မျှဖြင့် ရောဂါကူးစက်မှုကို မတားဆီးနိုင်ကြောင်း အထောက်အထားများ ထွက်ပေါ်လာသည့်သတင်းများကိုလည်း တွေ့ရှိနေရသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ကိုဗစ်ရှီးလ်ကို ထိုးနှံပေးလျက်ရှိရာ တစ်နိုင်ငံလုံးကို လွှမ်းခြုံမိစေရန် အချိန်လိုအပ်ဦးမည်ဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ၁၄၀၀၀၀ ကျော်၊ ပိုးတွေ့သေဆုံးသူ ၃၀၀၀ ကျော်နှင့် အာဆီယံနိုင်ငံများတွင် စတုတ္ထမြောက် အများဆုံးအနေအထားတွင် ရှိနေသည်။ ပတ်ဝန်းကျင်နိုင်ငံများအနက် အချို့မှာ ရောဂါပိုးကူးစက်ပျံ့နှံ့မှုသည် မိမိတို့နိုင်ငံထက် များစွာဆိုးရွားသည့် အခြေအနေတွင် ရှိနေသည်မှာ ဂရုပြုဖွယ်ရာဖြစ်သည်။ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကြောင့် စောင့်ကြပ်ကြည့်ရှုမှုတွင် ဓာတ်ခွဲစစ်ဆေးမှု ၁၀၀၀ ကျော်ခန့်ကိုသာ ပြုလုပ်နိုင်သည့်အတွက် ရောဂါဓာတ်ခွဲအတည်ပြုလူနာ တွေ့ရှိမှုလည်း နည်းပါးလျက်ရှိရာ နိစ္စဓူဝ နေထိုင်သွားလာလှုပ်ရှားမှုတွင် ကျန်းမာရေး အသိ သတိတို့ ကပ်ထားရန် လိုအပ်လျက်ပင် ရှိနေသေးသည်။

နိုင်ငံအတွင်း တည်ငြိမ်မှု အခြေအနေ ဖြစ်ပေါ်လာသည်နှင့်အမျှ ကူးသန်းသွားလာမှုများ၊ ရောင်းဝယ်ဖောက်ကားမှုများ၊ အပန်းဖြေနားနေခရီးသွားလာမှုများ ပိုမိုပြုလုပ်လာကြမည်ဖြစ်ရာ ကိုဗစ်-၁၉ ကူးစက်မှုကာကွယ်ရေးကို လူတိုင်း လူတိုင်း ဆက်လက်စွဲကိုင်ကျင့်သုံးကြရန် မဖြစ်မနေ လိုအပ်နေဦးမည်ဖြစ်သည်။ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ခြင်း၊ လူစုလူဝေးအနား မသွားဘဲ ရှောင်ရှားခြင်း၊ လက်များကို ဆပ်ပြာ၊ ရေတို့ဖြင့် စနစ်တကျ မကြာမကြာ ဆေးကြောခြင်း၊ တစ်ယောက်နှင့်တစ်ယောက် ခြောက်ပေအကွာမှ နေထိုင်ပြောဆိုဆက်ဆံခြင်းဟူသော လွယ်ကူရိုးရှင်းသလောက် ထိရောက်လှသည့် ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများကို မပျက်မကွက် ဆက်လက်ကျင့်သုံးကြရပါမည့်အကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့်ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာ ဝင်းနိုင်<br>ပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင်<br>တက္ကသိုလ်<br>အဆင့်မြင့်ပညာ<br>ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာ နေဝင်းဦး<br>ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်<br>အကဲဖြတ်ရေးအဖွဲ့<br>(သုတေသန)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမြင့်သူရ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်<br>ကူးသန်းရောင်းဝယ်ရေး<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်<br>ကူးသန်းရောင်းဝယ်ရေး<br>ဝန်ကြီးဌာန |
| (ခ) | ဦးကျော်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံ<br>တိုင်းရင်းသားဘာသာစကား<br>ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာ တင်တင်မိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာ<br>ဦးစီးဌာန<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန |
| (ဃ) | ပါမောက္ခ<br>ဒေါက်တာသိန်းဇော်လင်း<br>ပါမောက္ခ/ဌာနမှူး<br>(ဆေးပညာဌာန)<br>တိုင်းရင်းဆေးတက္ကသိုလ်<br>(မန္တလေး)<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန | ပါမောက္ခချုပ်<br>တိုင်းရင်းဆေးတက္ကသိုလ်<br>(မန္တလေး)<br>တိုင်းရင်းဆေးပညာ<br>ဦးစီးဌာန<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန |
| (င) | ဦးလှထွန်းဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(တည်ဆောက်ရေး)<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေး<br>ဝန်ကြီးဌာန |
| (စ) | ဦးနေဝင်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်/<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>လူမှုဝန်ထမ်း၊<br>ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေး<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေး<br>ဦးစီးဌာန<br>လူမှုဝန်ထမ်း၊<br>ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန |
| (ဆ) | ဒေါ်နိုင်ရွှေဝါ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စာရင်းဌာန<br>မြန်မာနိုင်ငံတော်<br>ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>စာရင်းဌာန<br>မြန်မာနိုင်ငံတော်<br>ဗဟိုဘဏ် |

## ဘွဲ့လွန်သင်တန်းဝင်ခွင့်များ လျှောက်ထားနိုင်

နေပြည်တော် ဧပြီ ၁

၂၀၂၁ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့် ဆေးပညာနှီးနွှယ် တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဧပြီလ (၃၀) ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေးအစီအစဉ် ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန (တယ်လီဖုန်းအမှတ် - ၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၀၆၃၆-လိုင်းခွဲ/၈၃၂) သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ၂၀၂၁ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းအား ကြည့်ရှုစဉ်။

သတင်းစဉ်

* ရှေ့ဖုံးမှ

ရောက်ရှိရာ ၂၀၂၁ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းအား LED Display Board ဖြင့် ရှင်းလင်းပြသသည်။

### ခင်းကျင်းပြသထား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်ရှိ ကျောက်စိမ်း တင်ဒါဖွင့်ဖောက်မည့် အခန်းများ၊ CCTV Control Room ၊ ကျောက်မျက်အရိုင်းတွဲများ၊ ကျောက်မျက်အချောထည်များ၊ လက်ဝတ်ရတနာများ ခင်းကျင်းပြသထားရှိမှု အခြေအနေများကို လည်းကောင်း၊ မဏိရတနာ ကျောက်စိမ်းခန်းမ မြေညီထပ်ရှိ ပုလဲအတွဲများ ခင်းကျင်းပြသထားရှိမှုနှင့် မဏိရတနာကျောက်စိမ်းခန်းမ အပြင်သတ်မှတ်နေရာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို လည်းကောင်း လှည့်လည်ကြည့်ရှုရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

### ရောင်းချပေးသွားမည်ဖြစ်

၂၀၂၁ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဧပြီ ၁ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပုလဲအတွဲ ၃၁၇ တွဲ၊ ကျောက်စိမ်းအတွဲ ၂၃၄၈ တွဲ၊ ကျောက်မျက်အတွဲ ၁၉၉ တွဲ တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်းရတနာကုန်သည်များအား ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုရာထူးဝန်အဖွဲ့ (၈၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၁


**ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၈၄)နှစ်မြောက် အဖွဲ့စတင်ဖွဲ့စည်းတည်ထောင်သောနေ့ (Foundation Day) အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)ရှိ စုပေါင်းခန်းမ၌ Coronavirus Disease 2019(COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။ (အောက်ပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေ၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးစစ်အေး၊ ဦးဆန်းမြင့်နှင့်ဇနီး၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်နှင့်ဇနီး၊ အဖွဲ့ဝင် (ငြိမ်း) ဦးခင်မောင်အေးနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးညီညီစံ၊ အဖွဲ့ရှိ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေက အဖွဲ့နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ခြင်း အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ရာ ဝန်ထမ်းလုပ်သက် နှစ် (၃၀) ပြည့်သူများကို ဆုများချီးမြှင့်ခြင်း၊ ဝန်ထမ်းများသို့ အမှတ်တရလက်ဆောင် ယူနီဖောင်းဝတ်စုံများ ချီးမြှင့်ခြင်း၊ အဖွဲ့အဆင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ ရုံးလုပ်ငန်းလက်စွဲ ရေးဖြေစာမေးပွဲ ထူးချွန်ဆုရရှိသူဝန်ထမ်းများအား ဆုများချီးမြှင့်ခြင်း၊ နေပြည်တော် ဝန်ထမ်းအိမ်ရာများတွင် အိမ်ခန်းအလိုက် သန့်ရှင်းသပ်ရပ်မှုအကောင်းဆုံး ဆုရရှိသူများကို ဆုများချီးမြှင့်ခြင်း၊ မီးဘေးလုံခြုံရေးဆိုင်ရာ မီးငြိမ်းသတ်စက် ကိုင်တွယ်အသုံးပြုခြင်း ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲဆုရရှိသူများကို ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ပြီး ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့်ဇနီးတို့မှ ချီးမြှင့်သော အထူးကံစမ်းမဲပေါက်သူများကို ဆုများချီးမြှင့်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကာ ဝန်ထမ်းများအား ကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မြို့သာစက်မှုဇုန်အတွင်းရှိ စက်ရုံများ လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုအားပေး

မန္တလေး မေ ၁

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်အတွင်းရှိ မြို့သာစက်မှုဇုန်သို့ သွားရောက်၍ မြို့သာစက်မှုဇုန် တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်မှုဇုန်အတွင်းရှိ စက်ရုံများ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

မြို့သာစက်မှုဇုန်သို့ရောက်ရှိစဉ် မန္တလေး မြို့သာစက်မှုဖွံ့ဖြိုးတိုးတက်ရေးအများပိုင် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်နှင့် မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာ ထွန်းထွန်းအောင်တို့က စက်မှုဇုန်စတင်တည်ထောင်ခဲ့သည့် အချိန်မှစ၍ လက်ရှိအချိန်အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ပြည်ထောင်စုဝန်ကြီးအား ရှင်းလင်းတင်ပြသည်။

**တိုးချဲ့ဆောင်ရွက်**

အဆိုပါ ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြို့သာစက်မှုဇုန်သည် ကုန်းလမ်း ၊ ရေလမ်း၊ လေကြောင်းလမ်း ဆုံရာတွင် တည်ရှိခြင်း၊ မြန်မာနိုင်ငံ၏ အနာဂတ် ဖွံ့ဖြိုးမှုဝင်ရိုး (Growth Pole) တစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီးအတွင်း တည်ရှိနေခြင်း စသည့် အားသာချက်များရှိပါကြောင်း၊ ဤစက်မှုဇုန်သည် မြန်မာပြည်အထက်ပိုင်းတွင် ရင်းနှီးတည်ဆောက်သူ (Developer)၏ ရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုဇုန်တစ်ခုတွင် ပါရှိရမည့် အခြေခံအဆောက်အအုံများ ပြည့်စုံအောင် တည်ဆောက်ထားသည့် စက်မှုဇုန်ဖြစ်ကာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၂၀၁၂ ခုနှစ်ကတည်းက ခွင့်ပြုမိန့်ထုတ်ပေးထားသည့် စက်မှုဇုန်ဖြစ်၍ ဤဇုန်အတွင်းတွင် ရင်းနှီးမြှုပ်နှံမှုများကို ယုံကြည်စိတ်ချစွာ ဆောင်ရွက်နိုင်ပါကြောင်း၊ လက်ရှိရင်းနှီးမြှုပ်နှံ နေသူများလည်း အဆင်ပြေစွာ ရင်းနှီးမြှုပ်နှံနိုင်ကြောင်းသိရသဖြင့် လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရန် အားပေးလိုကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် မိမိတို့၏ ဝန်ကြီးဌာနက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှုကို ချောမွေ့သွက်လက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ထုံးလုပ်နည်းဆိုင်ရာ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေပါကြောင်း။



**ပံ့ပိုးကူညီပေးမည်**

အထူးသဖြင့် လုပ်ငန်းများလည်ပတ် ဆောင်ရွက်နေကြသူများအနေဖြင့် အစိုးရဌာန/ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရသည့်ကိစ္စများ ပိုမိုချောမွေ့စေအောင်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ထိုနည်းတူ လုပ်ငန်းတိုးချဲ့ခြင်း၊ လုပ်ငန်းသစ်ထူထောင်ခြင်းတို့နှင့် ပတ်သက်၍လည်း အဆင်ပြေချောမွေ့အောင်၊ မြန်ဆန်သွက်လက်စွာ ခွင့်ပြုပေးနိုင်အောင် မလိုအပ်သည့်လုပ်ငန်းအဆင့်များကို လျှော့ချထားပြီးဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင်ကိုဗစ်-၁၉ကြောင့်တစ်ကမ္ဘာလုံး ရင်းနှီးမြှုပ်နှံမှု ၄၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ယခုနှစ်တွင်လည်း ထပ်မံ၍ ၅ ရာခိုင်နှုန်း မှ ၁၀ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်သည်ဟု ခန့်မှန်းချက်များ ရှိပါကြောင်း၊ စိန်ခေါ်မှုများ ရှိနေသော်လည်း မိမိတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းတစ်ခု ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့သာစက်မှုဇုန် အုပ်ချုပ်မှုအဖွဲ့အနေဖြင့် နိုင်ငံတွင်းနှင့် ပြည်ပတွင် ကျင်းပသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အစီအစဉ်များတွင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများရှိပြီးဖြစ်ခြင်းကြောင့် ဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားစေလိုပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနက လိုအပ်သည်များ ပံ့ပိုးကူညီပေးမည်ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်မှုဇုန်အတွင်းရှိ Gold AYA Motors International Group Co., Ltd ၏ မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ Japfa Comfeed Myanmar Pte., Ltd ၏ မျိုးခြံနှင့် သားပေါက် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ Mandalay Baoshan Myotha Industrial Development Co., Ltd ၏ Construction and Leasing warehouse and standard factory လုပ်ငန်းများ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုအားပေးသည်။ (အပေါ်ပုံ)

အဆိုပါ ခရီးစဉ်အတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ကြသည်။ သတင်းစဉ်

○ရှေ့ဖုံးမှ

လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် မေလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသ ဖြစ်စဉ်များအား အထူးဂရုပြု နေထိုင်သွားကြပါရန် ကြိုတင်သတိပေး နှိုးဆော်အပ်ပါသည်။ မိုး/ဇလ

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

မန္တလေး မေ ၁ - နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

# မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှုမှ တစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်သည့်အဆင့်သို့ ကူးစက်အသွင်ပြောင်းလာ

ဆူပူဆန္ဒပြမှုဖြစ်စဉ်များအားလုံးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြင့် အင်အားအနည်းဆုံးနှင့် အသက်သာဆုံးဖြစ်အောင် ထိန်းသိမ်း ဆောင်ရွက်နေကြောင်း၊ ယခုအခါ ဆူပူဆန္ဒပြသည့်အဆင့်မှ မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှုအဆင့်များမှတစ်ဆင့် ပွိုင့် ၂၂ သေနတ်၊ တူမီးသေနတ်၊ လေသေနတ်၊ လက်လုပ်သေနတ်၊ လက်လုပ်လက်ပစ်ဗုံးများ၊ မီးပုလင်း၊ မီးကွင်းကဲ့သို့သော အဖျက်အမှောင့်လက်နက်များကို ကိုင်စွဲ၍ နိုင်ငံတော်အုပ်ချုပ်ရေး အဆောက်အဦများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာ အဆောက်အဦများအပြင် ရိုးသားအေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်းများ၊ ဝင်ရောက်စီးနင်းရန် ကြိုးပမ်းအားထုတ်မှုများ စသည့် လက်နက်ကိုင်အကြမ်းဖက်သည့်အဆင့်သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရှိလာရကြောင်း၊ ထို့ပြင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်ထားသော စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်လာခြင်းတို့ ပြုလုပ်လာကြောင်း၊ ထို့ကြောင့် မည်သို့မျှ မတတ်သာသည့်အဆုံး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ် နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တို့တွင် စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန်ဆောင်ရွက်ခဲ့ရကြောင်း၊ လူငယ်လူရွယ်များကို အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု ကင်းမဲ့စေသည့် လုပ်ဆောင်ချက်များလုပ်ဆောင်လာစေရန်၊ ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်လာစေရန် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများ လုပ်ဆောင်နေသည်ကို တွေ့မြင်ရပြီး နိုင်ငံတော်အတွက် အန္တရာယ်ရှိသည့် လုပ်ရပ်များပင်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀-၃-၂၀၂၁ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## မိမိတို့ကျင်လည်ရာ ပတ်ဝန်းကျင်ကို ကျော်လွန်ထိုးဖောက်ကြည့်မြင်နိုင်စွမ်းရှိသည့် ကျောင်းသား ကျောင်းသူများဖြစ်အောင် သင်ကြားပေးရန် အရေးကြီး

နေပြည်တော် ဧပြီ ၁

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာ အထက်တန်းကျောင်းနှင့် ဇမ္ဗူသီရိမြို့နယ် အမှတ် (၇)အခြေခံပညာ အထက်တန်းကျောင်းတို့တွင် ဖွင့်လှစ်ထားသည့် အခြေခံပညာအလယ်တန်းအဆင့် သင်ရိုးသစ် Grade -7၊ အခြေခံပညာအထက်တန်းအဆင့်သင်ရိုးသစ် Grade -10 မြို့နယ်အဆင့် မွမ်းမံသင်တန်းများသို့ သွားရောက်၍ လှည့်လည်ကြည့်ရှုအားပေးသည်။ (အောက်ပုံ)

### ပြုစုပျိုးထောင်

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ယခုမွမ်းမံသင်တန်းတွင် သင်ရိုးသစ်ဘာသာရပ်အလိုက် သင်ကြားနည်းစနစ်များကို ဆရာလမ်းညွှန်စာအုပ်ကို အခြေခံကာ ဆွေးနွေးပို့ချပေးလျက် ရှိပါကြောင်း၊ သမိုင်း၊ ပထဝီဝင်စသည့် မိမိတို့တာဝန်ကျရာ ဘာသာရပ်များနှင့်ပတ်သက်၍ ဘာသာရပ်ကို ပိုမိုကျွမ်းကျင်တတ်မြောက်အောင် အမြဲလေ့လာ ကြိုးပမ်းနေရန် လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများကို သင်ကြားရာတွင် မိမိအားပညာသင်ကြားပေးသည့် ဆရာ ဆရာမများနှင့် မိဘများ အပေါ် ရှိသေလေးစား၍ ကျေးဇူးတရားသိတတ်သည့် နိုင်ငံအတွက်အားထားရသောလူရည်ချွန် လူရည်မွန် များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြစေလိုပါကြောင်း၊ မိမိတို့ကျင်လည်ရာ ပတ်ဝန်းကျင်ကို ကျော်လွန်ထိုးဖောက်ကြည့်မြင်နိုင်စွမ်းရှိသည့် ကျောင်းသား ကျောင်းသူများဖြစ်အောင် သင်ကြားပေးရန် အရေးကြီးပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ဘယ်နေရာ ဘယ်အခြေအနေမှာပဲရှိရှိ စိတ်စေတနာကောင်းရှိရန်နှင့် ကိုယ်ချင်းစာစိတ်၊ စာနာစိတ်ထားကာ မိမိတာဝန်ယူသည့် အလုပ်အပေါ် ကြိုးစား ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ မိမိတို့ကျောင်းအုပ်ကြီး မပါသော်လည်း မိမိကျောင်းနှင့် ကျောင်းသား ကျောင်းသူများ၏ လိုအပ်ချက် အခက်အခဲများကို တင်ပြနိုင်ပါကြောင်း၊ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စာသင်ဆောင်၊ စာသင်ခုံ၊ စာသင်ခန်း၊ စာကြည့်တိုက်၊ ရေစင်၊ ရေ၊ မီး စသည်များနှင့် ကျောင်းသား ဆရာအချိုးအစ သန့်စင်ခန်း စသည်များကိုလည်း အလျင်အမြန် ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းဖွင့်အမီ မိမိတို့ကျောင်း ဥပမိရပ်ကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်သာယာရေးတို့အတွက်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ကျောင်းသား ကျောင်းသူများကလည်း မိမိကျောင်း၊ မိမိစာသင်ခန်းကို သန့်ရှင်းသပ်ရပ်အောင် ထိန်းသိမ်းတတ်သော စည်းကမ်းရှိသည့်အလေ့အကျင့်ကောင်းများကို ပြုစုပျိုးထောင်ပေးကြစေလိုပါကြောင်း မှာကြားသည်။



### လှည့်လည်ကြည့်ရှုအားပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘာသာရပ်ဆိုင်ရာ သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး သင်တန်း တက်ရောက်လာသည့် ဆရာ ဆရာမများက သိရှိလိုသည်များကို မေးမြန်းကာ ကျောင်းလိုအပ်ချက်များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြား၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အမှန်တရားကို ကြာရှည်ဖုံးကွယ်ထား၍မရပါ

--- ဘမောင်တိုး ---

**"အမှန်က အမှား၊ အမှားက အမှန်ဖြစ်စေတဲ့ အဓိကတွန်းအားပေးတဲ့ အကြောင်းရင်းတစ်ခုက လူမှုကွန်ရက်ပေါ်က ပြည်တွင်း၊ ပြည်ပမီဒီယာတွေနဲ့ ပြည်သူတွေရဲ့ လူမှုကွန်ရက်ပေါ်က ခံစားတင်ပြချက်တွေကြောင့်ပဲ ဖြစ်ပါတယ်။ ဖိလေကြွလေ၊ ကြွလေထိလေ ဖြစ်ရပ်တွေဟာ အမှန်ကို အမှား၊ အမှားကို အမှန်ဖြစ်စေတဲ့ အကြောင်းရင်းတွေပဲ ဖြစ်ပါတယ်။ အမှားကြာရင် အမှန်ဖြစ်ဆိုတဲ့ စကားအတိုင်း အချိန်တိုအတွင်းမှာပဲ အမှားတွေဟာ အမှန်ဖြစ်နေတာဟာ နိုင်ငံအတွက် များစွာစိတ်မကောင်းစရာပါပဲ။ ဖျက်လိုဖျက်ဆီးလုပ်လိုသူတွေရဲ့ သွေးထိုး မှုံ့းတိုက်ပေးမှုတွေကြောင့် အကြမ်းဖက်သူတချို့ ထိပ်တိုက်ရင်ဆိုင်ကြတွေ့ကြလို့ ထိခိုက်နစ်နာ သေကျေပျက်စီးနေချိန်မှာ အပြစ်မဲ့ပြည်သူတွေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေလည်း ထိခိုက်ဒဏ်ရာရ သေဆုံးနေကြရပါတယ်။ ဒါတွေကို ဝမ်းမြောက်ဝမ်းသာ အားရစရာဖြစ်နေကြတဲ့သူတွေကတော့ နောက်ကွယ်က ဆရာကြီးတွေ၊ လက်မည်းကြီးတွေနဲ့ ပြည်တွင်း၊ ပြည်ပက ပုဆိန်ရိုးတွေပဲ ဖြစ်ပါတယ်"**

မျက်မှောက်ကာလမှာ အမှန်က အမှား၊ အမှားက အမှန် ဖြစ်နေကြတာဟာ "အများညီ 'ဤ' ကို 'ကျွဲ' ဖတ်" သလို ဆိုရမှာပါ။ အများက တညီတညွတ်တည်း လက်ခံရင် အက္ခရာ "ဤ" ကိုပင် "ကျွဲ" လို့ တညီတညွတ်တည်း ပညတ်လိုက်တဲ့အတိုင်း အားလုံးက ဤကို "ကျွဲ" "ကျွဲ" လို့ ဆိုကြပါတယ်။ ဘယ်လိုပင် "ဤ" ပါလို့ ပြောပြော အများက "ကျွဲ" ပါလို့ ပြောနေကြတာဟာ လူ့ဘောင်လောကမှာ ဖြစ်နေကျလို့ ပြောနိုင်ပါတယ်။ ဒါပေမယ့် အမှန်တရားကို ဘယ်လိုပင် ဖုံးကွယ်ပါစေ၊ တစ်နေ့ကျရင်တော့ အားလုံးက ဤကို ဤအတိုင်း၊ ကျွဲကို ကျွဲအတိုင်း သိလာကြမှာ သေချာပါတယ်။

**မကောင်းတဲ့ဘက်မှာ ကိုင်းညွှတ်တတ်ကြ**

"လူအုပ်စုနဲ့ အကြမ်းဖက်တိုက်ခိုက်နေကြတဲ့ လူတွေ"ကို "ငြိမ်းချမ်းစွာဆန္ဒပြတဲ့ ပြည်သူတွေ"၊ "အပြစ်မဲ့ ပြည်သူတွေ" လို့ ပြောဆိုကြတာတွေကို အများက လက်ခံနေကြတာဟာ ပွဲဦးထွက်မှာ ဇာတ်နာအောင် ဖန်တီးလိုက်လို့ အားလုံးတညီတည်း ဖြစ်နေကြတာလို့ ဆိုနိုင်ပါတယ်။ လူတွေရဲ့ သဘာဝဟာ ရှေးကတည်းက မကောင်းတဲ့ဘက်မှာ ကိုင်းညွှတ်တတ်ကြပါတယ်။ မြတ်စွာဘုရားရှင် လက်ထက်က စစ်မှန်တဲ့ အမှန်တရားကို ဟောကြားတဲ့ ဗုဒ္ဓဆီကို သွားလိုတဲ့သူတွေ ဘယ်လောက်ပဲရှိနေပါစေ အယူလွဲမှားတဲ့ တိတ္ထိ ဆရာကြီးရဲ့ တပည့်ခံချင်တဲ့လူတွေ အများကြီး ဖြစ်နေသလိုပါပဲ။ ဘယ်လိုပဲ အမှန်လုပ်တာ၊ အဟုတ်ဆိုတာဖြစ်နေပါစေ မမှန်တာကိုမှ အဟုတ်မှတ်တဲ့ လူတွေများနေတာကတော့ ဆုတ်ကပ်ကြောင့်ပါလို့ ပြောရမှာဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အမှန်ကို အမှားလုပ်တာ၊ အမှားကို အများလက်ခံအောင် လုပ်တာတွေဟာ သူ့ဘာသာသူ အလိုလိုဖြစ်နေတာ မဟုတ်ဘူးလို့ ပြောနိုင်ပါတယ်။ သဘောရိုးမဟုတ်ဘဲ ရည်ရွယ်ချက်ရှိရှိ လုပ်ခဲ့တာလို့ပဲ ပြောရမှာဖြစ်ပါတယ်။ အယုံလွယ်တတ်တဲ့လောက၊ စိတ်ခံစားချက်များတဲ့လောက၊ ဦးနှောက်နဲ့မစဉ်းစားဘဲ ရင်ဘတ်နဲ့ စဉ်းစားတဲ့လောက၊ လက်ငင်းမျက်စိအောက်ပဲ ကြည့်ပြီး မျက်စိတစ်ဆုံး မကြည့်တဲ့လောကမှာ စည်းရုံးရလွယ်၊ ဖြို့ခွဲရလွယ်၊ မျက်လှည့်ပြရလွယ်၊ အမှန်ကိုအမှား ပြောင်းပြန်လှန်ရ သိပ်လွယ်တဲ့ လောကလို့ ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့် အမှန်က အမှား၊ အမှားက အမှန်ဖြစ်နေကြတာလို့ ပြောချင်ပါတယ်။

ယနေ့အခါမှာ အမှန်က အမှား၊ အမှားက အမှန် ဖြစ်စေတဲ့နည်းလမ်းကတော့ ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေး နည်းလမ်းပါပဲ။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ တပ်မတော်က နိုင်ငံ့တာဝန် မလွှဲမရှောင်သာ စတင်ယူလိုက်ချိန်မှာ ပထမဆုံး အာဏာဖီဆန်ရေး လမ်းကြောင်းပေါ်ကို ရောက်သွားတာဟာ NLD နဲ့ NLD ကို ထောက်ခံတဲ့ နိုင်ငံရေးသမားတွေပါပဲ။ နောက်ကွယ်က လက်မည်းကြီးကတော့ ဘယ်အစိုးရတက်တက် သူတို့အလိုမကျရင် အဖျက်လုပ်ရပ်တွေ လုပ်ကိုင်နိုင်ဖို့ ကြိုတင်ပွဲခင်းထားပြီးဖြစ်ပါတယ်။ ပြည်သူတွေဟာ နိုင်ငံရေးအပြောင်းအလဲဖြစ်သွားတာကို အံ့ဩမိရုံကလွဲလို့ အစက ဘာမှမဖြစ်ကြသေးပါဘူး။ ဖေဖော်ဝါရီလ ၁ ရက်နေ့ နိုင်ငံရေးအပြောင်းအလဲဖြစ်တာနဲ့ NLD က နိုင်ငံရေးသမားတွေက CDM လမ်းကြောင်းကို ချပေးလိုက်တာ တွေ့ရမှာဖြစ်ပါတယ်။

**ပြည်သူတွေကို ဝါဒဖြန့်မှိုင်းတိုက်ပေး**

ပြည်သူတွေကို ဝါဒဖြန့်မှိုင်းတိုက်ပေးပြီး လမ်းမပေါ်ထွက် ဆန္ဒပြဖို့ တွန်းအားပေးလိုက်တာ တွေ့ရပါတယ်။ အစောပိုင်း ဖေဖော်ဝါရီလပထမပတ်အတွင်း ပြည်သူတွေဟာ ငြိမ်းချမ်းစွာ ဆန္ဒပြကြပြီး ဒုတိယပတ်ကစလို့ ဆူပူဆန္ဒပြကြတာတွေ ပြုလုပ်လာကြပါတယ်။ လုံခြုံရေးတပ်ဖွဲ့တွေက ဥပဒေနဲ့အညီ လူစုခွဲဖို့ သတိပေးတဲ့အခါ အကြမ်းဖက်ဆူပူဆန္ဒပြကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီနောက် ထိပ်တိုက်ရင်ဆိုင်တွေ၊ အကြမ်းဖက်ဆန္ဒပြ တိုက်ခိုက်ကြတာတွေပြုလုပ်လာတဲ့အခါမှာ ထိခိုက်တာတွေ ဖြစ်လာတာ သဘာဝပါပဲ။ ဒါပေမယ့် နောက်မဆုတ်ဘဲ ရှေ့ဆက်တိုးလာကြတာတွေ၊ မမြင်နိုင်တဲ့၊ မြင်နိုင်တဲ့ ဘေးပယောဂတွေ ပူးကပ်လာတာတွေနဲ့ ဆူပူအကြမ်းဖက်သူတွေ ထိခိုက်တာ၊ သေဆုံးတာ၊ အန္တရာယ်ရှိတဲ့ အဝန်းအဝိုင်းထဲကို သိလျက်နဲ့ဖြစ်စေ၊ မသိဘဲဖြစ်စေ ဝင်လာလို့ အဖမ်းခံရတာ၊ ထိခိုက်တာ၊ သေဆုံးတာတွေဖြစ်လာတော့ မခံမရပ်နိုင်အောင် ဒေါသပေါက်ကွဲလာကြတာဟာ အမှန်က အမှား၊ အမှားက အမှန်ဖြစ်လာစေတဲ့ အကြောင်းရင်းခံတွေ ဖြစ်ပါတယ်။

အမှန်က အမှား၊ အမှားက အမှန်ဖြစ်စေတဲ့ အဓိကတွန်းအားပေးတဲ့ အကြောင်းရင်းတစ်ခုက လူမှုကွန်ရက်ပေါ်က ပြည်တွင်း၊ ပြည်ပမီဒီယာတွေနဲ့ ပြည်သူတွေရဲ့ လူမှုကွန်ရက်ပေါ်က ခံစားတင်ပြချက်တွေကြောင့်ပဲ ဖြစ်ပါတယ်။ ဖိလေကြွလေ၊ ကြွလေထိလေ ဖြစ်ရပ်တွေဟာ အမှန်ကို အမှား၊ အမှားကို အမှန်ဖြစ်စေတဲ့ အကြောင်းရင်းတွေပဲ ဖြစ်ပါတယ်။ အမှားကြာရင်အမှန်ဖြစ်ဆိုတဲ့ စကားအတိုင်း အချိန်တိုအတွင်းမှာပဲ အမှားတွေဟာ အမှန်ဖြစ်နေတာဟာ နိုင်ငံအတွက် များစွာစိတ်မကောင်းစရာပါပဲ။ ဖျက်လိုဖျက်ဆီးလုပ်လိုသူတွေရဲ့ သွေးထိုးမှုံ့းတိုက်ပေးမှုတွေကြောင့် အကြမ်းဖက်သူတချို့ ထိပ်တိုက်ရင်ဆိုင်ကြတွေ့ကြလို့ ထိခိုက်နစ်နာ သေကျေပျက်စီးနေချိန်မှာ အပြစ်မဲ့ပြည်သူတွေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေလည်း ထိခိုက်ဒဏ်ရာရ သေဆုံးနေကြရပါတယ်။ ဒါတွေကို ဝမ်းမြောက်ဝမ်းသာ အားရစရာဖြစ်နေကြတဲ့သူတွေကတော့ နောက်ကွယ်က ဆရာကြီးတွေ၊ လက်မည်းကြီးတွေနဲ့ ပြည်တွင်း၊ ပြည်ပက ပုဆိန်ရိုးတွေပဲ ဖြစ်ပါတယ်။

ဒီကြားထဲမှာ ပွဲလန့်တုန်းဖျာခင်းကြတဲ့သူတွေ၊ တောမီးလောင် တောကြောင်လက်ခမောင်းခတ်တဲ့သူတွေလည်း ပါဝင်လာကြတာကို တွေ့ရပါတယ်။ ပြည်တွင်းမှာ ပြည်သူတွေ ကျီးလန့်စာစား ဖြစ်နေကြပြီး သူ့မယုံ ကိုယ့်မယုံ ဖြစ်နေကြတဲ့အချိန်၊ ဟိုတစ်ကွက် သည်တစ်ကွက် ထိပ်တိုက်တွေ့ဆုံ အာဏာဖီဆန်ကြတာတွေ၊ ပြည်သူကြားထဲက ဒုစရိုက်သမားတွေ၊ အကြမ်းဖက်သမားလူမိုက်တွေ တစ်စခန်းထလာကြလို့ စိုးရိမ်ထိတ်လန့်မှုတွေနဲ့ မရေမရာဖြစ်နေချိန်မှာ ကုလသမဂ္ဂပဲ လာတော့မလို၊ R2P ပဲ ဝင်လာတော့မလို၊ သူတို့ရဲ့ စိတ်ကူးယဉ် ဖက်ဒရယ်တပ်မတော်ကြီးပဲ ရောက်လာတော့မလို သကြံန်အမြောက်တွေ တရစပ်ပစ်ဖောက်ပေးနေပါတယ်။ ပြည်သူတွေ ဒုက္ခပင်လယ်ဝေနေချိန်မှာ ကျည်ကွယ်မျက်ကွယ် လွတ်မြောက်ရာနေရာက တရားမဝင်ဖွဲ့စည်းထားတဲ့ CRPH က ပြည်သူနဲ့ တစ်သားတည်းရှိနေပါတယ်လို့ ပြောလိုက်တာကတော့ ယုတ္တိမရှိတဲ့ လိမ်ညာလှည့်ဖြားမှုပါပဲ။

ပိုင်နက်နယ်မြေ၊ ပြည်သူ၊ အချုပ်အခြာအာဏာ ဘယ်နေရာမှာရှိမှန်းမသိတဲ့ CRPH က ဧပြီလ ၁ ရက်နေ့ကစလို့ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုကြပါလို့ ပြောကြတာတွေဟာ ရယ်စရာပုံပြင်ဇာတ်လမ်းတွေလိုပါပဲ။ ပြည်ပက ဆရာကြီးတွေနဲ့ လက်မည်းကြီးတွေ၊ ပြည်တွင်း၊ ပြည်ပက ပုဆိန်ရိုးတွေ သွေးထိုးမြှောက်ပင့်ပေးနေလို့ ပြည်သူတွေ အေးချမ်းစွာ ဘဝရပ်တည်နေထိုင်ရေးအတွက် အခက်အခဲဖြစ်နေချိန်မှာ CRPH က ပြည်သူနဲ့ တစ်သားတည်းရှိပြီး ပြည်သူ့ဆန္ဒကို အကောင်အထည်ဖော်ဖို့အတွက် အလှူငွေများ လက်ခံနေပါတယ်လို့ ကြေညာတာဟာ အချောင်နှိုက်လုပ်ရပ်သာဖြစ်ပါတယ်။ ပြည်တွင်းမှာ တည်ငြိမ်မှုပျက်ပြားပြီး အကြမ်းဖက်ဖျက်ဆီးမှုတွေကြောင့် အလုပ်အကိုင်တွေ ရောင်းဝယ်ဖောက်ကားမှုတွေ ရပ်တန့်နေပြီး စားဝတ်နေရေးအတွက် အခက်အခဲတွေ ဖြစ်နေချိန်မှာ CRPH က အလှူခံထွက်တာဟာ အေးအေးပြတိုက်တာနဲ့ တူပါတယ်။

**ကြာရှည်စွာ ဖုံးကွယ်ထားလို့မရ**

ဘယ်လိုပဲဖြစ်ဖြစ် အမှန်ကို အမှားဖြစ်အောင်၊ အမှားကို အမှန်ဖြစ်အောင် ဝါဒမှိုင်းတိုက်ထားပြီးဖြစ်လို့ ပြည်တွင်းက ပြည်သူတွေက မလှူနိုင်ရင်တောင်မှ ပြည်ပက တပ်မတော်ကို မလိုလားတဲ့သူတွေ၊ အဖွဲ့အစည်းတွေက ဒေါ်လာငွေတွေ လှူကြမှာတော့ သေချာပါတယ်။ ယခုအခါမှာ ဒေါ်လာငွေတွေ ဘယ်နှသန်းရနေပြီလို့ အသံကောင်းဟစ်နေတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အမေရိကန်နိုင်ငံက ဒီလိုပွဲတွေစောင့်ပြီး ထောက်ပံ့ပေးဖို့ အဆင်သင့်ဖြစ်နေတာ အစောပိုင်းကတည်းကပါပဲ။ ပွဲလန့်တုန်းဖျာခင်းတာ ဒါမျိုးပါပဲ။ ပွဲပြီးတော့ ဖျာလိပ်ပြီး ဓိမ်ကျနေတဲ့ ရှေးကပြည်ပြေးတွေရဲ့ ဇာတ်လမ်းတွေ အများကြီးရှိခဲ့ပါတယ်။ မြန်မာနိုင်ငံ တိုးတက်ဖို့အတွက်တော့ လှူဖို့တန်းဖို့ ကူညီဖို့ စိတ်မရှိပေမယ့် မြန်မာနိုင်ငံပျက်စီးရေးအတွက် ငွေအား၊ စိတ်ဓာတ်အားပေးနေတာကို အမေကျော် ဒွေးတော်လွမ်းသူတွေက ဘုမသိ ဘမသိနဲ့ အားရကျေနပ်နေတာတွေ့တော့ အော့နှလုံးနာမိပါတယ်။ အဲဒီလို ကျေနပ်အားရနေသူတွေထဲမှာ ပညာတတ်၊ ပညာရှင်လို့ပြောတဲ့ လူတန်းစားတွေ၊ အသက်သာကြီးပြီး အချိန်မစီး မရင့်ကျက်သူတွေ၊ အတွေးအခေါ် အားနည်းသူတွေကို တွေ့ရလို့လည်း မြန်မာနိုင်ငံအရေးအတွက် ရင်လေးမိပါသေးတယ်။

အဆိုးမြင်ဝါဒမှိုင်း တိုက်ခံထားရတဲ့အဖြစ်ကို ပြန်လည်ပြီးဆေးကြောပေးဖို့ဆိုတာ မလွယ်တဲ့ ကိစ္စ ဖြစ်ပါတယ်။ အမှန်ကို အမှား၊ အမှားကို အမှန် အများညီရင် ဤကို ကျွဲဖြစ်အောင် လုပ်ခံထားရတာကို ချက်ချင်းလက်ငင်းကုစားလို့ မရနိုင်သေးပါ။ သို့သော်လည်း အမှန်တရားကို ကြာရှည်စွာ ဖုံးကွယ်ထားလို့မရပါ။ အချိန်တန်ရင် အမှန်တရားများ ပြန်လည်ပေါ်ပေါက်လာမယ်လို့ ယုံကြည်ထားကြောင်းပါခင်ဗျာ။ ။

"ဘယ်လိုပဲဖြစ်ဖြစ် အမှန်ကို အမှားဖြစ်အောင်၊ အမှားကို အမှန်ဖြစ်အောင် ဝါဒမှိုင်းတိုက်ထားပြီးဖြစ်လို့ ပြည်တွင်းက ပြည်သူတွေက မလှူနိုင်ရင် တောင်မှ ပြည်ပက တပ်မတော်ကို မလိုလားတဲ့ သူတွေ၊ အဖွဲ့အစည်းတွေက ဒေါ်လာငွေတွေ လှူကြမှာတော့ သေချာပါတယ်။ ယခုအခါမှာ ဒေါ်လာငွေတွေ ဘယ်နှသန်းရနေပြီလို့ အသံကောင်းဟစ်နေတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အမေရိကန်နိုင်ငံက ဒီလိုပွဲတွေစောင့်ပြီး ထောက်ပံ့ပေးဖို့ အဆင်သင့်ဖြစ်နေတာ အစောပိုင်းကတည်းကပါပဲ။ ပွဲလန့်တုန်းဖျာခင်းတာ ဒါမျိုးပါပဲ။ ပွဲပြီးတော့ ဖျာလိပ်ပြီး ဓိမ်ကျနေတဲ့ ရှေးကပြည်ပြေးတွေရဲ့ ဇာတ်လမ်းတွေ အများကြီးရှိခဲ့ပါတယ်။ မြန်မာနိုင်ငံ တိုးတက်ဖို့အတွက်တော့ လှူဖို့တန်းဖို့ ကူညီဖို့ စိတ်မရှိပေမယ့် မြန်မာနိုင်ငံပျက်စီးရေးအတွက် ငွေအား၊ စိတ်ဓာတ်အားပေးနေတာကို အမေကျော် ဒွေးတော်လွမ်းသူတွေက ဘုမသိ ဘမသိနဲ့ အားရကျေနပ်နေတာတွေ့တော့ အော့နှလုံးနာမိပါတယ်။ အဲဒီလို ကျေနပ်အားရနေသူတွေထဲမှာ ပညာတတ်၊ ပညာရှင်လို့ပြောတဲ့ လူတန်းစားတွေ၊ အသက်သာကြီးပြီး အချိန်မစီး မရင့်ကျက်သူတွေ၊ အတွေးအခေါ် အားနည်းသူတွေကို တွေ့ရလို့လည်း မြန်မာနိုင်ငံအရေး အတွက် ရင်လေးမိပါသေးတယ်"

# အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် (၁၇) ကြိမ်မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးအစည်းအဝေးသို့ တက်ရောက်



နေပြည်တော် ဧပြီ ၁

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ယနေ့ ညနေ ၄ နာရီတွင် video conference ဖြင့် ကျင်းပသည့် (၁၇) ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။ (ယာပုံ)

ပါဝင်တက်ရောက်

အစည်းအဝေးကို ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး Mr. Dinesh Gunawardena က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသော ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပါဝင်တက်ရောက်လာကြသည့် ဘင်းမ်စတက်အဖွဲ့ဝင်ဝန်ကြီးများက မိန့်ခွန်းပြောကြားကြသည်။

မိန့်ခွန်းပြောကြား

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က မိန့်ခွန်းပြောကြားရာတွင် ဘင်းမ်စတက်အဖွဲ့ အနေဖြင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ပူးပေါင်းဆောင်ရွက်မှုစွမ်းအားဖြင့် ရင်ဆိုင်ကျော်လွှားရန် လိုအပ်ပါကြောင်း၊ COVID-19 ကပ်ရောဂါကာလလွန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဘေးကင်းလုံခြုံသည့် ပို့ဆောင်ဆက်သွယ်ရေးများ ပြန်လည်စတင်ရေးတို့ကို ဘင်းမ်စတက်လုပ်ငန်းစဉ်တွင် ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်း စားနပ်ရိက္ခာလုံခြုံရေးအတွက် စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သင့်ကြောင်း၊ ထို့နည်းတူ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးကိုလည်း တိုးမြှင့်ဆောင်ရွက်သင့်ကြောင်း၊ ဘင်းမ်စတက်အဖွဲ့၏ COVID-19 ကပ်ရောဂါကာလလွန် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်တွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ထည့်သွင်းဆောင်ရွက်ရန် အလေးထားပြောကြားလိုကြောင်း၊ ဘင်းမ်စတက်၏ ပထမဦးဆုံး ဘင်းမ်စတက် မူးယစ်ဆေးဝါးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာ-၂၀၁၉ ကို မြန်မာနိုင်ငံ၏ ဦးဆောင်မှုဖြင့် ထုတ်ဝေနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အစီရင်ခံစာဖြစ်မြောက်အောင် ပံ့ပိုးကူညီကြသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများကို ကျေးဇူးတင်ရှိကြောင်း၊ ကျင်းပရန်ရှိသော ပဉ္စမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးတွင် လက်မှတ်ရေးထိုးရန်ရှိသည့် ဘင်းမ်စတက်ပဋိညာဉ်စာတမ်းသည် စည်းမျဉ်းကို အခြေခံသည့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ခေတ်သစ်တစ်ခုကို ဖွင့်လှစ်နိုင်မည်သာမက ဘင်းမ်စတက်၏အခြေခံမှုများဖြစ်သည့် ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်မှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှု၊ အပြန်အလှန်လေးစားမှုနှင့် အကျိုးဖြစ်ထွန်းမှု၊ တူညီဆန္ဒ စသည့်အခြေခံမှုများကို ထပ်လောင်း အတည်ပြုနိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းဝေစည်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော ဘင်းမ်စတက်ဒေသကြီး ပေါ်ထွန်းလာရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့် ပြည့်ဝစွာလက်တွဲ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆွေးနွေးအတည်ပြု

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများက ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ် ၁၄ ခုတွင် ဖြစ်ပေါ်တိုးတက်မှုများနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြပြီး ကျင်းပရန်ရှိသော ပဉ္စမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးတွင် အတည်ပြု/လက်မှတ်ရေးထိုးမည့်စာချုပ်စာတမ်းများကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။

အစည်းအဝေး အပြီးတွင် (၁၇) ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေး ပူးတွဲထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။ သတင်းစဉ်

# ရောဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးသူငယ်များ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ် လုပ်ငန်းညှိနှိုင်းစည်းဝေး



နေပြည်တော် ဧပြီ ၁

နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေနှင့် ကမ္ဘာ့ဘဏ်၏ အတိုးနှုန်း သက်သာသော IDA ချေးငွေတို့ ရန်ပုံငွေပိုင်းဆိုင်ရာမျှဝေကျခံပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် (၂) နှစ်အောက်ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပိုင်းဝန်းအကြံပြုဆွေးနွေး

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်ကစ၍ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေနှင့် ကမ္ဘာ့ဘဏ်၏ International Development Association-IDA ချေးငွေတို့ ပေါင်းစပ်ပြီး အကောင်အထည်ဖော်လျက်ရှိသော Maternal and Child Cash Transfer Program – MCCT အစီအစဉ် ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် တက်ရောက်လာကြသူများမှ ပိုင်းဝန်းအကြံပြု ဆွေးနွေးစေလိုပါကြောင်း၊ ပထမအချက်အနေဖြင့် ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ်၏ ပထမ (၃) လပတ် ထောက်ပံ့နိုင်ရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေမှ ထုတ်ယူထားပြီးဖြစ်သော ချေးငွေကို ကမ္ဘာ့ဘဏ်နှင့် ချုပ်ဆိုထားသော စာချုပ်နှင့်သဘောတူညီချက် (Legal Agreements) များ၊ မိမိတို့၏ ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းများနှင့်ညီညွတ်စေရန် မည်ကဲ့သို့ သုံးစွဲသွားမည်ကို ဆွေးနွေးရန် ဖြစ်ပါကြောင်း။

အကြံဉာဏ်ရယူ

ဒုတိယအချက်အနေဖြင့် လက်ရှိဘဏ္ဍာရေးနှစ်တွင် ကမ္ဘာ့ဘဏ်ချေးငွေမှထုတ်ယူသုံးစွဲရန် လျာထားခဲ့ပြီး ဆက်လက်ထုတ်ယူသုံးစွဲရန် ကျန်ရှိနေသည့် ပမာဏကို လျာထားချက်အတိုင်း မည်ကဲ့သို့ ဆက်လက် ထုတ်ယူသုံးစွဲနိုင်မည်ဆိုသည့် ကဏ္ဍကို ဆွေးနွေးရန်ဖြစ်ပါကြောင်း၊ ချေးငွေထုတ်ယူသုံးစွဲမှုနှင့် ပတ်သက်၍ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်တွင် (၂) ကြိမ်နှင့် လက်ရှိ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် (၁) ကြိမ် စုစုပေါင်း (၃) ကြိမ် ထုတ်ယူပြီးဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာန အကောင်အထည်ဖော်နေသော လက်ရှိအစီအစဉ်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းဖြစ်ပြီး ရပ်တန့်၍မရကြောင်း၊ ရပ်တန့်လိုက်ပါက မူလရရှိထားသော အကျိုးကျေးဇူးများပါ အကျိုးမရှိဖြစ်သွားစေနိုင်ကြောင်း၊ အာဟာရဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဖြစ်သည့်အတွက် လျာထားချက်များအတိုင်း ဆက်လက်ဆောင်ရွက်နိုင်ရေး ကမ္ဘာ့ဘဏ်နှင့်မည်ကဲ့သို့ညှိနှိုင်း ဆောင်ရွက်နိုင်မည်ကို ယနေ့အစည်းအဝေးတွင် အကြံဉာဏ်ရယူဆောင်ရွက်သွားလိုခြင်းဖြစ်ပါကြောင်း၊ အသေးစိတ်အချက်အလက်များအား လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆက်လက်ဆွေးနွေးသွားကြမှာ ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က မိမိတို့အစီအစဉ်မှာ အာဟာရဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်နေသည့်အတွက်ကြောင့် ရပ်ဆိုင်း၍မရနိုင်ပါကြောင်း၊ လက်ရှိ မိမိတို့ထုတ်ယူပြီးသော ရန်ပုံငွေအား မည်ကဲ့သို့သုံးစွဲရမည်ကို ဆွေးနွေးစေလိုပါကြောင်း၊ ပြည်သူလူထုကို အဓိကတိုက်ရိုက် အကျိုးသက်ရောက်သည့်အတွက်ကြောင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါကြောင်း၊ သို့ပါ၍ ပိုင်းဝန်းဆွေးနွေးအကြံပေးစေလိုပါကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များ ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ် MCCT နှင့် ပတ်သက်သည့် နောက်ခံအချက်အလက်များ၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အစီအစဉ်များ၊ ရပ်ရွာလူမှုကာကွယ်စောင့်ရှောက်ရေး လူမှုဝန်ထမ်းသမားများ မွေးထုတ်ခြင်းအစီအစဉ်များ၊ ရပ်ရွာလူမှုကာကွယ်စောင့်ရှောက်ရေးကော်မတီများ၊ စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက် တည်ဆောက်ခြင်းအစီအစဉ်များကို ရှင်းလင်းတင်ပြကာ စီမံကိန်းတွင် Component (၃) ခု ပါဝင်ပါကြောင်း၊ ၈၇ ရာခိုင်နှုန်းမှာ အကျိုးခံစားခွင့်ရှိသူများကို ငွေကြေးပံ့ပိုးပေးမည်ဖြစ်၍ တိုက်ရိုက်အကျိုးဖြစ်စေမည်ဖြစ်ပါကြောင်း၊ ကျန်ရာခိုင်နှုန်းများမှာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအတွက်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဌာနဆိုင်ရာများမှ တက်ရောက်လာကြသော သက်ဆိုင်ရာတာဝန်ရှိသူများက ကမ္ဘာ့ဘဏ်ချေးငွေနှင့်ပတ်သက်ပြီး ၎င်းတို့ဌာနများမှ ညှိနှိုင်းဆောင်ရွက်နေမှုများ၊ နိုင်ငံတော်အပိုင်းက

*စာမျက်နှာ ၁၂ သို့*

# ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲကျင်းပ



ရန်ကုန် ဧပြီ ၁

၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ တာဝန်ရှိသူများ၊ စာပေပညာရှင်များ၊ ဆုရရှိကြသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က အဖွင့်အမှာစကား ပြောကြားသည်။ (ယာပုံ)

ထို့နောက် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင် ဦးမောင်လှိုင် (မောင်ဆွေငယ်) က ဆုရွေးချယ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆုများပေးအပ်ချီးမြှင့်

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်၊ ဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင် ဦးမောင်မောင်ဦး (ဟိန်းလတ်)၊ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) နှင့် ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်တို့က ၂၀၁၉ ခုနှစ်အတွက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ)၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ နိုင်ငံရေးစာပေ၊ ပြဇာတ်စာပေ၊ ဘာသာပြန်စာပေ(သုတ)နှင့် ဘာသာပြန်စာပေ(ရသ) ဘာသာရပ်များ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရရှိကြသူများ ကိုယ်စား ဦးရဲခွေး (ရဲခွေး) က ကျေးဇူးတင်စကား ပြောကြားပြီး ဒုတိယဝန်ကြီး၊ တက်ရောက်လာကြသူများနှင့် ဆုရရှိကြသူတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ရွေးချယ်ချီးမြှင့်

ပြန်ကြားရေး ဝန်ကြီးဌာနသည် မြန်မာစာပေလောကတွင် စာကောင်းပေမွန်များ ထွက်ပေါ်လာစေရေးအတွက် ပုံနှိပ်ထုတ်ဝေရန် အခက်အခဲရှိနေသော စာပေကလောင်ရှင်များ၏ စာမူများကို သီးခြားပြိုင်ပွဲ ဖိတ်ခေါ်ကာ စာပေဗိမာန်စာမူဆုအဖြစ် ၁၉၆၉ ခုနှစ်မှ စတင်၍ နှစ်စဉ် ရွေးချယ်ချီးမြှင့်ခဲ့သည်။

၂၀၁၉ ခုနှစ်အတွက် တင်သွင်းသော ပြိုင်ပွဲဝင်စာမူပေါင်း ၂၈၇ စောင်ကို စာမူဆု စိစစ်ရွေးချယ်ရေးမူဝါဒအတိုင်း စနစ်တကျ ဖတ်ရှုစိစစ်ခဲ့ပြီး ဆုရွေးချယ်ရေးအတွက် ဘာသာရပ် ၁၄ မျိုး ရှိသည့်အနက် အင်္ဂလိပ်စာမူဆု ဘာသာရပ်မှလွဲ၍ ကျန်ဘာသာရပ် ၁၃ မျိုးအတွက် ဆုပေါင်း ၂၉ ဆုကို ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ဒုတိယဝန်ကြီး ဦးရဲတင့် ဝတ္ထုရှည် ပထမဆုရ ဆရာ နွေကုံ့ကော်(မြို့လှ) အား ဆုပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေပထမဆုရ ဆရာ လွင်မြန်မာ(မန်းတက္ကသိုလ်) အား ဆုပေးအပ်ချီးမြှင့်စဉ်။



ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင် ဘာသာပြန်စာပေ(ရသ) ပထမဆုရ ဆရာ ဇော်ဦးငြိမ်း အား ဆုပေးအပ်ချီးမြှင့်စဉ်။



ဆရာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) ကလေးစာပေ တတိယဆုရ ဆရာ ထက်ဝေအောင်(စစ်ကိုင်း) အား ဆုပေးအပ်ချီးမြှင့်စဉ်။

## ၂၀၁၉ ခုနှစ် စာပေဗိမာန် စာမူဆုရရှိသူစာရင်း

| စဉ် | ဘာသာရပ် | ဆုအမျိုးအစား | ကလောင်အမည် |
|---|---|---|---|
| ၁ | ဝတ္ထုရှည် | ပထမဆု | နွေကုံ့ကော်(မြို့လှ) |
| ၂ | ဝတ္ထုရှည် | ဒုတိယဆု | မောင်အင်း(ဥက္ကံ) |
| ၃ | ဝတ္ထုရှည် | တတိယဆု | သဉ္ဇာလှိုင်(လားရှိုး) |
| ၄ | ဝတ္ထုတို | ပထမဆု | နန္ဒာခင်(သင်္ဃလမြေ) |
| ၅ | ဝတ္ထုတို | ဒုတိယဆု | သက်သက်နွယ် |
| ၆ | ဝတ္ထုတို | တတိယဆု | သောင်းမြင့်ဦး(ကွမ်းခြံကုန်း) |
| ၇ | ကဗျာပေါင်းချုပ် | ပထမဆု | ယဉ်ယဉ်(မင်းကန်) |
| ၈ | ကဗျာပေါင်းချုပ် | ဒုတိယဆု | ချစ်စုအောင် |
| ၉ | သုတ(ဝိဇ္ဇာ) | ပထမဆု | ရဲမင်းထက်(မြန်မာစာ) |
| ၁၀ | သုတ(ဝိဇ္ဇာ) | ဒုတိယဆု | လှိုင်းနန္ဒာ(တမာမြေ) |
| ၁၁ | သုတ(သိပ္ပံ) | ပထမဆု | ဒေါက်တာဆုမွန်လွင် |
| ၁၂ | သုတ(သိပ္ပံ) | ဒုတိယဆု | မောင်အောင် |
| ၁၃ | စာပဒေသာ | ပထမဆု | ဦးရဲခွေး |
| ၁၄ | စာပဒေသာ | ဒုတိယဆု | ကိုညိုကြီး |
| ၁၅ | စာပဒေသာ | တတိယဆု | တင့်ထွန်း(ချောက်) |
| ၁၆ | ယဉ်ကျေးမှု | ပထမဆု | လွင်မြန်မာ(မန်းတက္ကသိုလ်) |
| ၁၇ | ယဉ်ကျေးမှု | ဒုတိယဆု | မိုးမြင့်ဝင်း(မဟာဝိဇ္ဇာ) |
| ၁၈ | ယဉ်ကျေးမှု | တတိယဆု | မင်းဇေဒါ(မှင့်ဖြူ) |
| ၁၉ | ကလေး | ပထမဆု | ကန့်ဘလူခင်မောင်ဆွေ |
| ၂၀ | ကလေး | ဒုတိယဆု | ကိုထွန်းရင်(အဏ္ဏဝါ) |
| ၂၁ | ကလေး | တတိယဆု | ထက်ဝေအောင်(စစ်ကိုင်း) |
| ၂၂ | လူငယ် | ပထမဆု | ရန်ကုန်ငွေဇော် |
| ၂၃ | လူငယ် | ဒုတိယဆု | အေပရယ်ယုနိုင်(ရွှေတောင်) |
| ၂၄ | လူငယ် | တတိယဆု | ကိုရွှေရင်အေး |
| ၂၅ | နိုင်ငံရေး | ဒုတိယဆု | စွဲသန်းသျှင်(သုံးဆယ်) |
| ၂၆ | ပြဇာတ် | ဒုတိယဆု | မောင်မြေနီ(တမာတော) |
| ၂၇ | ပြဇာတ် | တတိယဆု | ရွှေရင်းမာ |
| ၂၈ | ဘာသာပြန်(သုတ) | ပထမဆု | ဒီပံလင်း |
| ၂၉ | ဘာသာပြန်(ရသ) | ပထမဆု | ဇော်ဦးငြိမ်း |

# မြန်မာလူငယ်တွေအနေနဲ့ ခေတ်နဲ့အညီ ကမ္ဘာ့အနုပညာကို လေ့လာတတ်ကျွမ်းဖို့လိုသလို ကိုယ့်နိုင်ငံရဲ့ စာပေယဉ်ကျေးမှုမပျောက်အောင်လည်း မမေ့မလျော့ဘဲ ထိန်းသိမ်းဖို့လိုပါမယ် ဦးရဲခွေး

အင်တာဗျူး- ထိုက်အောင်ဝင်း၊ ဓာတ်ပုံ- မိုးမခ



ဦးရဲခွေး



လွင်မြန်မာ (မန်းတက္ကသိုလ်)



မင်းဇေဒါ (ပွင့်ဖြူ)



ဆရာမ သက်သက်နွယ်

ယနေ့ ဧပြီ ၁ ရက် နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးဆောင်ကျင်းပသော ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။ အဆိုပါ ၂၀၁၉ ခုနှစ် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားတွင် တက်ရောက်လာကြသည့် စာပေကဏ္ဍပေါင်းစုံမှ ဆုရ ဆရာကြီး၊ ဆရာမကြီးများ၏ ပြောကြားမှုများကို ပြန်လည်ရေးသား မျှဝေလိုက်ပါသည်-

**အမည်အရင်း- ဦးရဲခွေး**
**ကလောင်အမည်-ဦးရဲခွေး**
**စာပဒေသာ (ပထမဆု)**
**ရုပ်သေးသဘင်သုံးဇာတ်စာ၊**
**ဇာတ်စကားများ**

"ကျွန်တော်က အရင်ရုပ်သေးပညာရှင်ပါ။ အခုတော့ စာပေဘက်ရောက်လာတာပေါ့။ ဒီနေ့ စာပေဗိမာန်ဆုရတာက မြန်မာ့ရုပ်သေးသဘင်သုံး ဇာတ်စာ၊ ဇာတ်စကားများ စာပဒေသာ (ပထမဆု) ရရှိတာပါ။ ရုပ်သေးကို ၁၉၆၆ ခုနှစ်ကနေ ၁၉၇၄ ခုနှစ်အထိ တည်ထောင်ခဲ့တယ်။ ရုပ်သေးပညာရှင်တွေ အများကြီးပါတာပေါ့။ အထက်မြန်မာပြည်၊ အောက်မြန်မာပြည် လှည့်လည်ကပြခဲ့ရတာ။ အဲဒီနှစ်ရှည်ကြုံတွေ့လာတဲ့ အတွေ့အကြုံတွေကို စုဆောင်းထားရင်းက စိတ်ကူးပေါ်လာပြီး ချရေးဖြစ်ခဲ့တယ်။ ဒီဆုကို မျှော်လည်း မျှော်လင့်ခဲ့တယ်။ ရေးဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ ဇာတ်တွေကလည်း မက၊ ရုပ်သေးအပါအဝင် ဇာတ်စာ ဇာတ်စကားတွေ ဒါတွေက ပျောက်ကွယ်သွားမှာ စိုးရိမ်တယ်။ မြန်မာလူငယ်တွေ အနေနဲ့ ခေတ်နဲ့အညီ ကမ္ဘာ့အနုပညာကို လေ့လာတတ်ကျွမ်းဖို့လိုသလို ကိုယ့်နိုင်ငံရဲ့ စာပေယဉ်ကျေးမှု မပျောက်အောင်လည်း မမေ့မလျော့ဘဲ ထိန်းသိမ်းဖို့လိုပါမယ်။ ဒီစာပေဗိမာန်ဆုကို မျှော်လင့်တဲ့ အတိုင်းဖြစ်လာလို့ဝမ်းသာလို့မဆုံးပါဘူး"။

ဆရာကြီး ဦးရဲခွေးသည် ၁၉၆၆ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ဒဂုံအောင်အမည်ဖြင့် ရုပ်သေးအဖွဲ့ တည်ထောင်ကပြခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် သဘင်ဂီတဆိုင်ရာဆောင်းပါးများ ရေးသားခဲ့သူဖြစ်သည်။ ဆရာကြီးသည် ၂၀၁၁ ခုနှစ်တွင် စာပေဗိမာန် အင်္ဂလိပ်စာမူ ပထမဆုကို လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် စာပေဗိမာန်စာမူဆု အင်္ဂလိပ်စာမူ ဒုတိယဆုကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် အမျိုးသားစာပေဆုကို လည်းကောင်း အသီးသီးရရှိခဲ့ပြီး ယနေ့ ရုပ်သေးသဘင်သုံး ဇာတ်စာ ဇာတ်စကားများ စာပဒေသာ (ပထမဆု)ကို ဆရာကြီးအနေဖြင့် လေးခုမြောက် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အမည်အရင်း - ဦးစောလွင်**
**ကလောင်အမည်-**
**လွင်မြန်မာ (မန်းတက္ကသိုလ်)**
**မြန်မာ့ယဉ်ကျေးမှုနှင့်**
**အနုပညာဆိုင်ရာစာပေ (ပထမဆု)**
**မြန်မာ့ရွှေချည်ထိုး**

"ဒီကနေ့ကတော့ စာပေဗိမာန်က ချီးမြှင့်တဲ့ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ပထမဆု မြန်မာ့ရွှေချည်ထိုး စာမူဖြင့် ရရှိခဲ့တာဖြစ်ပါတယ်။ ရေးသားဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ မြန်မာ့ရွှေချည်ထိုးလုပ်ငန်းဟာ ရှေးမြန်မာ့ယဉ်ကျေးမှုအမွေအနှစ်မှာဆိုရင် နန်းတွင်းနဲ့ ပြည်သူတွေကြားမှာ ဝင့်ထည်စွာရပ်တည်ခဲ့တဲ့ မြန်မာ့လက်မှုပညာရပ်တစ်ခု ဖြစ်ခဲ့တယ်။ ယခုအချိန်မှာတော့ ရွှေချည်ထိုးလုပ်ငန်းတွေဟာ တဖြည်းဖြည်းနဲ့ တိမ်းပါးလာပြီး နည်းပါးလာတဲ့အတွက် အဲဒါလေးတွေကို ဖော်ထုတ် ထိန်းသိမ်းစောင့်ရှောက်ချင်စိတ်ဖြစ်ခဲ့တယ်။ နောင်လာနောက်သားတွေကိုလည်း လက်ဆင့်ကမ်းဖြန့်ဝေချင်တဲ့အတွက် ဒီစာအုပ်လေးကို ရေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်ကိုယ်တိုင် မန္တလေးသားဖြစ်တော့ ကိုယ့်မြို့ရဲ့ယဉ်ကျေးမှုအမွေအနှစ် အခြေအမြစ်တစ်ခုကို အချိန်မီစောင့်ရှောက်ချင်တာကြောင့် ကြိုးစားရေးသားဖြစ်ခဲ့တာပါ။ အလွန်လည်း ဝမ်းသာပီတိဖြစ်မိပါတယ်။

ဆရာကြီးသည် တက္ကသိုလ်ကျောင်းသားဘဝမှာပင် စောလွင်၊ လွင်မြန်မာ (မန်းတက္ကသိုလ်) ကလောင်အမည်များဖြင့် မဂ္ဂဇင်းများ၊ နံရံကပ်စာစောင်များတွင် ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါးများ ရေးသားခဲ့ပြီး ဆုများရရှိခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ပခုက္ကူစာပေဆု၊ သုတေသနစာပေ (ဒုတိယဆု)၊ ၂၀၁၇ ခုနှစ်တွင် စာပေဗိမာန်စာမူဆု သုတပဒေသာ (ဝိဇ္ဇာ) ပထမဆုတို့ကို ရရှိခဲ့ပြီး ယနေ့စာပေဆုသည် ဆရာကြီး၏ လေးကြိမ်မြောက် ချီးမြှင့်ခံရခြင်း ဖြစ်သည်။

**အမည်အရင်း- ဦးသက်ဦး**
**ကလောင်အမည်- မင်းဇေဒါ(ပွင့်ဖြူ)**
**မြန်မာ့ယဉ်ကျေးမှုနှင့်**
**အနုပညာဆိုင်ရာစာပေ (တတိယဆု)**
**စာရွက်ပေါ်မှာ ရုပ်ရှင်ရိုက်ခြင်း**
**(ရုပ်ရှင်ဇာတ်ညွှန်း**
**အနုပညာလေ့လာချက်)**

"ဒီနေ့ဆုဟာ စာပေဗိမာန်က ချီးမြှင့်တဲ့ သုံးကြိမ်မြောက်ဆိုပေမယ့် အလွန်ပဲဝမ်းသာမိတယ်။ ကျွန်တော်က အမြဲတမ်းဝင်မပြိုင်နိုင်ဘူး။ ပြိုင်မယ်လို့ စိတ်ကူးထားရင်လည်း သေသေချာချာ အချိန်ယူပြင်ဆင်ပြီးမှ စဉ်းစဉ်းစားစားနဲ့ ရွေးချယ်တယ်။ ကျွန်တော်က စာရေးတဲ့အခါမှာ အချိန်ယူရေးပြီး စာဖတ်သူတွေအတွက် တစ်ခုခုစွဲကျန်နေရစ်အောင် သေချာစဉ်းစားပြီးမှ ရေးတာကို နှစ်သက်တယ်။ အငယ်ကတည်းက စာပေနဲ့ပတ်သက်ရင် အဲဒီလို လေးလေးနက်နက် အကျင့်ရှိခဲ့တာ။ ခုခေတ်လူငယ်တွေ သူတို့လက်တစ်ကမ်းမှာ စာကြည့်တိုက်တွေရှိတယ်။ သူတို့မသွားကြဘူး။ စိတ်မဝင်စားကြဘူး။ ကြည့်လိုက်ရင် ဖေ့စ်ဘွတ်တွေပွတ်၊ ဂိမ်းတွေ ဆော့နေကြတာတွေကများတယ်။ ပြောရရင် ခေတ်ကြောင့်လို့ပဲ ပြောရမှာပေါ့။ စာပေဖတ်ရင် လိမ္မာကြမယ်မှန်းသိတယ်။ ဒါပေမယ့် သူတို့မလုပ်နိုင်ကြဘူး။ လူငယ်တွေအနာဂတ်ကို ကောင်းစေချင်တယ်ဆိုရင် ငယ်စဉ်ပညာသင်တဲ့ အချိန်ကတည်းက ကောင်းမွန်စွာ စာဖတ်တဲ့ အလေ့အကျင့်ကို မွေးမြူပေးရမှာ"။

ဆရာကြီး မင်းဇေဒါ(ပွင့်ဖြူ) သည် ၂၀၀၄ ခုနှစ်တွင် နိုင်ငံတော်က ချီးမြှင့်သော ဂုဏ်ထူးဆောင်တံဆိပ် (လူမှုထူးချွန် တတိယဆင့်) ရရှိခဲ့ပြီး စာပေများအစဉ်တစိုက်ရေးသားခဲ့ရာ စာပေဗိမာန်စာမူဆုသုံးကြိမ်၊ ပခုက္ကူစာပေဆု နှစ်ကြိမ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး စာပေဆုများ၊ ငွေတာရီဝတ္ထုတိုဆုများနှင့် မြဝတီမဂ္ဂဇင်း ဝတ္ထုရှည်ဆုများ ရရှိထားသူဖြစ်သည်။

**အမည်အရင်း- ဒေါ်သက်သက်နွယ်**
**ကလောင်အမည်- သက်သက်နွယ်**
**ဝတ္ထုတိုပေါင်းချုပ် (ဒုတိယဆု)**
**လမင်းစန္ဒာလင်းပါစေနှင့်**
**အခြားဝတ္ထုတိုများ**

"ကျွန်မအနေနဲ့ ဒီကနေ့ စာပေနဲ့ပတ်သက်ပြီး နိုင်ငံတော်က ချီးမြှင့်တဲ့ဆု ပထမဆုံးရခဲ့တာပါ။ ရတာက ဒုတိယဆုဆိုပေမယ့် ပထမဆုလောက်ကို ဝမ်းသာပါတယ်။ ဘာကြောင့်လဲဆိုတော့ ရေးလိုက်တဲ့စာလေးတွေကို နိုင်ငံတော်က အသိအမှတ်ပြုပေးတာကြောင့် အလွန်ဝမ်းသာပါတယ်။ နောက်နောင်လည်း ဒီအားကိုယူပြီး ထပ်ကြိုးစားသွားမှာပါ။ တကယ်တော့ ဒီပြိုင်ပွဲကို ဝင်ပြိုင်ဖို့ရာ အတော်လေးကို ကြောက်ခဲ့ပါတယ်။ မပြိုင်ရဲဘူးပေါ့။ ကိုယ့်ကိုယ်ကိုယ် အရည်အချင်းမမီသေးဘူးလို့ ထင်ခဲ့တာ။ ဒါပေမယ့် ကလောင်သစ်တွေကို အရည်အချင်းဆန်းစစ်တဲ့ ပြိုင်ပွဲတစ်ခုဖြစ်လို့ ကျွန်မရဲ့ အရည်အချင်းကို ဘယ်လိုဆန်းစစ်မလဲ၊ ဘယ်လိုမှတ်ချက်ပေးမလဲ သိချင်တာကြောင့် ဒီပြိုင်ပွဲကို ဝင်ပြိုင်ခဲ့တာပါ။

ဒီစာမူရေးရတဲ့ ရည်ရွယ်ချက်က အကြမ်းဖက်ခံရတဲ့ အမျိုးသမီးတွေကို ကျွန်မက နှစ်သိမ့်ဆွေးနွေးရတဲ့သူဖြစ်တော့ အမျိုးသမီးတွေရဲ့ ဘဝအခက်အခဲကြုံလာရင် ပြန်လည်ရှင်သန်ဖို့ အလွန်ခက်ခဲတယ်ဆိုတာ သိလာရတယ်။ ဒီစာမူလေးတွေ ရေးသားဖော်ပြလိုက်ခြင်းဖြင့် အမျိုးသမီးဘဝကို ပြန်လည်တည်ဆောက်နိုင်ဖို့ အင်အားတွေ ရရှိစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ရေးခဲ့တာဖြစ်ပါတယ်။

ယခုခေတ်လူငယ်တွေကို အဓိကမှာချင်တာက အမှောင်ခွင်း အလင်းဆောင်နိုင်ဖို့ စာပေဖတ်မှ ဖြစ်ပါမယ်။ စာဖတ်တဲ့အခါ အွန်လိုင်းမှာ ဖတ်တာထက် အပြင်မှာဖတ်တာက ငွေကုန်ကြေးကျ ပိုနည်းသလို အခုဆို စာကြည့်တိုက်တွေမှာလည်း အခမဲ့ ဖတ်ရှုနိုင်တာကြောင့် စာဖတ်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

ဆရာမ သက်သက်နွယ်သည် စာပေဗိမာန်က ယနေ့ဆုချီးမြှင့်ခဲ့သော လမင်းစန္ဒာလင်းပါစေနှင့် အခြားဝတ္ထုတိုများ ဝတ္ထုတိုပေါင်းချုပ် (ဒုတိယဆု) သည် ဆရာမ၏ ပထမဆုံး စာပေချီးမြှင့်ခြင်း ခံရခြင်းဖြစ်ကြောင်း သိရသည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် မဲရုံပေါင်း ၁၀၀ ရုံ | ၁၁၈၃၃၆ | ၇၆၂၄၀ | ၈၂၂၉ | ၈၇၆ | ၁၂၇၃၀ |
| ၂ | မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မဲရုံပေါင်း ၂၀၀ ရုံ | ၁၅၈၄၉၃ | ၁၅၅၀၅၈ | ၁၅၆၁၈ | ၁၂၄၆ | ၁၇၆၁၀ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၃၀၀၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၁၆၆၉၅ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၁၈၀၃၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၉၈၆၆၁၊ မြေပြင်လက်ကျန် ၉၀၂၄၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၉၂၇၄ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၈၆၂ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ဘုတလင်မြို့နယ် | ၁၀၀ | ၁၃၅၃၇၂ | ၈၄၅၈၉ | ၅၀၇၈၃ | ၄၅၅၁၉ | ၅၉၈၄ | ၇၂၀ |
| ၂ | မြစ်သားမြို့နယ် | ၂၀၀ | ၁၈၁၃၂၃ | ၁၃၃၄၄၅ | ၄၇၈၇၈ | ၄၄၇၃၀ | ၃၂၉၀ | ၁၄၂ |
| | စုစုပေါင်း | ၃၀၀ | ၃၁၆၆၉၅ | ၂၁၈၀၃၄ | ၉၈၆၆၁ | ၉၀၂၄၉ | ၉၂၇၄ | ၈၆၂ |

### ဘုတလင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်တွင် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စု၊ မဲရုံပေါင်း ၁၀၀ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၃၅၃၇၂ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၄၅၈၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၅၀၇၈၃ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၅၅၁၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ် အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၂၅၉၀၃ | ၈၄၁၉၈ | ၄၁၇၀၅ | ၃၆၄၄၁ | ၅၉၈၄ | ၇၂၀ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၉၁ | ၃၉၁ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၉၀၇၈ | | ၉၀၇၈ | ၉၀၇၈ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၃၅၃၇၂ | ၈၄၅၈၉ | ၅၀၇၈၃ | ၄၅၅၁၉ | ၅၉၈၄ | ၇၂၀ |

၆။ ဘုတလင်မြို့နယ်၊ ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စုရှိ မဲရုံ ၁၀၀ ရုံတို့တွင် မဲလက်မှတ် အရေအတွက် ၅၉၈၄ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၇၂၀ အပိုတွေ့ရှိရပါသည်။

၇။ ဘုတလင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ခုံမင်းကြီးရပ်ကွက် | ၁၅၅၀ | ၁၀၇၅ | ၄၇၅ | ၃၂၅ | ၁၅၀ | |
| ၂ | လွှဲတဲကျေးရွာအုပ်စု | ၂၁၀၀ | ၁၅၅၀ | ၅၅၀ | ၅၄၄ | ၆ | |
| ၃ | စီပါကျေးရွာအုပ်စု | ၃၄၅၀ | ၂၃၆၀ | ၁၀၉၀ | ၉၄၀ | ၁၅၀ | |
| ၄ | မောင်းထောင်ကျေးရွာအုပ်စု | ၄၈၀၀ | ၃၅၈၂ | ၁၂၁၈ | ၁၀၉၈ | ၁၂၀ | |
| ၅ | ဝက်လူးအိုင်ကျေးရွာအုပ်စု | ၂၆၅၀ | ၁၄၀၄ | ၁၂၄၆ | ၁၀၉၆ | ၁၅၀ | |
| ၆ | ရွာသစ်ရွှေလက်ကျေးရွာအုပ်စု | ၂၀၀၀ | ၁၅၅၉ | ၄၄၁ | ၉၁ | ၃၅၀ | |
| ၇ | တောင်ကုန်းကျေးရွာအုပ်စု | ၁၁၀၀ | ၇၈၁ | ၃၁၉ | ၃၂၀ | | ၁ |
| ၈ | ဆယ်ဝကျေးရွာအုပ်စု | ၁၃၀၀ | ၉၆၉ | ၃၃၁ | ၃၃၁ | | |
| ၉ | ဝွေးပင်ကျင်းကျေးရွာအုပ်စု | ၂၃၀၀ | ၁၈၁၇ | ၄၈၃ | ၅၃၂ | | ၄၉ |
| ၁၀ | သခွတ္တနယ်ကျေးရွာအုပ်စု | ၂၅၀၀ | ၁၅၆၀ | ၉၄၀ | ၃၄၀ | ၆၀၀ | |
| ၁၁ | ကူတော်ကျေးရွာအုပ်စု | ၂၈၀၀ | ၁၉၂၅ | ၈၇၅ | ၈၂၅ | ၅၀ | |
| ၁၂ | ကျောင်းကျေးရွာအုပ်စု | ၁၀၅၀ | ၆၆၉ | ၃၈၁ | ၈၁ | ၃၀၀ | |
| ၁၃ | ငါးရေဝင်ကျေးရွာအုပ်စု | ၉၅၀ | ၅၈၅ | ၃၆၅ | ၃၆၅ | | |
| ၁၄ | ကတိုးကျေးရွာအုပ်စု | ၁၆၀၀ | ၁၀၈၂ | ၅၁၈ | ၅၁၈ | | |
| ၁၅ | မောက်တက်ကျေးရွာအုပ်စု | ၄၄၅၀ | ၂၉၅၀ | ၁၅၀၀ | ၁၃၅၀ | ၁၅၀ | |
| ၁၆ | ချင်းတွင်းကျေးရွာအုပ်စု | ၁၉၀၀ | ၁၂၃၀ | ၆၇၀ | ၇၂၀ | | ၅၀ |
| ၁၇ | ဝက်ပုတ်ကျေးရွာအုပ်စု | ၁၇၅၀ | ၉၉၀ | ၇၆၀ | ၇၆၀ | | |
| ၁၈ | ဆင်ရန်ကျေးရွာအုပ်စု | ၆၅၀ | ၃၈၉ | ၂၆၁ | ၂၆၁ | | |
| ၁၉ | ငပုရင်းကျေးရွာအုပ်စု | ၄၂၀၀ | ၃၀၅၆ | ၁၁၄၄ | ၉၄၄ | ၂၀၀ | |
| ၂၀ | ရဲထွက်ကျေးရွာအုပ်စု | ၁၇၅၀ | ၁၃၇၆ | ၃၇၄ | ၆၂၄ | | ၂၅၀ |
| ၂၁ | ဆယ်ကြီးကျေးရွာအုပ်စု | ၁၇၅၀ | ၉၉၄ | ၇၅၆ | ၈၂၆ | | ၇၀ |
| ၂၂ | အုပ်ဖိုကျေးရွာအုပ်စု | ၄၄၅၀ | ၂၇၈၇ | ၁၆၆၃ | ၁၅၆၃ | ၁၀၀ | |
| ၂၃ | ကင်းစမ်းကျေးရွာအုပ်စု | ၁၈၅၀ | ၁၁၉၄ | ၆၅၆ | ၉၅၆ | | ၃၀၀ |
| ၂၄ | ဒန်းတိုင်ကျေးရွာအုပ်စု | ၁၃၅၀ | ၉၂၈ | ၄၂၂ | ၄၂၁ | ၁ | |
| ၂၅ | ရွာသစ်ကျေးရွာအုပ်စု | ၃၆၅၀ | ၂၁၁၃ | ၁၅၃၇ | ၁၂၃၇ | ၃၀၀ | |
| ၂၆ | နှောပင်ကြီးကျေးရွာအုပ်စု | ၃၅၀၀ | ၁၉၉၁ | ၁၅၀၉ | ၁၅၀၉ | | |
| ၂၇ | မြဝတီရပ်ကွက် | ၁၈၅၀ | ၁၂၆၅ | ၅၈၅ | ၅၃၅ | ၅၀ | |
| ၂၈ | မဟာဗန္ဓုလရပ်ကွက် | ၁၆၅၀ | ၁၁၈၈ | ၄၆၂ | ၄၆၂ | | |
| ၂၉ | ကျီးပင်ချောင်ကျေးရွာအုပ်စု | ၁၂၀၀ | ၇၅၀ | ၄၅၀ | ၃၀၀ | ၁၅၀ | |
| ၃၀ | ဆုံကုန်းကျေးရွာအုပ်စု | ၁၉၀၀ | ၁၂၈၅ | ၆၁၅ | ၆၁၅ | | |
| ၃၁ | ကံသစ်ကျေးရွာအုပ်စု | ၁၄၅၀ | ၉၄၄ | ၅၀၆ | ၅၀၆ | | |
| ၃၂ | အောင်ချမ်းသာကျေးရွာအုပ်စု | ၂၆၅၀ | ၁၈၇၀ | ၇၈၀ | ၇၈၀ | | |
| ၃၃ | ထနောင်းကုန်းကျေးရွာအုပ်စု | ၁၇၅၀ | ၁၂၄၃ | ၅၀၇ | ၅၀၆ | ၁ | |
| ၃၄ | မြို့ပေါ်ကျေးရွာအုပ်စု | ၁၅၅၀ | ၄၂၅ | ၁၁၂၅ | ၄၂၅ | ၇၀၀ | |
| ၃၅ | တောဝေးကျေးရွာအုပ်စု | ၁၄၅၀ | ၉၉၆ | ၄၅၄ | ၄၅၄ | | |
| ၃၆ | မကျီးအုပ်ကျေးရွာအုပ်စု | ၁၁၀၀ | ၆၉၆ | ၄၀၄ | ၄၀၄ | | |
| ၃၇ | မဝွေးပြင်ကျေးရွာအုပ်စု | ၆၅၀ | ၄၇၁ | ၁၇၉ | ၁၇၅ | ၄ | |
| ၃၈ | ကုန်းသာကျေးရွာအုပ်စု | ၂၅၅၀ | ၁၆၆၀ | ၈၉၀ | ၅၉၀ | ၃၀၀ | |
| ၃၉ | နေပူကုန်းကျေးရွာအုပ်စု | ၁၉၀၀ | ၁၂၂၀ | ၆၈၀ | ၆၈၀ | | |
| ၄၀ | မြို့သစ်ချောင်းကျေးရွာအုပ်စု | ၂၁၀၀ | ၁၂၉၇ | ၈၀၃ | ၇၂၃ | ၈၀ | |
| ၄၁ | သားဖန်းကျေးရွာအုပ်စု | ၄၂၀၀ | ၂၈၆၂ | ၁၃၃၈ | ၈၈၆ | ၄၅၂ | |
| ၄၂ | သပြေပင်ကျေးရွာအုပ်စု | ၂၄၀၀ | ၁၇၂၆ | ၆၇၄ | ၆၄၇ | ၂၇ | |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၄၃ | ညောင်ကန်ကျေးရွာအုပ်စု | ၅၂၅၀ | ၃၆၉၀ | ၁၅၆၀ | ၁၅၆၀ | | |
| ၄၄ | ခိုးချောင်းကျေးရွာအုပ်စု | ၁၉၅၀ | ၁၄၃၂ | ၅၁၈ | ၅၁၈ | | |
| ၄၅ | ကွမ်းအုံကျေးရွာအုပ်စု | ၂၃၀၀ | ၁၅၇၉ | ၇၂၁ | ၇၁ | ၆၅၀ | |
| ၄၆ | ကြိုကုန်းကျေးရွာအုပ်စု | ၂၉၀၀ | ၁၇၆၁ | ၁၁၃၉ | ၉၈၉ | ၁၅၀ | |
| ၄၇ | ကံဆွယ်ကျေးရွာအုပ်စု | ၁၅၅၀ | ၁၁၆၆ | ၃၈၄ | ၂၃၄ | ၁၅၀ | |
| ၄၈ | ကွမ်းခြံကျေးရွာအုပ်စု | ၂၀၀၀ | ၁၃၅၅ | ၆၄၅ | ၄၅၁ | ၁၉၄ | |
| ၄၉ | ဓီးတောကျေးရွာအုပ်စု | ၁၃၀၀ | ၉၁၁ | ၃၈၉ | ၃၈၉ | | |
| ၅၀ | ထန်းတောကျေးရွာအုပ်စု | ၁၈၀၀ | ၁၄၀၄ | ၃၉၆ | ၃၉၆ | | |
| ၅၁ | ယုန်လှေးကုန်းကျေးရွာအုပ်စု | ၃၁၀၀ | ၂၁၈၇ | ၉၁၃ | ၉၁၃ | | |
| ၅၂ | ရေဘုတလင်ကျေးရွာအုပ်စု | ၂၁၅၀ | ၁၂၈၇ | ၈၆၃ | ၈၆၃ | | |
| ၅၃ | လေးမြေကျေးရွာအုပ်စု | ၂၂၀၀ | ၁၅၄၀ | ၆၆၀ | ၆၆၀ | | |
| ၅၄ | ဝန်ဘိုကျေးရွာအုပ်စု | ၂၀၅၀ | ၁၃၉၆ | ၆၅၄ | ၂၅၄ | ၄၀၀ | |
| ၅၅ | သီးပင်အိုင်ကျေးရွာအုပ်စု | ၃၂၀၃ | ၂၁၂၀ | ၁၀၈၃ | ၁၀၃၄ | ၄၉ | |
| ၅၆ | တွင်းကျေးရွာအုပ်စု | ၉၅၀ | ၆၃၅ | ၃၁၅ | ၃၁၅ | | |
| ၅၇ | မြောက်တောကျေးရွာအုပ်စု | ၁၄၅၀ | ၉၂၁ | ၅၂၉ | ၅၂၉ | | |
| | မဲရုံ+ရပ်ကျေးချုပ်စုစုပေါင်း | ၁၂၅၉၀၃ | ၈၄၁၉၈ | ၄၁၇၀၅ | ၃၆၄၄၁ | ၅၉၈၄ | ၇၂၀ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၉၁ | ၃၉၁ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၉၀၇၈ | | ၉၀၇၈ | ၉၀၇၈ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၃၅၃၇၂ | ၈၄၅၈၉ | ၅၀၇၈၃ | ၄၅၅၁၉ | ၅၉၈၄ | ၇၂၀ |

## မြစ်သားမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်တွင် ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၁ အုပ်စု၊ မဲရုံပေါင်း ၂၀၀ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၁၈၁၃၂၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၃၃၄၄၅ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၄၇၈၇၈ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၄၇၃၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၇၀၉၀၀ | ၁၃၃၀၅၆ | ၃၇၈၄၄ | ၃၄၆၉၆ | ၃၂၉၀ | ၁၄၂ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၄၂၃ | ၃၈၉ | ၃၄ | ၃၄ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၀၀၀၀ | | ၁၀၀၀၀ | ၁၀၀၀၀ | | |
| | စုစုပေါင်း | ၁၈၁၃၂၃ | ၁၃၃၄၄၅ | ၄၇၈၇၈ | ၄၄၇၃၀ | ၃၂၉၀ | ၁၄၂ |

၉။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ မြစ်သားမြို့နယ်၊ ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၁ အုပ်စု မဲရုံပေါင်း ၂၀၀ ရုံတွင် မဲလက်မှတ်အရေအတွက် ၃၂၉၀ ပျောက်ဆုံးနေပြီး ၁၄၂ စောင် ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ် ၃၈၉ စောင်ကို အသုံးပြုထားပြီး ၁၀၀၀၀ စောင်အား မြို့နယ်လက်ကျန်အဖြစ် ထိန်းသိမ်းထားရှိသည်ကို တွေ့ရှိရပါသည်။

၁၀။ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စု အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဘူတာရပ်ကွက် | ၄ | ၄၆၅၀ | ၃၃၉၀ | ၁၂၆၀ | ၁၁၆၅ | ၉၅ | |
| ၂ | မင်းကုန်းရပ်ကွက် | ၁ | ၁၃၀၀ | ၁၀၀၀ | ၃၀၀ | ၂၅၀ | ၅၀ | |
| ၃ | ရွှေသူဌေးရပ်ကွက် | ၆ | ၄၂၀၀ | ၃၀၃၁ | ၁၁၆၉ | ၁၁၆၉ | | |
| ၄ | ရှမ်းပွဲရပ်ကွက် | ၂ | ၂၀၅၀ | ၁၄၇၁ | ၅၇၉ | ၅၇၉ | | |
| ၅ | မြို့မအနောက်ရပ်ကွက် | ၁ | ၁၀၀၀ | ၇၆၆ | ၂၃၄ | ၂၃၄ | | |
| ၆ | မြို့မအရှေ့ရပ်ကွက် | ၄ | ၃၆၅၀ | ၂၇၉၃ | ၈၅၇ | ၆၅၇ | ၂၀၀ | |
| ၇ | ကူမဲအမှတ်(၁) ရပ်ကွက် | ၃ | ၄၈၀၀ | ၃၄၂၂ | ၁၃၇၈ | ၁၃၇၈ | | |
| ၈ | ကူမဲအမှတ်(၂) ရပ်ကွက် | ၁ | ၁၂၅၀ | ၁၀၂၁ | ၂၂၉ | ၂၂၉ | | |
| ၉ | ကူမဲအမှတ်(၃) ရပ်ကွက် | ၂ | ၁၄၀၀ | ၁၁၀၀ | ၃၀၀ | ၃၀၀ | | |
| ၁၀ | ကူမဲအမှတ်(၄) ရပ်ကွက် | ၂ | ၁၄၅၀ | ၁၀၃၆ | ၄၁၄ | ၃၆၄ | ၅၀ | |
| ၁၁ | ကူမဲအမှတ်(၅) ရပ်ကွက် | ၂ | ၈၅၀ | ၆၈၆ | ၁၆၄ | ၁၆၄ | | |
| ၁၂ | ပျော်ကျေးရွာအုပ်စု | ၃ | ၂၆၅၀ | ၂၂၇၀ | ၃၈၀ | ၃၈၀ | | |
| ၁၃ | မင်းဝန်ကျေးရွာအုပ်စု | ၆ | ၄၂၀၀ | ၃၄၅၀ | ၇၅၀ | ၇၅၀ | | |
| ၁၄ | ရိုးကန်ကျေးရွာအုပ်စု | ၃ | ၃၀၀၀ | ၂၄၈၉ | ၅၁၁ | ၅၁၁ | | |
| ၁၅ | ရစ်ကန်ကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၂၁၁၈ | ၂၈၂ | ၂၈၂ | | |
| ၁၆ | ဟင်းညှိကန်ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၈၂ | ၆၈ | ၆၈ | | |
| ၁၇ | အနောက်သပြေသာကျေးရွာအုပ်စု | ၁ | ၃၀၀ | ၂၁၅ | ၈၅ | ၈၅ | | |
| ၁၈ | နွားရာရိုးကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၃၀၁ | ၁၉၉ | ၂၄၉ | | ၅၀ |
| ၁၉ | ညောင်ဂျစ်ကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၁၁၄၀ | ၂၁၀ | ၂၁၀ | | |
| ၂၀ | တမာပင်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၇၉၂ | ၁၅၈ | ၁၅၈ | | |
| ၂၁ | ဝက်ထိန်းကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၈၂၉ | ၂၂၁ | ၂၂၁ | | |
| ၂၂ | သစ်တက်ကုန်းကျေးရွာအုပ်စု | ၃ | ၃၈၀၀ | ၂၄၂၀ | ၁၃၈၀ | ၇၈၀ | ၆၀၀ | |
| ၂၃ | ပေါက်မြိုင်ကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၁၃၅၉ | ၂၉၁ | ၂၉၁ | | |
| ၂၄ | ဒါးရယ်ကောင်းကျေးရွာအုပ်စု | ၄ | ၃၁၅၀ | ၂၄၅၅ | ၆၉၅ | ၆၉၅ | | |
| ၂၅ | ရန်အေးကျေးရွာအုပ်စု | ၁ | ၆၀၀ | ၅၁၆ | ၈၄ | ၈၄ | | |
| ၂၆ | မှိုင်းဟင်ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၅၈ | ၉၂ | ၉၂ | | |
| ၂၇ | ပုဏ္ဏားကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၅၅ | ၁၉၅ | ၁၉၅ | | |
| ၂၈ | ကျောက်ဆောက်ကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၂၄၂ | ၃၅၈ | ၃၅၈ | | |
| ၂၉ | သိုတန်ကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၇၁၅ | ၄၈၅ | ၄၈၅ | | |
| ၃၀ | ရွာမှန်းကြီးကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၁၀၂၉ | ၃၂၁ | ၃၂၁ | | |
| ၃၁ | မရုက်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၆၁၂ | ၁၃၈ | ၁၃၈ | | |
| ၃၂ | ကျွဲဆွဲကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၄၁၀ | ၂၉၀ | ၂၉၀ | | |
| ၃၃ | ကျွန်းလှကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၉၇ | ၁၀၃ | ၁၀၃ | | |
| ၃၄ | ကသဲကုန်းကျေးရွာအုပ်စု | ၃ | ၃၇၀၀ | ၂၈၉၈ | ၈၀၂ | ၈၀၂ | | |
| ၃၅ | ယွေးကျေးရွာအုပ်စု | ၁ | ၂၀၀ | ၁၂၁ | ၇၉ | ၇၉ | | |
| ၃၆ | ရွာသစ်ကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၃၃၇ | ၅၁၃ | ၂၆၃ | ၂၅၀ | |
| ၃၇ | ချင်းကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၅၉ | ၂၄၁ | ၂၄၁ | | |
| ၃၈ | ရေဝန်းကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၂၁၈ | ၂၈၂ | ၃၃၂ | | ၅၀ |
| ၃၉ | ရွာရှည်ကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၀၉၃ | ၃၅၇ | ၃၅၇ | | |
| ၄၀ | ခန္တီးကြီးကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၁၀၉၁ | ၁၅၉ | ၁၅၉ | | |
| ၄၁ | သီလင်ကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၆၃၇ | ၈၆၃ | ၃၆၁ | ၅၀၂ | |
| ၄၂ | အင်းရင်းကျေးရွာအုပ်စု | ၁ | ၉၅၀ | ၈၂၁ | ၁၂၉ | ၁၂၉ | | |
| ၄၃ | ကင်းစိန်ဈေးကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၃၅ | ၂၆၅ | ၂၆၄ | ၁ | |
| ၄၄ | လောင်းတော်ဦးကျေးရွာအုပ်စု | ၁ | ၃၅၀ | ၃၃၃ | ၁၇ | ၁၇ | | |
| ၄၅ | လွှဲပေါက်ကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၉၁၆ | ၂၈၄ | ၂၈၄ | | |
| ၄၆ | သီခေါင်ကျေးရွာအုပ်စု | ၃ | ၁၇၀၀ | ၁၃၉၈ | ၃၀၂ | ၂၉၂ | ၁၀ | |
| ၄၇ | မုန္တောလေးကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၄၃၂ | ၃၁၈ | ၃၀၈ | ၁၀ | |
| ၄၈ | မုန္တောကြီးကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၃၁၃ | ၃၈၇ | ၃၃၇ | ၅၀ | |
| ၄၉ | မင်းလယ်ကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၇၄ | ၃၇၆ | ၃၂၆ | ၅၀ | |
| ၅၀ | တောစိုးကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၉၅၂ | ၂၉၈ | ၂၉၈ | | |
| ၅၁ | ဘုံကွင်းကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၄၁၅ | ၃၈၅ | ၃၈၅ | | |
| ၅၂ | အရှေ့သပြေသာကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၃၄၇ | ၄၅၃ | ၄၀၃ | ၅၀ | |
| ၅၃ | ရွာခိုင်ကြီးကျေးရွာအုပ်စု | ၃ | ၃၅၅၀ | ၂၉၁၆ | ၆၃၄ | ၆၃၄ | | |
| ၅၄ | လွန်ကျော်ကျေးရွာအုပ်စု | ၃ | ၃၁၀၀ | ၂၃၃၅ | ၇၆၅ | ၇၆၅ | | |
| ၅၅ | မသဲကျေးရွာအုပ်စု | ၃ | ၂၉၅၀ | ၂၄၂၉ | ၅၂၁ | ၅၂၁ | | |
| ၅၆ | ရွှေလေးကျေးရွာအုပ်စု | ၃ | ၂၄၀၀ | ၁၉၃၀ | ၄၇၀ | ၄၇၀ | | |
| ၅၇ | နှဲဝဲကျေးရွာအုပ်စု | ၁ | ၄၀၀ | ၃၀၃ | ၉၇ | ၉၇ | | |
| ၅၈ | ကုက္ကိုကုန်းကျေးရွာအုပ်စု | ၁ | ၂၀၀ | ၁၃၈ | ၆၂ | ၆၂ | | |
| ၅၉ | လက်ပံဆိပ်ကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၁၀၉၈ | ၂၀၂ | ၂၀၀ | ၂ | |
| ၆၀ | ရွှေပေါ်ကျွန်းကျေးရွာအုပ်စု | ၁ | ၉၅၀ | ၇၅၈ | ၁၉၂ | ၁၉၂ | | |
| ၆၁ | ကျန်တောကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၉၇ | ၁၅၃ | ၁၅၃ | | |

စာမျက်နှာ ၁၂ သို့

# ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကိုအခြေခံ၍ ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းထုတ်ပြန်

နေပြည်တော်  ဧပြီ  ၁

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနသည် နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ နိုင်ငံတော်၏မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အခြေခံအသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ နှစ်အလိုက် ခန့်မှန်းလူဦးရေစာရင်းအား နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူဦးရေကို အခြေခံ၍ ခန့်မှန်းတွက်ချက်မှုများအရ ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်၏ နှစ်လယ်ဖြစ်သော၂၀၂၁ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင်ရှိသည့် မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေမှာ (၅၅.၀) သန်းဖြစ်ပြီး အဆိုပါနေ့ရက်တွင်ရှိသော တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခန့်မှန်းလူဦးရေစာရင်းမှာ အောက်ပါအတိုင်းဖြစ်ကြောင်း ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ပြန်ထားသည် -

| တိုင်းဒေသကြီး/ ပြည်နယ် | (၁-၄-၂၀၂၁) ရက်ရှိ ခန့်မှန်းလူဦးရေ (သန်းပေါင်း) | | |
|---|---|---|---|
| | ကျား | မ | စုစုပေါင်း |
| ကချင်ပြည်နယ် | ၁.၀ | ၁.၀ | ၂.၀ |
| ကယားပြည်နယ် | ၀.၂ | ၀.၁ | ၀.၃ |
| ကရင်ပြည်နယ် | ၀.၈ | ၀.၈ | ၁.၆ |
| ချင်းပြည်နယ် | ၀.၃ | ၀.၂ | ၀.၅ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၂.၆ | ၃.၀ | ၅.၆ |
| တနင်္သာရီတိုင်းဒေသကြီး | ၀.၇ | ၀.၈ | ၁.၅ |
| ပဲခူးတိုင်းဒေသကြီး | ၂.၄ | ၂.၆ | ၅.၀ |
| မကွေးတိုင်းဒေသကြီး | ၁.၈ | ၂.၁ | ၃.၉ |
| မန္တလေးတိုင်းဒေသကြီး | ၃.၁ | ၃.၅ | ၆.၆ |
| မွန်ပြည်နယ် | ၀.၉ | ၁.၁ | ၂.၀ |
| ရခိုင်ပြည်နယ် | ၁.၆ | ၁.၈ | ၃.၄ |
| ရန်ကုန်တိုင်းဒေသကြီး | ၄.၁ | ၄.၅ | ၈.၆ |
| ရှမ်းပြည်နယ် | ၃.၂ | ၃.၃ | ၆.၅ |
| ဧရာဝတီတိုင်းဒေသကြီး | ၃.၀ | ၃.၂ | ၆.၂ |
| နေပြည်တော်ကောင်စီနယ်မြေ | ၀.၆ | ၀.၇ | ၁.၃ |
| **စုစုပေါင်းခန့်မှန်းလူဦးရေ** | **၂၆.၃** | **၂၈.၇** | **၅၅.၀** |

*စာမျက်နှာ ၇ မှ*

ထည့်ဝင်မှုအတွက် အထွေထွေပိုလျှံရန်ပုံငွေက တောင်းခံရန်စီစဉ်ထားရှိမှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းလွှမ်းခြုံမှုမြင့်မားစေရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ အကြိုညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ကလေးများ၏ ရှေးဦးဘဝအရွယ် ဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီးသောကြောင့် အရည်အသွေးပြည့်ဝသော ပြုစုပျိုးထောင်ရေးရရှိစေရန် ရှေးဦးအရွယ် ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ မူဝါဒနှင့် မဟာဗျူဟာများ ချမှတ်၍ နှစ်စဉ်လုပ်ငန်းစီမံချက်များဖြင့် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ သို့သော် အဆိုပါ လုပ်ငန်းရပ်များသည် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါကြောင့် ခေတ္တရပ်ဆိုင်းခဲ့ရပါကြောင်း၊ ငါးနှစ်အောက်ကလေးဖွံ့ဖြိုးမှုသည် အလျင်အမြန်နှင့် အချိန်တိုင်း တိုးတက်မှုဖြစ်စဉ်ရှိနေပါသဖြင့် စနစ်တကျပြုစုစောင့်ရှောက်မှုနှင့် အခြေအနေပေါ်မူတည်၍ ပံ့ပိုးပေးနိုင်ရန် စဉ်းစားဖြေရှင်းလုပ်ဆောင်ရန် လိုပါကြောင်း၊ ထို့ကြောင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်း လွှမ်းခြုံမှုမြင့်မားရေးဆိုင်ရာ အကြိုညှိနှိုင်းအစည်းအဝေးကို ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် လူမှုရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအနေဖြင့် မူလတန်းကြိုကျောင်းများကို ဦးစီးဌာနအနေဖြင့် ဖွင့်လှစ်ခြင်းနှင့် ပြည်တွင်း/ပြည်ပနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ရပ်ရွာပြည်သူလူထုမှဖွင့်လှစ်ထားသော မူလတန်းကြိုကျောင်းများ၊ နေ့ကလေးထိန်းကျောင်းများကို အသိအမှတ်ပြုပေးခြင်း၊ ကြီးကြပ်ခြင်း၊ ထောက်ပံ့မှုပေးခြင်းများလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော် မူလတန်းကြိုအရွယ် ကလေးများအားလုံး မူကြိုပညာရေးရရှိရန်မှာ လိုအပ်ချက်တစ်ခုအနေဖြင့် ရှိနေသေးပါကြောင်း၊ ကိုဗစ်-၁၉ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်မြန်ရောဂါကြောင့်လည်း ယခင်ကရှိပြီးသား မူလတန်းကြိုပညာရေး ရရှိရန် ဆောင်ရွက်ချက်များအပေါ် ထိခိုက်စေခဲ့ပါကြောင်း၊ အဆိုပါကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန်နှင့် ECCD Coverage တိုးမြှင့်နိုင်ရေးအတွက် ပိုမိုအားထုတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပုဂ္ဂလိက/ ကိုယ့်အားကိုယ်ကိုး နေ့ကလေးထိန်းဌာနများ၊ မူလတန်းကြိုကျောင်းများ၊ အထူးပညာရေးကျောင်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံချက်ကိုလည်းကောင်း၊ ECCD ဆိုင်ရာ ဘာသာရပ်တာဝန်ခံများက ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းလွှမ်းခြုံမှုမြင့်မားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲစီမံချက်ကို လည်းကောင်း အသီးသီး တင်ပြကြသည်။ ဆက်လက်၍ မူလတန်းကြိုကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများအနေဖြင့် မူလတန်းကြိုကျောင်းများတွင် Social Distancing နှင့်အညီ ဆောင်ရွက်နိုင်ရေး အသိပညာပေးရေး Video Clip အား ပြသခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

*စာမျက်နှာ ၁၁ မှ*

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၆၂ | နွားကူးလေးကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၅၃၁ | ၅၆၉ | ၃၆၉ | ၂၀၀ | |
| ၆၃ | ကျွဲတပ်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၄၂ | ၂၀၈ | ၂၀၈ | | |
| ၆၄ | ငါးဆူကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၀၉ | ၂၄၁ | ၂၄၁ | | |
| ၆၅ | အုပ်ရှစ်ကုန်းကျေးရွာအုပ်စု | ၂ | ၇၀၀ | ၅၅၇ | ၁၄၃ | ၁၄၃ | | |
| ၆၆ | တလိုင်းကုန်းကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၀၃ | ၁၉၇ | ၁၂၇ | ၇၀ | |
| ၆၇ | ကြောင်ပန်းကုန်းကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၁၀၃၇ | ၂၁၃ | ၂၁၃ | | |
| ၆၈ | ကုန်းကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၁၈၉ | ၂၆၁ | ၂၆၁ | | |
| ၆၉ | ကုက္ကိုစုကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၉၆ | ၂၀၄ | ၂၀၄ | | |
| ၇၀ | လက်ခုပ်ကုန်းကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၇၄ | ၁၂၆ | ၁၂၆ | | |
| ၇၁ | မိုင်းလမ်းကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၉၇ | ၅၃ | ၅၃ | | |
| ၇၂ | ခန္ဓောကျေးရွာအုပ်စု | ၄ | ၃၇၅၀ | ၂၅၁၁ | ၁၂၃၉ | ၇၃၉ | ၅၀၀ | |
| ၇၃ | သာလွန်ကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၃၃၂ | ၃၆၈ | ၃၆၈ | | |
| ၇၄ | သပြေတောင်းကျေးရွာအုပ်စု | ၈ | ၆၇၅၀ | ၅၄၅၉ | ၁၂၉၁ | ၁၂၄၁ | ၅၀ | |
| ၇၅ | ပွဲလုံးကျော်ကျေးရွာအုပ်စု | ၄ | ၂၉၅၀ | ၂၃၁၈ | ၆၃၂ | ၆၃၂ | | |
| ၇၆ | မြိုင်ကုန်းကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၆၄၃ | ၅၀၇ | ၄၅၇ | ၅၀ | |
| ၇၇ | နမ်းခင်းကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၇၀၃ | ၅၄၇ | ၃၉၇ | ၁၅၀ | |
| ၇၈ | မိုင်းမောကျေးရွာအုပ်စု | ၄ | ၃၁၅၀ | ၂၅၁၆ | ၆၃၄ | ၆၃၄ | | |
| ၇၉ | ကံဆွယ်ကျေးရွာအုပ်စု | ၇ | ၅၆၀၀ | ၄၂၂၃ | ၁၃၇၇ | ၁၂၂၇ | ၁၅၀ | |
| ၈၀ | ခရုတုပ်ကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၁၇၉၈ | ၅၅၂ | ၄၀၂ | ၁၅၀ | |
| ၈၁ | အုန်းကုန်းကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၂၄ | ၁၂၆ | ၁၂၆ | | |
| ၈၂ | ကဆွန်ကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၈၂၈ | ၄၂၂ | ၄၂၂ | | |
| ၈၃ | အိမ်ရှေ့တောင်ကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၅၁၆ | ၃၈၄ | ၃၈၄ | | |
| ၈၄ | မြစ်ဆုံကြီးကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၂၃၀ | ၃၇၀ | ၃၇၀ | | |
| ၈၅ | လမ်းခွကျေးရွာအုပ်စု | ၆ | ၄၁၀၀ | ၃၁၄၄ | ၉၅၆ | ၉၅၆ | | |
| ၈၆ | မြင်းရွာကြီးကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၁၀၈၇ | ၂၁၃ | ၂၁၃ | | |
| ၈၇ | ဒါးဝယ်အင်းကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၃၇၅ | ၄၂၅ | ၄၂၅ | | |
| ၈၈ | ဒိုင်းကျေးရွာအုပ်စု | ၅ | ၄၈၅၀ | ၃၉၂၉ | ၉၂၁ | ၉၂၁ | | |
| ၈၉ | နွားကူးကြီးကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၈၆၀ | ၁၄၀ | ၁၈၂ | | ၄၂ |
| ၉၀ | ခင်လယ်ကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၈၃၄ | ၁၆၆ | ၁၆၆ | | |
| ၉၁ | ကျီတိုင်ကျေးရွာအုပ်စု | ၄ | ၃၁၀၀ | ၂၆၇၆ | ၄၂၄ | ၃၇၄ | ၅၀ | |
| ၉၂ | ပခမ်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၆၇၁ | ၁၂၉ | ၁၂၉ | | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၂၀၀ | ၁၇၀၉၀၀ | ၁၃၃၀၅၆ | ၃၇၈၄၄ | ၃၄၆၉၆ | ၃၂၉၀ | ၁၄၂ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၄၂၃ | ၃၈၉ | ၃၄ | ၃၄ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၀၀၀၀ | | ၁၀၀၀၀ | ၁၀၀၀၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၀၀ | ၁၈၁၃၂၃ | ၁၃၃၄၄၅ | ၄၇၈၇၈ | ၄၄၇၃၀ | ၃၂၉၀ | ၁၄၂ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တရုတ်နိုင်ငံ၏ ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအသုတ်ကို ကမ္ဘောဒီးယားလက်ခံရရှိ

ဖနောင်ပင် ဧပြီ ၁

တရုတ်နိုင်ငံက လှူဒါန်းလိုက်သော ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအသုတ်ကို သယ်ဆောင်လာသော အထူးလေယာဉ်တစ်စင်းသည် ကမ္ဘောဒီးယားနိုင်ငံ မြို့တော် ဖနောင်ပင်သို့ မတ် ၃၁ ရက်ညက ရောက်ရှိ လာခဲ့ရာ နိုင်ငံသားများကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။



ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝမ်(ဝဲ)နှင့် ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တီဘန့်တို့ ဆီနိုဖမ်းကာကွယ်ဆေး လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်လာသည်ကို တွေ့ရစဉ်။

ဖနောင်ပင်လေဆိပ်၌ ရောက်ရှိနေသော ကိုဗစ်-၁၉ ကာကွယ်ဆေး လွှဲပြောင်းပေးအပ်ပွဲတွင် ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တီဘန့်၊ ကျန်းမာရေးဝန်ကြီး မန်ဘွန်ဟန်နှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝမ်ဝိန်ကျန်တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗိုလ်ချုပ်ကြီး တီဘန့်က ကမ္ဘောဒီးယားနိုင်ငံကို ကာကွယ်ဆေးလှူဒါန်းခဲ့သည့်အတွက် တရုတ်နိုင်ငံကို လေးလေးနက်နက် ကျေးဇူးတင်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ယခုကဲ့သို့ ကာကွယ်ဆေးလှူဒါန်းမှုသည် ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ရေးနှင့် ကမ္ဘောဒီးယားပြည်သူများ၏ဘဝကို ကာကွယ်ရာတွင် အရေးပါကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ်သည် ကမ္ဘောဒီးယားနိုင်ငံသို့ ဖေဖော်ဝါရီ ၇ ရက်က ရောက်ရှိခဲ့ပြီးနောက် ယခုတစ်ကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးလှူဒါန်းမှုသည် ဒုတိယအသုတ်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုဖြစ်စဉ်သည် နှစ်နိုင်ငံ အစိုးရများနှင့် ပြည်သူများအကြား အနီးကပ်ပူးပေါင်းဆောင်ရွက်မှုဖြစ်သလို သံမဏိကဲ့သို့ ခိုင်မာသော ချစ်ကြည်ရင်းနှီးမှု၏ သက်သေအထောက်အထား တစ်ခုဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားလိုက်သည်။

ခက်ခဲသည့်အချိန်တွင် ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအသုတ်ကို ယခုကဲ့သို့ ရက်ရောစွာဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ လှူဒါန်းခဲ့သည့်အတွက် ကမ္ဘောဒီးယားအစိုးရနှင့် ပြည်သူများသည် တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများကို ကျေးဇူးတင်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။

သံအမတ်ကြီး ဝမ်က ယခုလို ကိုဗစ်-၁၉ ကာကွယ်ဆေးများလှူဒါန်းခြင်းသည် ကမ္ဘာ့ပြည်သူများ ကောင်းကျိုးရရှိစေရန်အတွက် တရုတ်နိုင်ငံ၏ မဆုတ်မနစ်ကတိကဝတ် ရောင်ပြန်ဟပ်ခြင်းပင်ဖြစ်ကြောင်း ပြောသည်။

မိမိအနေဖြင့် တရုတ်ကာကွယ်ဆေးသည် ကိုဗစ်-၁၉ ကို ဆန့်ကျင်တိုက်ဖျက်ရာတွင် ကမ္ဘောဒီးယား ပြည်သူများအတွက် ကျန်းမာသော အကာအကွယ်များကို တည်ဆောက်နိုင်လိမ့်မည်ဟု ရိုးသားစွာ ယုံကြည်မျှော်လင့်ကြောင်း ဝမ်က ပြောကြားလိုက်သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၎င်း၏ ကာကွယ်ဆေးထိုးအစီအစဉ်ကို ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်ခဲ့သည်။ မတ် ၃၁ ရက်အထိ ဦးစားပေးအုပ်စုတွင်ပါဝင်သူပေါင်း ၄၀၇၀၀၀ အား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့ကြောင်း အစိုးရ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ဘေးကင်းလုံခြုံပြီး ထိရောက်ကြောင်းနှင့် ကာကွယ်ဆေးထိုးပြီးနောက် ဘေးထွက်ဆိုးကျိုးဖော်ပြခြင်း မျိုးမရှိသေးကြောင်း သိရသည်။

လူဦးရေ ၁၆ သန်းအနက် အနည်းဆုံး လူဦးရေ ၁၀ သန်းကို ကာကွယ်ဆေးထိုးပေးရန် ရည်မှန်းထားကြောင်း သိရသည်။

ဆင်ဟွာ

# အိုဆာကာမြို့ကို ဖြတ်၍ တိုကျိုအိုလံပစ်မီးရှူးတိုင် လက်ဆင့်ကမ်းသယ်ဆောင်မှုကို ဖျက်သိမ်းရန် အုပ်ချုပ်ရေးမှူး တိုက်တွန်းပြောကြား

အိုဆာကာ ဧပြီ ၁

ကိုဗစ်-၁၉ အခြေအနေသည် အိုဆာကာခရိုင်တွင် ဆိုးရွားနေသဖြင့် မြို့ကိုဖြတ်၍ တိုကျိုအိုလံပစ်မီးရှူးတိုင် လက်ဆင့်ကမ်း သယ်ဆောင်မှုကို ဖျက်သိမ်းရန် အိုဆာကာအုပ်ချုပ်ရေးမှူး ဟီရိုဖူမီ ယိုရှီမူရာက တိုက်တွန်းလိုက်သည်။


တိုချီဂီကို ဖြတ်သန်းပြီး အိုလံပစ်မီးရှူးတိုင် လက်ဆင့်ကမ်းသယ်ဆောင်လာသည်ကို လာရောက်ကြည့်ရှုကြသည့် ပြည်သူများကို တွေ့ရစဉ်။

အိုဆာကာမြို့လယ်ကို ဖြတ်ပြီး တိုကျိုအိုလံပစ်မီးရှူးတိုင် လက်ဆင့်ကမ်း သယ်ဆောင်ခြင်းကို ဖျက်သိမ်းသင့်သည်ဟု ထင်မြင်ယူဆကြောင်း ၎င်းက ပြောသည်။

အိုဆာကာခရိုင်တွင် ဧပြီ ၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၁၆ ဦး ရှိခဲ့သည်။ အဆိုပါ ပမာဏသည် နှစ်လအတွင်း အမြင့်ဆုံးအဆင့် ကူးစက်ဖြစ်ပွားမှုဖြစ်ပြီး ဂျပန်နိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အပြင်းထန်ဆုံး ခရိုင်တစ်ခု ဖြစ်လာသည်။

အိုဆာကာမြို့တော်ဝန် အီချီယိုမက်ဆုအီက မီးရှူးတိုင် လက်ဆင့်ကမ်း သယ်ဆောင်ခြင်းကို ဂျပန်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တွင် မကျင်းပသင့်ကြောင်း ပြောကြားသည်။

မီးရှူးတိုင် လက်ဆင့်ကမ်းသယ်ဆောင်ကြသည့် နိုင်ငံအတွင်းရှိ တခြားဒေသများကို ကြည့်လျှင် လူထုစုဝေးမှုများ ဖြစ်ပွားခဲ့ကြောင်း မက်ဆုအီက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားလိုက်ပြီး ယခုလို ကိုဗစ်-၁၉ ကူးစက်မှု ဖြစ်ပွားနေချိန်တွင် မကျင်းပသင့်ကြောင်းပြောကြားခဲ့သည်။

ဂျပန်အစိုးရသည် ကိုဗစ်-၁၉ ရုတ်တရက် ကူးစက်မှု တိုးလာခြင်းကို တားဆီးထိန်းချုပ်ရန် အိုဆာကာ၊ ဟိုဂိုနှင့် မီယာဂီခရိုင်တို့တွင် ပြင်းထန်သည့် ကိုဗစ်-၁၉ ဆန့်ကျင်ရေး ဆောင်ရွက်ချက်များကို ချမှတ်ခဲ့ပြီး အဆိုပါဒေသများကို တစ်စိတ်တစ်ပိုင်း အရေးပေါ်အခြေအနေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

အဆိုပါ ဆောင်ရွက်ချက်များသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ရန်နှင့် နောက်ထပ် အရေးပေါ်အခြေအနေ ကြေညာရန် လိုအပ်လာမည့် အခြေအနေကို ကြိုတင်ရှောင်ရှားရန်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆူဂါ ယိုရှီဟိဒဲ က ပြောကြားလိုက်သည်။

အိုလံပစ်မီးရှူးတိုင် လက်ဆင့်ကမ်းမှု မပြုလုပ်ခင် လေးရက်အလို မတ် ၂၁ ရက်က ဂျပန်အစိုးရသည် တိုကျိုနှင့် အနီးဝန်းကျင်သုံးနေရာအား အရေးပေါ်အခြေအနေမှ ရုပ်သိမ်းပေးခဲ့သည်။

အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဥရောပခရီးသွားများနှင့် တခြားနိုင်ငံပေါင်း ၁၂ နိုင်ငံမှ ခရီးသွားများကို ခရီးသွားလာခွင့်ပိတ်

ဒါကာ ဧပြီ ၁

ဧပြီ ၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုသည် သေဆုံးမှုနှင့်တွဲလျက် စံချိန်တင် တိုးလာပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဗြိတိန်မှလွဲ၍ ဥရောပ ခရီးသွားများနှင့် တခြားနိုင်ငံပေါင်း ၁၂ နိုင်ငံတို့မှ ခရီးသွားများကို ခရီးသွားလာခွင့်ဆိုင်ရာ တားဆီးပိတ်ဆို့မှုများ ကျင့်သုံးခဲ့ကြောင်း သိရသည်။

ယခုလို လုပ်ဆောင်ခြင်းသည် ကိုဗစ်-၁၉ လှိုင်းဂယက်သစ် ထပ်မံရိုက်ခတ်လာမည့် အခြေအနေမှ တားဆီးကာကွယ်ခြင်း ဖြစ်သလို ကမ္ဘာတစ်ဝန်း နိုင်ငံအတော်များများသို့ ကူးစက်ပျံ့နှံ့လျက်ရှိသော အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်များကို တားဆီးကာကွယ်ရန်လည်း ဖြစ်သည်။

စနေနေ့မှစတင်သည့် အဆိုပါ ခရီးသွားလာခွင့် တားဆီးပိတ်ဆို့မှုများတွင် အီးယူနိုင်ငံမဟုတ်သော နိုင်ငံပေါင်း ၁၂ နိုင်ငံဖြစ်သည့် အာဂျင်တီးနား၊ ဘာရိန်း၊ ဘရာဇီး၊ ချီလီ၊ ဂျော်ဒန်၊ ကူဝိတ်၊ လက်ဘနွန်၊ ပီရူး၊ ကာတာ၊ တောင်အာဖရိက၊ တူရကီနှင့် ဥရုဂွေးနိုင်ငံတို့ပါဝင်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ လေကြောင်း အာဏာပိုင်အဖွဲ့က ဧပြီ ၁ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့ပြီး အဆိုပါ ခရီးသွားလာခွင့် တားဆီးမှုများသည် ဧပြီ ၁၈ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မတ် ၈ ရက်မှစကာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပြည်နယ်များအားလုံးနီးပါးသို့ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း တရားဝင်အချက်အလက်များတွင် ဖော်ပြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသူပေါင်း ၆၁၇၇၆၄ ဦးအထိ တိုးလာပြီး သေဆုံးသူပေါင်းမှာလည်း ၉၁၀၅ ဦးအထိရှိလာကြောင်း သိရသည်။

ဆင်ဟွာ

# အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း တစ်သန်းခွဲကျော်အထိ ရောက်ရှိလာ

ဂျကာတာ ဧပြီ ၁

အင်ဒိုနီးရှားနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ နောက်ထပ် ၆၁၄၂ ဦးတိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၅၁၇၈၅၄ ဦးအထိရောက်ရှိလာကြောင်း သိရသည်။

ထို့အပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၉၆ ဦး တိုးလာမှုနှင့်အတူ စုစုပေါင်း သေဆုံးသူအရေအတွက် ၄၁၀၅၄ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၁ ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး နောက်ထပ်ဆေးရုံမှ ဆင်းသွားသူ ၇၂၄၈ ဦးနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၁၃၅၅၅၇၈ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း သိရသည်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် နိုင်ငံ၏ ပြည်နယ်ပေါင်း ၃၄ ပြည်နယ်သို့ ပျံ့နှံ့ဖြစ်ပွားလျက်ရှိသည်။

ဆင်ဟွာ

# ကမ္ဘာတစ်ဝန်းမှာ ကူးစက်မှု မြင့်တက်လာနိုင်တဲ့အတွက် ဆက်လက်သတိထားသွားရမယ့် ကိုဗစ်-၁၉ ကပ်ရောဂါ

—— ထွန်းကျော် ——

လွန်ခဲ့တဲ့ သီတင်းပတ်က ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူတွေဟာ သန်းထက်ဝက်ကျော်လွန်ခဲ့ပါတယ်။ ဒီကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအရေအတွက်ဟာ ဆက်လက်တိုးတက်လာဖွယ်ရှိသေးတယ်လို့ အေအက်ဖ်ပီ သတင်းအချက်အလက်ဘဏ်က ထုတ်ဖော် ပြောကြားလိုက်ပါတယ်။

**ကာကွယ်ဆေးဟာ အဖြေတစ်ခုအဖြစ် ဆက်လက်ကျန်ရှိ**

သို့သော်လည်း ဒီအခြေအနေမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးဟာ အဖြေတစ်ခုအဖြစ် ဆက်လက်ကျန်ရှိနေပါတယ်။ အခုဆိုရင် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူတွေဟာ ၂ ဒသမ ၇ သန်းကျော် ရောက်ရှိလာပါတယ်။ ကမ္ဘာကြီးတစ်ခုလုံးမှာ ကိုဗစ်-၁၉ ကူးစက်မှုတွေဟာ တန်းတူဖြစ်တယ်လို့ ပြောလို့မရပါဘူး။ တချို့နေရာတွေမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ ကျဆင်းနေသလို တချို့နေရာတွေမှာတော့ ကိုဗစ်-၁၉ ကူးစက်မှုတွေ တိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

အထူးသဖြင့် အစ္စရေးမှာတော့ ကိုဗစ်-၁၉ ကူးစက်မှုတွေဟာ ပမာဏများစွာကျဆင်းခဲ့ပြီး ဘရာဇီးမှာတော့ ကိုဗစ်-၁၉ ကူးစက်မှုတွေဟာ များပြားလာတာကိုတွေ့ရပါတယ်။

လွန်ခဲ့တဲ့ သီတင်းပတ်က နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ ၁၃ ရာခိုင်နှုန်းတိုးလာပြီး ပျမ်းမျှအားဖြင့် ၅၂၃၈၀၀ ရှိခဲ့ပါတယ်လို့ အေအက်ဖ်ပီစာရင်းမှာ ဖော်ပြထားပါတယ်။

**ဆက်လက်မြင့်တက်လာဖွယ်ရှိ**

တစ်နှစ်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ထက်ဝက်လောက် မခန့်မှန်းနိုင်လောက်အောင် ကျဆင်းလာပြီးနောက်မှာတော့ မတ်လမှစပြီးနောက်ထပ် တစ်လကျော်ကာလအထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုပမာဏဟာ ဆက်လက်မြင့်တက်လာဖွယ် ရှိနေပါတယ်လို့ အေအက်ဖ်ပီ စာရင်းအရ သိရပါတယ်။

ဒေသတွင်းအဆင့်မှာဆိုရင် အမေရိကန်ပြည်ထောင်စုနဲ့ ကနေဒါမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ ရှစ်ရာခိုင်နှုန်းလောက် ကျဆင်းလာတာကိုတွေ့ရပါတယ်။ ဒါပေမယ့် အရှေ့အလယ်ပိုင်းမှာတော့ တည်တည်ငြိမ်ငြိမ် ဖြစ်နေပါတယ်။

ကမ္ဘာပေါ်မှာရှိတဲ့ တခြားဒေသတွေမှာတော့ ကိုဗစ်-၁၉ ကူးစက်မှုတွေ တိုးလာတာကို တွေ့မြင်ရပါတယ်။ အာရှမှာ ထက်ဝက်လောက်၊ ဥရောပမှာ ၁၅ ရာခိုင်နှုန်းလောက်၊ လက်တင်အမေရိကမှာ ကိုးရာခိုင်နှုန်းလောက်၊ မြေထဲပင်လယ်မှာလည်း ကိုးရာခိုင်နှုန်း၊ အာဖရိကမှာ ခုနစ်ရာခိုင်နှုန်းလောက် မြင့်တက်လာကြပါတယ်။

ကျွန်းဆွယ်နိုင်ငံတွေမှာတော့ သုံးရာခိုင်နှုန်းလောက် မြင့်တက်လာတာကိုတွေ့ရပါတယ်။ ပါပူအာနယူးဂီနီမှာဆိုရင် တစ်နေ့ကို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူတွေဟာ ၃၀၀ လောက်ရှိပါတယ်။ ကိုဗစ်-၁၉ ဆန်းသပ်စစ်ဆေးမှုတွေ ကျယ်ကျယ်ပြန့်ပြန့် မလုပ်နိုင်တဲ့အတွက် အဲဒီပမာဏဟာ လျော့နည်းတွက်ချက်ထားတယ်ဆိုတာ သံသယရှိစရာတောင် မလိုပါဘူး။

**ကိုဗစ်-၁၉ ကူးစက်မှုများတဲ့ကာလ**

ဘင်္ဂလားဒေ့ရှ်မှာတော့ နှစ်ရက်ဆက်တိုက် ကိုဗစ်-၁၉ ကူးစက်မှုများတဲ့ကာလဖြစ်နေပါတယ်။ ဘင်္ဂလားဒေ့ရှ်မှာဆိုရင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၈၀ ရာခိုင်နှုန်း သို့မဟုတ် တစ်နေ့ကို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ၂၈၀၀ လောက်ရှိပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်က နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၀၀ ကျော်တဲ့ အထဲမှာ ပါဝင်တဲ့ နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ခဲ့ပါတယ်။



အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားရှိ ဆေးရုံတစ်ရုံ၏ ဆေးဘက်ဆိုင်ရာဌာနတစ်ခုတွင် ကျန်းမာရေးဝန်ထမ်းများ တာဝန်ထမ်းဆောင်နေသည်ကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၆ ရာခိုင်နှုန်း သို့မဟုတ် နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၄၇၀၀ ရှိပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာဆို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၃ ရာခိုင်နှုန်း သို့မဟုတ် ကူးစက်ဖြစ်ပွားသူ ၇၄၀၀ ကျော်၊ အဇာဘိုင်ဂျန်မှာ ၄၉ ရာခိုင်နှုန်း သို့မဟုတ် ကူးစက်ဖြစ်ပွားသူ ၁၁၀၀ နဲ့ တူရကီမှာ ၄၈ ရာခိုင်နှုန်း သို့မဟုတ် ကူးစက်ဖြစ်ပွားသူ ၄၂၀၀ ရှိပါတယ်။

**အပိုင်းဂဏန်းတစ်ခုမျှသာဖြစ်**

ကိုဗစ်-၁၉ အတည်ပြုအရေအတွက်ဟာ တကယ့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းရဲ့ အပိုင်းဂဏန်းတစ်ခုမျှသာ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ မတူညီတဲ့နိုင်ငံတွေက မတူညီတဲ့ ကိုဗစ်-၁၉ အစဉ်အလာတွေကို လိုက်နာလုပ်ဆောင်တဲ့အတွက် ရလဒ်တွေလည်း ကွဲပြားမှုရှိပါတယ်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှု အရေအတွက်မှာ အစ္စရေးဟာ အကြီးအကျယ်ကူးစက်ဖြစ်ပွားမှု အရေအတွက်ကျဆင်းလာပါတယ်။ ထက်ဝက်လောက် သို့မဟုတ် ၅၂ ရာခိုင်နှုန်းလောက် သို့မဟုတ် တစ်နေ့ကို ၈၀၀ လောက် ကူးစက်မှုကျဆင်းခဲ့တာဖြစ်ပါတယ်။

**"အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၆ ရာခိုင်နှုန်း သို့မဟုတ် နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၄၇၀၀ ရှိပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာဆို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၃ ရာခိုင်နှုန်း သို့မဟုတ် ကူးစက်ဖြစ်ပွားသူ ၇၄၀၀ ကျော်၊ အဇာဘိုင်ဂျန်မှာ ၄၉ ရာခိုင်နှုန်း သို့မဟုတ် ကူးစက်ဖြစ်ပွားသူ ၁၁၀၀ နဲ့ တူရကီမှာ ၄၈ ရာခိုင်နှုန်း သို့မဟုတ် ကူးစက်ဖြစ်ပွားသူ ၄၂၀၀ ရှိပါတယ်"**

အစ္စရေး ၁၀ ယောက်လောက်မှာ ခြောက်ယောက်လောက်က ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးပြီဖြစ်ပါတယ်။ လူဦးရေရဲ့ ထက်ဝက်လောက်ဟာ အများဆုံးကာကွယ်ဆေး နှစ်ကြိမ်ထိုးဖို့ ရည်မှန်းချက် ပြည့်လုနီးနေပြီဖြစ်ပါတယ်။

**ကူးစက်ဖြစ်ပွားသူအရေအတွက်နဲ့ သေဆုံးသူအများဆုံးဖြစ်**

ချက်သမ္မတနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ ၂၃ ရာခိုင်နှုန်းကျဆင်းလာခဲ့ပါတယ်။ ဆလိုဗက်ကီးယားမှာ ၁၅ ရာခိုင်နှုန်း၊ အနောက်ဘက်ကမ်းရိုးတန်းမှာ ၁၂ ရာခိုင်နှုန်းနဲ့ အမေရိကန်ပြည်ထောင်စုမှာ ၁၀ ရာခိုင်နှုန်းထက်နည်းတာကို တွေ့ရပါတယ်။

ဘရာဇီးနိုင်ငံမှာတော့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက်နဲ့ သေဆုံးသူအရေအတွက် အများဆုံး ဖြစ်ခဲ့ပါတယ်။ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ အရေအတွက်ဟာ ၇၇၀၅၀ ရှိခဲ့ပြီး နောက်ထပ် ခုနစ်ရာခိုင်နှုန်း တိုးလာခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုမှာတော့ နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းဟာ ၅၈၂၀၀ ဖြစ်ပြီး အနုတ် ၁၀ ရာခိုင်နှုန်း တိုးလာခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှာတော့ ၆၆ ရာခိုင်နှုန်းထပ်တိုးလာပြီး ဒါဟာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက်နဲ့ပြောရင် တစ်နေ့ကို ပျမ်းမျှ ၄၄၇၀၀ ဖြစ်ပါတယ်။ ပြင်သစ်မှာ နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၇ ရာခိုင်နှုန်း ၃၄၆၀၀၊ ပိုလန်မှာ နောက်ထပ် ၂၇ ရာခိုင်နှုန်း ၂၄၄၀၀ ရှိပါတယ်။

**လေးရာခိုင်နှုန်းလောက် မြင့်တက်လာ**

ဘရာဇီးနိုင်ငံမှာ တစ်နေ့ကို ပျမ်းမျှ ၂၂၈၀ လောက်သေဆုံးလျက်ရှိပါတယ်။ ထို့နောက် အမေရိကန်ပြည်ထောင်စုမှာတော့ ၁၀၀၄ ဦး၊ မက္ကဆီကိုနိုင်ငံမှာတော့ ၅၁၅ ဦး၊ အီတလီမှာတော့ ၄၂၁ ဦးနဲ့ ရုရှားမှာတော့ ၃၉၈ ဦးလောက်သေဆုံးခဲ့ပါတယ်။

အက်စ်တိုးနီးယားနိုင်ငံမှာတော့ တစ်သိန်းမှာ ၇၀၉ ဦးလောက် သေဆုံးခဲ့ပါတယ်။

ကမ္ဘာတစ်ဝန်းလုံးမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးတဲ့ အရေအတွက်ဟာ လေးရာခိုင်နှုန်းလောက် တိုးလာခဲ့ပြီး ဒါဟာ တစ်နေ့ကို သေဆုံးသူ ၉၁၃၀ သေဆုံးလျက်ရှိတယ်ဆိုတာကို ဖော်ပြခဲ့ပါတယ်။ သို့သော်လည်း ဒီသေဆုံးတဲ့ပမာဏဟာ ဇန်နဝါရီမှာ မှတ်တမ်းတင်ခဲ့တဲ့ အမြင့်ဆုံး သေဆုံးတဲ့ပမာဏကို မမီခဲ့ပါဘူး။ အဲဒီအချိန်ကဆိုရင် တစ်နေ့ကို သေဆုံးသူ ၁၅၀၀၀ လောက် ရှိခဲ့ပါတယ်။ ။

ကိုးကား-အေအက်ဖ်ပီ

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၂ ဦး တွေ့ရှိ

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၃၀–၄–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁–၄–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၃၄၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၃၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၃၉,၅၈၆) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၄၆၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၀၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၁-၄ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၁၆၈၂၇၂ | ၂၃၆၇၄၁၅၇ | ၅၆၅၂၇၃ |
| ၂။ | ဘရာဇီး | ၁၄၇၅၃၂၅၈ | ၁၃၁၆၉၉၃၇ | ၄၀၁၈၈၆ |
| ၃။ | အိန္ဒိယ | ၁၉၁၂၁၆၆၅ | ၁၅၆၇၄၆၈၃ | ၁၆၂၉၆၀ |
| ၄။ | ပြင်သစ် | ၄၆၄၄၄၂၃ | ၂၉၄၆၃၈ | ၉၅၆၄၀ |
| ၅။ | ရုရှား | ၄၅၅၄၂၆၄ | ၄၁၇၆၄၁၉ | ၉၉၂၃၃ |
| ၆။ | ဗြိတိန် | ၄၃၄၅၇၈၈ | ၃၈၄၇၃၅၁ | ၁၂၆၇၁၃ |
| ၇။ | အီတလီ | ၃၅၈၄၈၉၉ | ၂၉၁၃၀၄၅ | ၁၀၉၃၄၆ |
| ၈။ | တူရကီ | ၃၃၁၇၁၈၂ | ၃၀၁၄၂၆ | ၃၁၅၃၇ |
| ၉။ | စပိန် | ၃၂၈၄၃၅၃ | ၃၀၄၂၃၂ | ၇၅၄၅၉ |
| ၁၀။ | ဂျာမနီ | ၂၈၃၄၇၄၄ | ၂၅၃၅၀၀၀ | ၇၇၀၇၇ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁- ၄ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၆၇၂၈၅၄ | ၁၅၂၅၅၇၈ | ၄၅၀၅၄ |
| ဖိလစ်ပိုင် | ၇၅၆၁၉၉ | ၆၀၃၉၄၈ | ၁၃၃၀၃ |
| မလေးရှား | ၃၉၆၆၇၈ | ၃၇၁၀၀၁ | ၁၂၇၈ |
| မြန်မာ | ၁၄၂၄၆၆ | ၁၃၁၈၀၂ | ၃၂၀၆ |
| စင်ကာပူ | ၆၀၄၀၇ | ၆၀၁၆၁ | ၃၀ |
| ထိုင်း | ၂၈၈၈၉ | ၂၇၅၄၈ | ၉၄ |
| ဗီယက်နမ် | ၂၉၁၇ | ၂၅၃၉ | ၃၅ |
| ကမ္ဘောဒီးယား | ၂၄၇၇ | ၁၂၄၀ | ၁၄ |
| ဘရူနိုင်း | ၂၂၂ | ၁၉၄ | ၃ |
| လာအို | ၄၉ | ၄၅ | ၀ |






# မင်္ဂလာပါ မြန်မာ

## စာချစ်သူ

ပြီးခဲ့သည့် လေးနှစ်က ပြည်ပလေ့လာရေးခရီးစဉ်တစ်ခု သွားဖြစ်ခဲ့ပါသည်။ ဟိုရောက်တော့ အဖွဲ့ဝင်များအဖြစ် အာဆီယံနိုင်ငံများသာမက တောင်အာရှနိုင်ငံများက ကိုယ်စားလှယ်များနှင့်ပါ တွေ့ရဆုံကြရသည်။ မျက်မှန်းတန်းလာကြတော့ တစ်ဦးနှင့် တစ်ဦးတွေ့လျှင် နှုတ်ဆက်ကြသည်။ များသောအားဖြင့် သူတို့က Good Morning, Good Afternoon, Good Evening, Good Night စသည်ဖြင့်ပေါ့။ ကျွန်တော်ကမူ မြန်မာပီပီ "မင်္ဂလာပါ"ဟုသာ နှုတ်ဆက်ပါသည်။



မြန်မာနိုင်ငံတွင်မူ ထိုသို့ အမြဲတမ်းနှုတ်ဆက်လေ့မရှိသော်လည်း ပြည်ပတွင် ထိုသို့ ကိုယ့်ယဉ်ကျေးမှုကို တတ်အားသရွေ့ဖော်ပြ နှုတ်ဆက်လိုက်ရသည်မှာ ခံတွင်းတွေ့ပါ၏။ ကျေနပ်ပါ၏။ သို့နှင့် သူတို့ကပါ ကျွန်တော့်ကိုတွေ့လျှင် "မင်္ဂလာပါ" ဟု နှုတ်ဆက်ကြလေ၏။ ပီတိဖြစ်ရပါ၏။

### လိုက်နာကျင့်သုံး ကြဆဲ

"မြန်မာ့ယဉ်ကျေးမှု" ။ တကယ်တော့ မြန်မာ့ယဉ်ကျေးမှု၏ အဓိက အစိတ်အပိုင်းများသည် ဗုဒ္ဓဘာသာမှ သက်ဆင်းလာခြင်းဖြစ်ပေသည်။ မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်မြို့သား သိင်္ဂါလသတို့သားအား "မိဘဝတ်"၊ "သားသမီးဝတ်"၊ "ဆရာဝတ်"၊ "တပည့်ဝတ်"၊ "လင့်ကျင့်ဝတ်"၊ "မယားကျင့်ဝတ်"၊ "အလုပ်ရှင်ဝတ်"၊ "အလုပ်သမားဝတ်"၊ "မိတ်ဆွေဝတ်" စသည့် လူမှုရေးတရားတော်များကို ဟောကြားတော်မူခဲ့ရာ မြန်မာတို့က မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ယနေ့တိုင် သားစဉ်မြေးဆက် မွေခံထိုက်စေလိုက်နာကျင့်သုံးကြဆဲဖြစ်ပါသည်။

"မင်္ဂလာပါ" ၊ မင်္ဂလာပါဟု ကျွန်တော်တို့ နှုတ်ဆက်လေတိုင်း -

"လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့
မမှီဝဲနှင့် ကင်းအောင်နေ၊
ပညာရှိကို အရှည်တွဲလို့
မှီဝဲဆည်းကပ် နည်းယူစေ၊
သုံးပါးရတနာ မိဘများနှင့်
ဆရာသမားကို ပူဇော်လေ၊
ချမ်းသာကိုပေး ဆက်ဆံရေး
မျှော်တွေး သုံးချက်ပေ၊
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ" ...။

စသည်ဖြင့် ငယ်စဉ်က မူလတန်းကျောင်းများတွင် လက်အုပ်ချီမိုး ရွတ်ဆို ပူဇော်ခဲ့ရသည့် ဆရာကြီး ဒဂုန်ဦးထွန်းမြင့်၏ "မင်္ဂလာကဗျာ" ကို အမှတ်ရစေသည်။

ဆရာကြီး ဘဘဦးသုခသည်လည်း "မင်္ဂလသုတ်" အမည်ရှိ စာအုပ်တစ်အုပ်ကို ရေးသားချီးမြှင့်ခဲ့ဖူးပါသည်။ ဆရာကြီးသည် စာအုပ်အမှာစာတွင် "ဗုဒ္ဓဘာသာပရိယတ္တိအစ မင်္ဂလသုတ်ကဟု ဆိုသော် ဆိုနိုင်ကောင်းပါသည်။ မြန်မာဘာသာ (ကကြီး ခခွေး) အရေးအဖတ် သွက်လက်ချက်ချာပြီဆိုလျှင် ထိုမင်္ဂလသုတ်သည် တစ်ဆင့်တက်ရသော မူလတန်းပညာ ဖြစ်ခဲ့ကြရသည်။

### မြစ်ဖျားခံရာ ဘူမိနက်သန်

"မြန်မာစာပေ၏ မြစ်ဖျားခံရာ ဘူမိနက်သန်မှာ ဘုန်းတော်ကြီးကျောင်းများသာ ဖြစ်သည်။ ဘုန်းကြီးကျောင်းမှ အခြားမရှိ။ မိန်းကလေး၊ ယောကျ်ားကလေးမရွေး ဘုန်းကြီးကျောင်းမှာသာ နေကြရသည်။ နေသမျှကလေးတိုင်းသည် ထိုမင်္ဂလသုတ်ကို မလွဲမသွေ မရမနေ အာဂုံဆိုကြရသည်။ ထိုကလေးများ လူလားမြောက်၍ သူတို့၏ သားစဉ်မြေးဆက်များသည်လည်း ထိုဘုန်းကြီးကျောင်းတွင်ပင် နေကြရသဖြင့် ထိုမင်္ဂလသုတ်ကိုပင် ရွတ်ကြ၊ ဆိုကြ၊ အာဂုံရကြပြန်လေရာ မြန်မာပြည်တစ်ပြည်လုံး မင်္ဂလသုတ်သံ မြိမ့်မြိမ့်ညံခဲ့ရသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာမြန်မာလူမျိုးဟု ဆိုလိုက်လျှင် မိဘများမှအစ သားသမီးများအထိ မင်္ဂလသုတ်ကို မကြားဖူးသူမရှိ၊ မရွတ်ဖူးသူမရှိ၊ မရဖူးသူမရှိ။ ထိုခေတ်မှသည် "မြန်မာတွေ စည်းကမ်းဖောက်လို့၊ ထီးနန်းပျောက်ခေတ်" သို့ ရောက်ခဲ့သောအခါ အုပ်ချုပ်သူလူတန်းစားတို့၏ အမူအကျင့်ကို အထင်ကြီး အတုယူတတ်ကြသော နိယာမသဘောတရားအတိုင်း "ဘုန်းကြီးကျောင်းသား သူတောင်းစား၊ အင်္ဂလိပ်ကျောင်းသား အကောင်းစား" ဟူသည့် (ပြက်ရယ်စကား)နှင့်အတူ "ယံမင်္ဂလံ ဒွါဒသဟိ" ဆိုသော အသံသည်လည်း "စီအေတီ-ကက်" ဟူသော အသံများအောက်တွင် နစ်ပျောက် ဆိတ်သုဉ်းကုန်ခဲ့ကြရသည်။

ဤသို့ဆိုလျှင် ယခုခေတ် ဗုဒ္ဓဘာသာလူငယ်လူရွယ်ကလေးများအတွက်၊ (ဝါ) တိုင်းပြည်၏ အညွန့်အညောက်ကလေးများအတွက်၊ (ဝါ) သာသနာ၏ အညွန့်အညောက်ကလေးများအတွက် "မင်္ဂလာအရသာ"ကို သင်းကလေးများ စိတ်ပါဝင်စားနားလည် ဖတ်ရှုချင်စဖွယ် ရေးသားတင်ပြလိုပါသည်" ဟူ၍ ရေးသားခဲ့ပါ၏။ ဤမည်သော စာအုပ်ကို ၁၉၈၂ ခုနှစ် စက်တင်ဘာလက ဒုတိယအကြိမ် ထုတ်ဝေခဲ့ခြင်းဖြစ်၏။

### မိုးယံထက်မှာ လွင့်ပျံနေ

ယနေ့ ပစ္စက္ခကာလ။ မိုးယံထက်မှာ လွင့်ပျံနေသောထဘီများ၊ အမျိုးသမီးအတွင်းခံများ၊ လမ်းပေါ် ပြန့်ကျဲနေသော အမှိုက်များ၊ ဆိုရှယ်မီဒီယာပေါ်တွင် အမနာပ စွပ်စွဲပြောဆိုရေးသားခံနေရမှုများ၊ လူပုံအလယ် လူမြင်ကွင်းဝယ် ဆံပင်ကွက်တိကွက်ကျား အရိတ်ခံကြရသူများ၊ မျက်နှာတွင် ငါးထောင်စားဟု ဆေးမင်ကြောင် တက်တူးအထိုးခံကြရသူများ၊ ထိုထိုမြင်ကွင်းများကား တဖျတ်ဖျတ်။

> "ယနေ့ ပစ္စက္ခကာလ။ မိုးယံထက်မှာ လွင့်ပျံနေသော ထဘီများ၊ အမျိုးသမီးအတွင်းခံများ၊ လမ်းပေါ် ပြန့်ကျဲနေသော အမှိုက်များ၊ ဆိုရှယ်မီဒီယာပေါ်တွင် အမနာပ စွပ်စွဲပြောဆိုရေးသားခံနေရမှုများ၊ လူပုံအလယ် လူမြင်ကွင်းဝယ် ဆံပင်ကွက်တိကွက်ကျား အရိတ်ခံကြရသူများ၊ မျက်နှာတွင် ငါးထောင်စားဟု ဆေးမင်ကြောင် တက်တူးအထိုးခံကြရသူများ၊ ထိုထိုမြင်ကွင်းများကား တဖျတ်ဖျတ်"

"ယဉ်ကျေးမှုတော်လှန်ရေး"။ တရုတ်ပြည်၏ အယူဝါဒရေးရာတို့ကို သန့်ရှင်းခြင်း (အတွေးအခေါ်ဟောင်း၊ ယဉ်ကျေးမှုဟောင်း၊ ဓလေ့စရိုက်ဟောင်း၊ အကျင့်ဟောင်းတို့ကို တိုက်ဖျက်ခြင်း)ဖြင့် တရုတ်ပြည်၏ တိုးတက်မှုကို အရှိန်မြှင့်တင်နိုင်လိမ့်မည်ဟူသော ယူဆချက်ဖြင့် ဥက္ကဋ္ဌကြီးမော်၏ လမ်းညွှန်မှုဖြင့် ငယ်ရွယ်သည့် တပ်နီလူငယ်များက ၁၉၆၆ ခုနှစ်မှ ဆယ်နှစ်တာ ကာလကြာအောင် ဆင်နွှဲခဲ့သည့် ယဉ်ကျေးမှုတော်လှန်ရေးကြီး၏ ဖြစ်စဉ်ဖြစ်ရပ်များကလည်း ဖတ်ခဲ့မှတ်ခဲ့ဖူးသော အမှတ်သညာ အတွင်းဝယ် ဖျတ်ခနဲ ဖျတ်ခနဲ။

သူတို့သည် ဥက္ကဋ္ဌကြီးမော်၏ အဆိုအမိန့်များ ရေးသားထားသည့် စာအုပ်နီကို ဘုရားသခင်၏ အဆိုအမိန့်အလား ထင်မှတ်ကိုင်စွဲလျက် သူတို့အမြင်တွင် တန်ပြန်တော်လှန်ရေးသမားဟု ယူဆသူများကို လူထုခုံရုံးများဖြင့် စီရင်ချက်ချမှတ်ခဲ့ကြသည်။ ဝေဖန် တိုက်ခိုက်ပွဲများဖြင့် လူပုံအလယ်တွင် အပုပ်ချအရှက်ခွဲကြသည်။ တကသိုလ်များ အပိတ်ခံရသည်။

ပါမောက္ခများနှင့် ပညာတတ်များစွာတို့မှာ လေ့ကျင့်ရေးကျောင်းများနှင့် လယ်ယာစိုက်ကွင်းများသို့ အပို့ခံရကာ ဝက်ခြံသန့်ရှင်းရေး(သို့မဟုတ်) လယ်စိုက်ခြင်းစသည့် အလုပ်ကြမ်းများကို လုပ်ကြရသည်။ အလုပ်မှ ထုတ်ပယ်ခံကြရသည်။ လူပုံအလယ်တွင် ဆိုင်းဘုတ်ချိတ်ဆွဲ၍ ရှုတ်ချခံကြရသည်။ လူတို့မှာအချင်းချင်း ရန်စောင်လာကြသည်။ အလုပ်သမား အချင်းချင်း၊ မိတ်ဆွေအချင်းချင်း၊ သားသမီးနှင့် မိဘအချင်းချင်း ရန်သူသဖွယ် ဆက်ဆံလာကြသည်။

အဆိုပါ သမိုင်းကာလနှင့်ပတ်သက်၍ တရုတ်ပြည်၏ ပြုပြင်ပြောင်းလဲရေး ဗိသုကာကြီး တိန့်ရှောင်ဖိန်က "၁၀ နှစ် တိုင်ကြာခဲ့တဲ့ ဒီမဟာယဉ်ကျေးမှုတော်လှန်ရေးဟာ ဘေးဒုက္ခကြီးတစ်ခုဖြစ်တယ်"ဟူ၍ လည်းကောင်း၊ သမ္မတကြီး ကျန်ဇီမင်းက "သမိုင်းတွင် မကြုံဖူးသည့် ပျက်စီးခြင်းကာလ"ဟူ၍ လည်းကောင်း နောက်ပိုင်းတွင် သုံးသပ်ပြောကြားခဲ့ကြ၏။

### ၁၀ နှစ်တာ ကပ်ကြီး

တရုတ်ပြည် နိုင်ငံရေးသုတေသီများကလည်း အဆိုပါ ယဉ်ကျေးမှုတော်လှန်ရေးသည် နိုင်ငံရေးဘက်တွင် "ရန်၊ ငါ" ရောထွေးအောင် လုပ်ပစ်လိုက်ပြီး အတုအယောင် လုပ်ကြံမှုများ၊ မှားယွင်းစွာ စွပ်စွဲစီရင်ဆုံးဖြတ်ခဲ့မှု အများအပြားကို ဖန်တီးခဲ့သည်။ တရုတ်ယွမ် ငွေဘီလျံ ၅၀၀ နီးပါး ဆုံးရှုံးနစ်နာခဲ့ရပြီး ယဉ်ကျေးမှုဘက်တွင်လည်း ပန်းပေါင်းတစ်ရာ ညှိုးနွမ်းကြွေကျခဲ့ရသည်။ ပညာရေး၊ သိပ္ပံပညာနှင့် နည်းပညာဆိုင်ရာဘက်တွင်လည်း ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့ခဲ့ရသည်။ ၁၀ နှစ်တာ ကပ်ကြီးက တရုတ်ပြည်၏ စီးပွားရေး၊ သိပ္ပံပညာ၊ ယဉ်ကျေးမှု၊ ပညာရေးဘက်အသီးသီးတွင် ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများနှင့်အကြီးအကျယ် ကွာဟသွားစေခဲ့သည်ဟု သုံးသပ်ခဲ့ကြ၏။

ယနေ့ မြန်မာနိုင်ငံတွင်လည်း မြန်မာတို့၏ စိတ်ပိုင်းဆိုင်ရာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များဖြစ်ကြသည့် (၃၈)ဖြာ မင်္ဂလာအပါအဝင် လူမှုရေးတရားတော်တို့သည် လစ်ဘရယ် လှိုင်းတံပိုးအောက်တွင် တိုးတိတ်ငြိမ်သက်သွားခဲ့သည်ဟု ထင်ရသည်။ သို့တစေ တော်ပါသေးသည်၊ တော်ပါသေးသည်။ လုံးဝပျောက်ကွယ်သွားခြင်းမျိုး မရှိသေး။ ၁၉၉၀ ကျော်လွန်နှစ်များက မာဃဒီ(သာစည်) ဆရာတော်ဘုရားကြီး၏ ယဉ်ကျေးလိမ္မာသင်တန်းများ၊ ယခုလက်ရှိ ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်ကြီး၏ ဓမ္မဒူတ ယဉ်ကျေးလိမ္မာတရားသင်တန်းများ၊ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့၏ ဓမ္မစကူးများကား ကျားကန်ထားဆဲဖြစ်လေ၏။

မြတ်ဗုဒ္ဓ၏ သာသနာတော်အနေဖြင့်လည်း သာသနာ့အာဇာနည် အရှင်သူမြတ်တို့၏

စာမျက်နှာ ၁၇ သို့

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဧပြီ ၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟဲဟိုးတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒိုဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာ ခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။



အလားတူ မန္တလေးတိုင်းဒေသကြီး ကူမဲမြို့နယ် ကူမဲတိုက်နယ်ဆေးရုံရှိ ဆရာဝန်များနှင့် သူနာပြုများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းမရှိဘဲ တာဝန်များ ပျက်ကွက်လျက်ရှိပြီး ဒေသခံပြည်သူများက အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ အကူအညီတောင်းခံလာခဲ့သဖြင့် ယနေ့တွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မှ တပ်မတော်သားဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့အား အဆိုပါဆေးရုံသို့ စေလွှတ်ခဲ့ရာ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာစွာဖြင့် လှိုက်လှဲစွာကြိုဆိုခဲ့ကြကြောင်းနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင်အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၁

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၃၁ ရက်တွင် လားရှိုးမြို့ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၃)၊ အိမ်အမှတ်(၄)၊ သုခနဒီလက်ဖက်ရည်ဆိုင်၌ ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးကျော်သူရ(ဘ)ဦးကျော်၊ ဇနီးဖြစ်သူ ဒေါ်အေးအေးမြင့်(ဘ) ဦးအောင်ရွှေ သားဖြစ်သူ မောင်မိုးသစ်တည်တို့ ၃ ဦးအား ဓားမျိုးစုံ ၁၀ လက်၊ အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း (ယာဉ်)၊ ရပ်ကွက်(၄)၊ နယ်မြေ(၇)၊ မန္တလေးလမ်း အိမ်အမှတ်(၃၃)၌ ဦးမျိုးနိုင်(ဘ)ဦးမြင့်ဦးအား လှံ ၂ ချောင်း၊ ဓား ၂ ချောင်း၊ အခြားဆက်စပ်ပစ္စည်းနှင့်လည်းကောင်း၊ ရပ်ကွက်(၉) နယ်မြေ(၅)၊ အိမ်အမှတ်(၅/၃၄)၌ ဒေါ်မိမိမော်(ဘ)ဦးအိုက်မောင်းအား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့်လည်းကောင်း၊ အေးသာယာမြို့၊ ရပ်ကွက်(၁၂)၊ (၂၂)လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် မသင်္ကာဖွယ် အမျိုးသားတစ်ဦးအား ခေါ်ယူစစ်ဆေးရာ ထက်နိုင်မိုးဦး(ခ) ဟောရှမ်း (ဘ)ဦးအာမင်းအား ၎င်း၏နေအိမ်မှ ပွိုင့် ၂၂ သေနတ် ၂ လက်၊ ကျည်အိမ် ၃ ခု၊ ၎င်းကျည် ၅၃၇ တောင့်၊ လက်လုပ်သေနတ် ၁ လက်၊ ဓားမျိုးစုံ ၇ ချောင်း၊ ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ထားဝယ်မြို့၊ ဝဲကျွန်းထိန်သစ်ရပ်ကွက်၊ (၄)လမ်း၊ အိမ်အမှတ်(၄၉၈)၌ စန်းယုအား လက်လုပ်မီးခိုးဗုံး ၈ လုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ တောင်ငူမြို့၊ (၂၂)ရပ်ကွက်၊ ရန်ကုန်- မန္တလေးကားလမ်းဘေး အမေ့အိမ်ဟိုတယ် ဝန်ထမ်းအိမ်ရာနေ ဖြိုးဝေအောင်(ခ)ဝေဖြိုး(ဘ) ဦးထူးအောင်အား ဂျင်ကလိ ၂ ချောင်း၊ အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း ဖမ်းဆီး ထိန်းသိမ်းရမိခဲ့သည်။

အလားတူ ယနေ့တွင် လှိုင်မြို့နယ်၊ အမှတ်(၁၁) ရပ်ကွက်၊ ရွှေဟသာ်လမ်းရှိ ခြင်းလုံးအားကစားရုံအတွင်း၌ ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသည့် ပစ္စည်းများကို လည်းကောင်း၊ အမှတ် (၉)ရပ်ကွက်၊ တိုက်(၆၀)၊ (၃)လွှာ၊ အခန်း(၈)၌ ပိုင်ဇော်ကို အပါအဝင် အမျိုးသား ၈ ဦးအား လက်လုပ်ဗုံး ၁ လုံး၊ အခြား ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ မြိုင်မြို့နယ် အင်းရောင်းကျေးရွာ ဦးသိန်းမြင့်ဦး(ဘ) ဦးငွေမြင့်နေအိမ်၌ ၎င်းနှင့် သားဖြစ်သူ စိုးကျော်တို့ ၂ ဦးအား လက်လုပ်သေနတ် ၁ လက်၊ အခြား ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ မုံရွာမြို့၊ ထန်းတောရပ်ကွက်၊ သီရိသုခလမ်း၌ ဆူပူအကြမ်းဖက်သူ ၅၀ ခန့်က အများပြည်သူ အသုံးပြုသည့် လမ်းအားပိတ်ဆို့၍ ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖြိုခွင်းခဲ့ရာ ၎င်းတို့အနက်မှ ကျော်သက်ဦး(ဘ) ဦးသောင်းမောင်၊ ဇွဲမောင်ဦး၊ ရဲထက်အောင်နှင့် ဒေါ်ခင်ငွေတို့ ၄ ဦးအား လေသေနတ် ၁ လက်၊ လက်လုပ်သေနတ် ၁ လက်၊ လက်လုပ်ဗုံး ၂ လုံး၊ အခြား ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ တောင်ငူမြို့၊ ၁၃ ရပ်ကွက်၊ ၅ လမ်း၊ လိပ်ကန်အနီး၌ ယွန်းဝတီခင်(ဘ) ဦးလှခင်၊ အောင်သာတိုး(ဘ)ဦးမောင်မောင်တာနှင့် ရဲရင့်နောင်(ခ)ရဲနောင်(ဘ) ဦးသိန်းထိုက်တို့ ၃ ဦးအား မီးစာတပ်ထားသည့် မီးပုလင်း ၁၂ လုံး၊ လက်လုပ်ဗုံး ၁ လုံး၊ အခြား ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီး ထိန်းသိမ်းရမိခဲ့သည်။



ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရန် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေသတင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

*စာမျက်နှာ ၁၆ မှ*

ဂုဏ်ကျေးဇူးတော်တို့ကြောင့် အရှည်တည်တံ့ ခိုင်ခံ့ဆဲ ရှိလေ၏။ ကျေးဇူးကြီးလေစွ။

ရှေးခေါ်ဘိုးဘွားဆရာသမားတို့၏ ဂုဏ်ကျေးဇူးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စာအုပ်တွင် ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်က "မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်မှစ၍ ဤနေ့တိုင် ကမ္ဘာပေါ်တွင် ဗုဒ္ဓသာသနာတော်၏ "နောက်ဆုံးခံတပ် မြို့တော်ကြီး" အဖြစ် ရပ်တည်လာ၏။ ကမ္ဘာသူ ကမ္ဘာသားအားလုံးအတွက် စစ်မှန်မြင့်မြတ်သော ယဉ်ကျေးမှုအမွေကို ထိန်းသိမ်းသိုမှီးရာ ဘဏ္ဍာတိုက်ကြီးသဖွယ်လည်း ဖြစ်ပေသည်။

**"ရှေးခေါ်ဘိုးဘွားဆရာသမားတို့၏ ဂုဏ်ကျေးဇူးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စာအုပ်တွင် ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်က "မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်မှစ၍ ဤနေ့တိုင် ကမ္ဘာပေါ်တွင် ဗုဒ္ဓသာသနာတော်၏ "နောက်ဆုံးခံတပ်မြို့တော်ကြီး"အဖြစ် ရပ်တည်လာ၏။ ကမ္ဘာသူ ကမ္ဘာသားအားလုံးအတွက် စစ်မှန်မြင့်မြတ်သော ယဉ်ကျေးမှုအမွေကို ထိန်းသိမ်းသိုမှီးရာ ဘဏ္ဍာတိုက်ကြီးသဖွယ်လည်း ဖြစ်ပေသည်"**

ဆရာသမား၊ ဘိုးဘွားမိဘတို့၏ အမြော်အမြင်နှင့် သဒ္ဓါဝီရိယ (ခံယူချက်နှင့် လုံ့လ)ကိုလည်း ဆမြော် ချီးကျူး ကျေးဇူးတင်သင့်ကြပါကုန်၏။ ရှေးက ဆရာသမား ဘိုးဘွားမိဘတို့သည် "သာသနာကို ခေတ်နှင့်အညီ မပြုပြင် မကျင့်သုံးရ"ဟု ခိုင်မာသော ယုံကြည်ချက်ဖြင့် (ပဋိပတ်သို့ဦးမတည်နိုင်ကြစေကာမူ) ဝိနည်းနှင့် အဘိဓမ္မာကို မြဲမြံစွာ ဆုပ်ကိုင်၍ ပရိယတ္တိကို အရိုးခံအတိုင်း သင်အံဆောင်ယူခဲ့ကြသည်မှာ လွန်စွာ ကျေးဇူးတင်အပ်လှပေသည်။ ယနေ့ပဋိပတ်နှီးမလိုင်ကို လှိုင်လှိုင်ကြီး သောက်စားခွင့်ရသည်မှာ "ရိုးရာကို အထိမခံ၊ လူဆန်၍ ခေတ်မီသည်ကို မလိုလားသော ထိုဆရာသမား ဘိုးဘွားမိဘတို့၏ ကျေးဇူးပင်"ဟု ရေးသားခဲ့ပါ၏။

မဟာဗောဓိရုပ်သံလိုင်းတွင် မကြာခဏ နားဆင်ကြားရပါသော ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်ကြီး၏ ဓမ္မဒူတ ယဉ်ကျေးလိမ္မာ တရားသင်တန်းမှ "သားငယ်ငယ်၊ သမီးငယ်ငယ် ဘုရားရှိခိုးအိပ်ပါကွယ်"၊ "ဖေဖေရယ် မေမေရယ် ဘုရားရှိခိုးအိပ်ပါကွယ်" ဟူသည့် သင်ကြားပို့ချမှုအပေါ် သားသားမီးမီးတို့၏ သံပြိုင်ညီညာစွာ သီဆိုသံများ နိစ္စဓူဝ ကြားရပါစေသား။

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုပါ ဘုရား။

မိုးငြိမ်းကိုးကား။ ။ တော်ကောင်းမင်း၏ "ကျွန်ုပ်မီမင်း(သို့မဟုတ်) တရုတ်ပြည်ကို ပြောင်းလဲခဲ့သူ" ရဲဘော်မိုးဦး၏ "တရုတ်ပြည် ကွန်မြူနစ်ပါတီ ဘာကြောင့်စွမ်းဆောင်နိုင်ခဲ့တာလဲ" (သမိုင်းကို ခြေရာကောက်ကြည့်ခြင်း)

# ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၊ မရမ်းကုန်းမြို့နယ်တို့ရှိ ကုန်တိုက်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်တို့၌ မီးလောင်မှုများဖြစ်ပွား

နေပြည်တော် ဧပြီ ၁

**ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ Ruby Mart ကုန်တိုက်(၅-ထပ်)၌ ယနေ့နံနက် ၂ နာရီခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၆ စီး၊ ရေသယ်ယာဉ် ခြောက်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။**



ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ Ruby Mart ကုန်တိုက် မီးလောင်မှုဖြစ်ပွားစဉ်။

အလားတူ ယနေ့နံနက် ၂ နာရီ မိနစ် ၄၀ ခန့်တွင် မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဝေဇယန္တာလမ်းနှင့် ဂန္ဓမာလမ်းထောင့်ရှိ Gandarnar Wholesale ကုန်တိုက်၌ မီးလောင်မှု ထပ်မံဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၁ စီး၊ ရေသယ်ယာဉ် သုံးစီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုများ ဖြစ်ပွားရသည့် အကြောင်းရင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမှ အမြန်ဆုံးစုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ နံ့သာကွက်စိပ်ရပ်နေ ဦးအောင်မျိုးဌေး(ဘ) ဦးကျော်ဝင်း၏ နေအိမ်၌ ယနေ့နံနက် ၅ နာရီခန့်တွင် လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲရာမှတစ်ဆင့် မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့က မီးသတ်ယာဉ် ၃၁ စီး၊ ရေသယ်ယာဉ် ၂၁ စီး၊ အုပ်ချုပ်မှုယာဉ်သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် နေအိမ်အလုံး ၈၀ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး မီးဘေးသင့်အိမ်ထောင်စု ၁၇၅ စုအား နံ့သာကွက်စိပ်ရပ်ရှိ မြဘယက် ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိပြီး နေထိုင်စေလျက်ရှိကြောင်း သိရှိရသည်။

အထက်ပါ မီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် မီးပေါ်ဆစ္စာ သုံးစွဲသူများအား သက်ဆိုင်ရာမှ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် အကြမ်းဖက်အဖွဲ့များ၏ နည်းလမ်းများအတိုင်း အဖျက်အမှောင့်လုပ်ရပ်များကို ဆက်လက်လုပ်ဆောင်

နေပြည်တော် ဧပြီ ၁

ဆူပူအကြမ်းဖက်သူ လူစုလူဝေးများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိရာ မတ် ၃၁ ရက်နှင့် ယနေ့တို့တွင် တိုင်းဒေသကြီး/ပြည်နယ်များ၌ မြို့နယ်အချို့ရှိ နိုင်ငံတော်ပိုင် အဆောက်အဦများ၊ လမ်းတံတားများ၊ ဘဏ်များအား မီးပုလင်းများဖြင့် ပစ်ပေါက်မီးရှို့ဖျက်ဆီးခြင်း၊ လက်ပစ်ဗုံးများဖြင့် ပစ်ဖောက်ခြင်း၊ ရိုက်ချိုးဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ကြသည်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက်စီမံအုပ်ချုပ်ရေးရုံးအား ဆူပူအကြမ်းဖက် ဆန္ဒပြသူများက ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

ထိုသို့ဖျက်ဆီးမှုလုပ်ရပ်များ လုပ်ဆောင်ခဲ့ရာ မတ် ၃၁ ရက် ည ၇ နာရီ ၃၅ မိနစ်တွင် ကော့ကရိတ်မြို့ မြန်မာ့စီးပွားရေးဘဏ်သို့ အမျိုးသားသုံးဦး (စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်လျက်ရှိသော ကင်းရုံအတွင်းသို့ လက်ပစ်ဗုံးဖြင့် အကြမ်းဖက် ရန်ပြုပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီး ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည်။

အလားတူ ည ၁၁ နာရီ ၁၅ မိနစ်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၇)ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးရုံးကို အမျိုးသားခြောက်ဦး(စိစစ်ဆဲ)က ရုံးအတွင်းသို့ ဝင်ရောက်ဖျက်ဆီးခဲ့သဖြင့် ရုံးအတွင်းရှိ ပလတ်စတစ် ထိုင်ခုံ ၁၂ လုံး၊ သစ်သားစားပွဲ နှစ်လုံး၊ ပြတင်းပေါက်မှန်ခြောက်ချပ်၊ Samsonic TV တစ်လုံးတို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ စဉ့်ကိုင်မြို့ မြို့မရပ်ကွက်ရှိ ရဲစခန်းသို့ ယနေ့ နံနက် ၄ နာရီ ၁၀ မိနစ်တွင် ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၁၀၀ ခန့်က ဓား၊ မီးပုလင်းများ ကိုင်ဆောင်ရောက်ရှိလာပြီး ဓာတ်ဆီပုလင်းများ မီးရှို့၍ အကြမ်းဖက်ရန်ပြုပစ်ပေါက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၄ နာရီခွဲတွင် လူစုကွဲသွားခဲ့သည်။ ဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူ လူအုပ်စုမှ ကျောက်ဆည်မြို့၊ မင်းရပ်ရပ်ကွက်နေ သန်းဝင်း(ခ) ဝင်းကို (၄၈)နှစ် (ဘ) ဦးညိုလုံးကို အကြမ်းဖက်ရာတွင် အသုံးပြုသည့် မီးစာတပ်ဆင်ထားသည့် ဓာတ်ဆီပုလင်း နှစ်လုံး၊ ဓားရှည်တစ်ချောင်း၊ ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ယနေ့မွန်းလွဲ ၂ နာရီတွင် မဟာအောင်မြေမြို့နယ်ရှိ ရဲစခန်းတစ်ခုအား ဆူပူအကြမ်းဖက်သူလူစုလူဝေးအင်အား ၁၀၀ ခန့် ရောက်ရှိလာပြီး လက်လုပ်မိုင်း၊ ဂျင်ကလိ၊ လေးခွ၊ မီးပုလင်းများဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ မွန်းလွဲ ၂ နာရီခွဲတွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူလူအုပ်စုအတွင်းမှ အမျိုးသားခြောက်ဦးအား အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုမည့် မီးစာတပ်ဆင်ထားသည့် မီးပုလင်း ၂၂ လုံး၊ လက်လုပ်မိုင်း အလုံး ၂၀၊ ဂျင်ကလိ နှစ်ချောင်း၊ မီးရှူးမီးပန်းအခု ၂၀၊ ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းအပြင် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နတ်မောက်မြို့ မြို့မရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ နေအိမ်ကို အကြမ်းဖက်သူလူအုပ်စုက ဓာတ်ဆီပုလင်း သုံးလုံးဖြင့် မီးရှို့ပစ်ပေါက်ခဲ့ရာ နေအိမ်တိုက်နံရံအား ထိမှန်ကွဲခဲ့သော်လည်း မီးလောင်ကျွမ်းမှုမရှိကြောင်း သိရသည်။

အလားတူ မတ် ၃၁ ရက် ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် မိုးညှင်း-မြစ်ကြီးနား မိုးညှင်းမြို့ရှောင်လမ်းရှိ အင်ကြင်းကုန်းလမ်းဆုံနှင့် ထန်းတစ်ပင်ကျေးရွာကြား တံတားအမှတ် ၂/၇၊ နန့်ရင်းချောင်းတံတား၊ အရှည်ပေ ၃၀၀၊ အကျယ်ပေ ၃၀ ရှိ သံကွန်ကရစ်တံတားအား ကေအိုင်အေအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် မိုးညှင်းမြို့ဘက်အခြမ်း ပေ၅၀ ခန့်အကွာ တံတားကြမ်းခင်းအဆက်နေရာတွင် အလျားခြောက်ပေခွဲ၊ အနံသုံးပေ၊ အနက်တစ်ပေခန့် တံတားကွန်ကရစ်ကြမ်းခင်းပေါက်ပြဲပျက်စီးခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်၍ တံတားပျက်စီးခဲ့သည့်နေရာအား အမြန်ပြန်လည်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် ယနေ့မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့ အရှေ့စုရပ်ကွက် မိုးဒါရုရပ်ကွက်တွင် နေထိုင်သည့် ဦးကျော်လင်းထိုက်၏ နေအိမ်၊ ဒေါ်မြမြအေး၏ နေအိမ်နှင့် စက်ကုန်းရပ်၊ အုတ်ကျင်းရပ်ကွက်၊ သံလမ်းအနောက်ဘက်ခြမ်း၊ စက်ကုန်း၂/၃ လမ်းကြားရှိ ဒေါ်လှဌေးတို့၏ နေအိမ်များအတွင်းသို့ ဆူပူအကြမ်းဖက်သူ ခြောက်ဦးက ဆိုင်ကယ်သုံးစီးဖြင့် သုံးဖွဲ့ခွဲကာ လမ်းပေါ်မှနေ၍ လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သည်။ အဆိုပါ ပစ်ပေါက်မှုများကြောင့် ဦးကျော်လင်းထိုက်နေအိမ်၌ ခေါင်းမိုးသွပ်နှစ်ချပ်နှင့် ဝရန်တာမှတ်လုံးငါးလုံးခန့် ပျက်စီးခြင်း၊ ဒေါ်မြမြအေးနေအိမ်နှင့် ခြံစည်းရိုးကြားရှိ ရေချိုးကန် ကွန်ကရစ်ကြမ်းခင်းပေါက်ပြဲခြင်း၊ အိမ်နံရံ ထိခိုက်ပျက်စီးခြင်းနှင့် ဒေါ်လှဌေးနေအိမ်သို့ ပစ်ပေါက်ခဲ့သည့် လက်လုပ်ဗုံးမှာ ပေါက်ကွဲမှုမရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးဆောင်ရွက်ပေးခဲ့သည်။

အထက်ပါဖြစ်စဉ်များအတွင်း ဆူပူအကြမ်းဖက်မှုပြုလုပ်ခဲ့သော ဖမ်းဆီးရမိသူများနှင့် ပါဝင်ပတ်သက်သူများအား ဥပဒေနှင့်အညီ အမြန်ဆုံး ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တနင်္သာရီတိုင်းဒေသကြီး၌ မဟာသင်္ကြန်ပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ထားဝယ် ဧပြီ ၁

တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မြန်မာ့နှစ်ဆန်း ၁ ရက်နေ့တွင် ကျင်းပမည့် အခမ်းအနားများ အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန် နေ့က ထားဝယ်မြို့ရှိ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်က မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ဇီဝိတဒါန ငါးလွှတ်ပွဲ၊ သက်ကြီး ဘိုးဘွားများအား ပူဇော်ပွဲအပါအဝင် ဆောင်ရွက်ရမည့် လုပ်ငန်းများသည် ကုသိုလ်ရမည့် အရေးကိစ္စ ဖြစ်သောကြောင့် တက်ရောက်လာသော ကော်မတီဝင်များအနေဖြင့် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော လုပ်ငန်းကော်မတီဝင်များက ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပရေး၊ သက်ကြီး ဘိုးဘွားများအား ပူဇော်ပွဲကျင်းပရေး၊ အန္တရာယ်ကင်း ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲကျင်းပရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး စသည့် လုပ်ငန်းကော်မတီအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

တိုင်းဒေသကြီး(မြန်/ဆက်)

## ပြင်ဦးလွင်မြို့နယ်အတွင်းရှိ မီးဘေးသင့် အိမ်ထောင်စုသုံးစုအတွက်ထောက်ပံ့

ပြင်ဦးလွင် ဧပြီ ၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ မီးဘေးသင့် အိမ်ထောင်စုသုံးစုအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ အလှူငွေနှင့် ပစ္စည်းများ ထောက်ပံ့ပွဲကို ယနေ့နံနက်ပိုင်းက စုပေါင်းရုံး၊ ခန်းမဆောင်၌ ပြုလုပ်သည်။

ရှေးဦးစွာ တာဝန်ရှိသူများက မီးဘေးသင့် အိမ်ထောင်စုများအတွက် အလှူငွေနှင့် ပစ္စည်းများ ထောက်ပံ့ရခြင်းအကြောင်းနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများကမီးဘေးသင့် အိမ်ထောင်စုများထံသို့ အလှူငွေနှင့်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ခရိုင်(မြန်/ဆက်)

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဂျာနယ် ထွက်ရှိ



၁-၄-၂၀၂၁ ရက်နေ့ထုတ် အတွဲ(၁၈)၊ အမှတ်(၇)တွင်
- တပေါင်းလနှင့် မြန်မာတို့၏ ချစ်စရာဓလေ့
- နွေစပါးဆို ရေကိုချွေတာပါ လိုအပ်မှသွင်းပါ
- ကြက်သွန်နီစိုက်ပျိုးရေးနှင့် အသုံးဝင်ပုံ
- ရေရှည်အကျိုးစီးပွားဖြစ်ထွန်းနိုင်သည့် သရက်စိုက်ပျိုးရေး
- ရေချိုပုစွန်တုပ်မွေးမြူရေးအကြောင်း သိကောင်းစရာ
- ဆိတ်များတွင် အဖြစ်များသော ဝဲစွဲခြင်းရောဂါအကြောင်း
- ခေါင်းကိုက်ခြင်းနှင့် အစားအစာ
- လေထုညစ်ညမ်းမှုနှင့် ရင်ကျပ်ရောဂါ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ - ၄ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာအရောင်းရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - မြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၁၃)၊ နဝင်ဒေါက်လမ်းသွယ်(၁)၊ ဗိုလ်မှူး(၂)ရပ်ကွက်၊ ပေါ့ဇ်ဒေါင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၁၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၁၊ ၀၁- ၅၅၉၁၀၀၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆

MYANMAR Digital News
Presented by NPE
www.moi.gov.mm

# ချစ်ခြင်း၊ မုန်းခြင်းကင်းသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် သိကောင်းစရာများ(၃)

**— — — မောင်ချစ်အေး — — —**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ

ဤဥပဒေသည် ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် - ၂၃ အဖြစ် အတည်ပြု ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ အခြေအနေ အချိန်အခါအရ၊ အစိုးရအဆက်ဆက် (၄) ကြိမ် တိုင်တိုင် ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ခဲ့ရာ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် ပထမအကြိမ်၊ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၉ ရက်တွင် ဒုတိယအကြိမ်၊ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၃၁ ရက်တွင် တတိယအကြိမ်၊ ၂၀၁၈ ခုနှစ် ဇွန် ၂၁ ရက်တွင် စတုတ္ထအကြိမ် ပြင်ဆင်အတည်ပြုခဲ့ကြခြင်း ဖြစ်ပါသည်။

ရည်ရွယ်ချက်များ

ဤဥပဒေ၏ မူလရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊
- သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်၊
- အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန်၊
- အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေး အကာအကွယ်ပေးရန်၊
- အဂတိလိုက်စားမှု ကျူးလွန်သူများအား ထိရောက်စွာအရေးယူရန်၊
- တရားဥပဒေစိုးမိုးရေးနှင့်အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်။

**စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

ကော်မရှင်သည် တရားဥပဒေအရ အရေးယူနိုင်ရန် စုံစမ်းစစ်ဆေးခြင်း (သို့မဟုတ်) စုံစမ်းစစ်ဆေးစေခြင်းတို့အား အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နိုင်သည် -

- နိုင်ငံတော်သမ္မတက စုံစမ်းစစ်ဆေးတင်ပြရန် တာဝန်ပေးအပ်ခြင်း၊
- ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူတစ်ဦးကို အရေးယူပေးရန် လွှတ်တော်ကိုယ်စားလှယ်က တင်ပြခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌက စုံစမ်းစစ်ဆေးတင်ပြရန် တာဝန်ပေးအပ်ခြင်း၊
- အဂတိလိုက်စားမှု ကျူးလွန်သူအပေါ် ဥပဒေအရ အရေးယူပေးပါရန် တစ်ဦးဦးက ကော်မရှင်သို့ တိုင်ကြားခြင်း၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ တိုင်ကြားခြင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ တိုင်ကြားခြင်း နှင့်စပ်လျဉ်း၍ အဆိုပါတိုင်ကြားချက်ကို ကော်မရှင်သို့ လွှဲပြောင်းပေးပို့ခြင်း၊
- အဂတိလိုက်စားမှုရှိကြောင်း ကျော်စောသတင်းဖြစ်ပေါ်နေခြင်းတို့ ပေါ်ပေါက်လာပါက ဥပဒေအရ အရေးယူနိုင်ရန် စုံစမ်းစစ်ဆေးနိုင်သည်။

တိုင်ကြားသူများ သိရှိထားရန်အချက်များ

တိုင်ကြားသည့်ကိစ္စသည် ကော်မရှင်က စုံစမ်းစစ်ဆေးပြီးသော ကိစ္စဖြစ်ခြင်း၊ တိုင်ကြားမှုတွင် အရေးကြီးသည့် သက်သေခံချက်များ မပါရှိခြင်း (သို့မဟုတ်) လိုအပ်၍ ကြိုတင်ထောက်လှမ်း စုံစမ်းရာ၌ နိုင်လုံသည့် သက်သေခံချက်မရရှိခြင်း၊ ထပ်မံတိုင်ကြားမှုတွင် အရေးကြီးသည့် သက်သေခံချက်အသစ်မပါရှိခြင်းတို့ စိစစ်တွေ့ရှိရပါက ဤကော်မရှင်သည် စုံစမ်းစစ်ဆေးခြင်း မပြုပါ။

**"မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ ဤဥပဒေအရ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမ စိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုသို့ဖြစ်စေ၊ သတင်းပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်"**

သတင်းပေးခြင်းနှင့် တိုင်ကြားခြင်း

မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ ဤဥပဒေအရ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမ စိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုသို့ဖြစ်စေ၊ သတင်းပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

ပုဒ်မ ၄၄ အရ တိုင်တန်းချက်ပေးပို့သူသည် နိုင်လုံသောအကြောင်းမရှိဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် (သို့မဟုတ်) ဂုဏ်သရေပျက်စေရန်ရည်ရွယ်၍ တိုင်တန်းချက်ကို တမင်ပြုလုပ်ကြောင်းပေါ်ပေါက်ပါက ဤဥပဒေအရ အရေးယူခံရမည်။

ပြစ်မှုနှင့် ပြစ်ဒဏ်များ

နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ သို့မဟုတ် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က မည်သူမဆို အဂတိလိုက်စားမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို "(၁၅)နှစ်ထက် မပိုသော ထောင်ဒဏ်" ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

နိုင်ငံရေးရာထူးလက်ရှိဖြစ်သူမှအပ အခြားလုပ်ပိုင်ခွင့်အာဏာရှိသူ သို့မဟုတ် လုပ်ပိုင်ခွင့်အာဏာရှိစဉ်က မည်သူမဆို အဂတိလိုက်စားမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို "တစ်ဆယ်နှစ်ထက်မပိုသော ထောင်ဒဏ်" ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

နိုင်ငံရေးရာထူးလက်ရှိဖြစ်သူနှင့် လုပ်ပိုင်ခွင့်အာဏာရှိသူမှအပ အခြားမည်သူမဆို အဂတိလိုက်စားမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို "ခုနစ်နှစ်ထက် မပိုသော ထောင်ဒဏ်" ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းများအပေါ် အရေးယူဆောင်ရွက်ခြင်း မပြုနိုင်ရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် လွှဲပြောင်းခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား "ငါးနှစ်ထက် မပိုသော ထောင်ဒဏ်" ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

မည်သူမဆို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် ရည်ရွယ်၍ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟုသော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းဖြစ်သည်ဟုသော်လည်းကောင်း၊ မမှန်မကန်သတင်းပေးပို့ခြင်း၊ တိုင်တန်းခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို "သုံးနှစ်ထက်မပိုသော ထောင်ဒဏ်" ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုမှ တာဝန်ရှိသူ မည်သူမဆို ဤဥပဒေပါ ပြစ်မှုနှင့် စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ယင်းပြုလုပ်မှုတစ်ရပ်ရပ်အတွက် ထိုသူကို "ငါးနှစ် ထက်မပိုသော ထောင်ဒဏ်" ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည် -

(က) ကော်မရှင်၏ တာဝန်ပေးချက်အရ စုံစမ်းစစ်ဆေးရေးအဖွဲ့က တရားဝင်တာဝန်ထမ်းဆောင်ခြင်းကို ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ကော်မရှင်က တားမြစ်မိန့် ထုတ်ဆင့်ထားသောဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုရှိ ငွေကြေးနှင့် ပစ္စည်းများကို ကော်မရှင်၏ ခွင့်ပြုမိန့်မရှိဘဲ ထုတ်ပေးခြင်း၊ လွှဲပြောင်းခြင်း၊

(ဂ) စုံစမ်းစစ်ဆေးမှုနှင့် သက်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းဆိုင်ရာမှတ်တမ်းများကို ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ကော်မရှင်၏ ခွင့်ပြုချက်မရှိဘဲလွှဲပြောင်းခြင်း။

မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် လှုံ့ဆော်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုလျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီလျှင်ဖြစ်စေ၊ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

အထွေထွေ

စုံစမ်းစစ်ဆေးခြင်းခံရသူသည် မိမိပိုင်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းများကို တရားဝင် မည်သို့ရရှိကြောင်း သို့မဟုတ် မည်သည့်ဝင်ငွေဖြင့် ရရှိကြောင်းကို နိုင်လုံသော အထောက်အထားများဖြင့် သက်သေထင်ရှားပြသရန် တာဝန်ရှိသည်။

ဤဥပဒေအရ တရားစွဲဆို တင်ပို့ထားသော အဂတိလိုက်စားမှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့်အမိန့် ချမှတ်ရမည်။

အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ငွေကြေးနှင့် ပစ္စည်းများကို စုံစမ်းစစ်ဆေးအရေးယူခြင်းနှင့် စပ်လျဉ်း၍ဖြစ်စေ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရသာလျှင် အရေးယူရမည်။

[မှတ်ချက်။ အထက်ပါ ကောက်နုတ်ချက် သိကောင်းစရာတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ၂၀၁၈ ခုနှစ် ဇွန်လ ၂၁ ရက်တွင် ထုတ်ပြန်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေမှ ကောက်နုတ်တင်ပြခြင်း ဖြစ်ပါသည်။]

# ကချင်ပြည်နယ်အတွင်း ဝဥစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတိုးတက်လာစေရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး ဝဥမျိုးစေ့များဖြန့်ဝေပေးအပ်

မြစ်ကြီးနား မေ ၁

ကချင်ပြည်နယ်အတွင်း စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေး အတွက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က ဝဥစိုက်ပျိုးထုတ်လုပ်မှု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ယမန်နေ့က ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး ဆမားဒူဝါ ဆင်ဝါးနော် ခန်းမ၌ ဝဥစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံပြီး ဝဥမျိုးစေ့များကို ဖြန့်ဝေပေးအပ်သည်။



### ပံ့ပိုးကူညီဆောင်ရွက်ပေးမည်

ထိုသို့ပေးအပ်ရာတွင် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်ပါအတိုင်း ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ် မှုကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် တောင်သူများဘဝ တိုးတက်မြင့်မား လာစေရေးအတွက် ဝင်ငွေမြင့်မားပြီး ဈေးကွက်ရှိပြီး ဖြစ်သည့် ဝဥကို ပြည်နယ်၏စီးပွားရေး ထုတ်ကုန် တစ်ခုအဖြစ်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ ကောင်စီအဖွဲ့ အနေဖြင့် တောင်သူများအတွက် ဝဥမျိုးစေ့ ဖြန့်ဝေ ပေးမည့်အပြင် စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုနည်း ပညာများကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးမည်ဖြစ် ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးဌေးလွင်က ပြည်နယ်အတွင်း စိုက်ပျိုး ရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် လုပ်ငန်း ဆောင်ရွက်နေမှုများ၊ ပြည်နယ်အတွင်း ဝဥစမ်းသပ် စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနိုင်မှုနှင့် တောင်သူများ အတွက် ဝဥစိုက်ပျိုးရေးမှ ဝင်ငွေရရှိနိုင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ပြည်နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်းက ပြည်နယ်အတွင်း တောင်သူများထံသမဝါယမချေး ငွေထုတ်ပေးနေမှုနှင့် နည်းပညာ အကူအညီဖြင့် ထုတ်ကုန်များ ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ဝဥစိုက်ပျိုးမည့် တောင်သူများအတွက် ဝဥ မျိုးစေ့များကို ဖြန့်ဝေပေးအပ်ပြီး တောင်သူများက ဝဥစိုက်ပျိုးရေးနှင့် ပတ်သက်၍ မျိုးစေ့ရရှိနိုင်မည့် နည်းလမ်း၊ စိုက်ပျိုးစရိတ်ချေးငွေရရှိနိုင်ရေး၊ ထွက်ကုန်များဈေးကွက်ရရှိရေး စသည့်သိလိုသည် များကို မေးမြန်းဆွေးနွေးကြရာ ကဏ္ဍအလိုက် သက်ဆိုင်ရာ ပြည်နယ်ဦးစီးမှူးများက ရှင်းလင်း ဖြေကြားကြပြီး ပြည်နယ်ကောင်စီအဖွဲ့ဝင် ဦးမျိုး ဆွေက ဝဥစိုက်ပျိုးအောင်မြင်ရေးအတွက် ရှင်းလင်း ဆွေးနွေးသည်။

### ပေါင်းစပ်ညှိနှိုင်း

ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ကောင်စီ ဥက္ကဋ္ဌက ပြည်နယ်အတွင်း ဝဥစိုက်ပျိုးထုတ်လုပ်မှု အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာများ၊ တောင်သူများ ပူးပေါင်းပါဝင်သည့် ပြည်နယ်ကိုယ် စားပြု "ကချင်ပြည်နယ်ဝဥစိုက်ပျိုးရေးအသင်း" ကို ဖွဲ့စည်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနည်းပညာရရှိ ရေး၊ ထုတ်ကုန်ဈေးကွက်ရရှိရေးတို့အတွက် ပံ့ပိုး ကူညီနိုင်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ပြီး ပြည်နယ်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင် များ၊ ဌာနဆိုင်ရာများနှင့် တောင်သူများက စိုက်ပျိုး ရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ဝဥစိုက် ပျိုးထုတ်လုပ်မှုနည်းလမ်းများ၊ ဝဥမျိုးစေ့အမျိုးမျိုးနှင့် ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအား ပေးကြသည်။

ပြည်နယ်(ပြန်/ဆက်)

## လဲချားမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်ရန်ပုံငွေများထုတ်ချေး

လဲချား မေ ၁

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံ ကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ သည့် ဝမ်ဆန်းကျေးရွာအုပ်စု၊ မတ်ကောက်ကျေးရွာ နှင့် ဝမ်ဟိုင့်ကျေးရွာအုပ်စု၊ ဝမ်ပန်းကျေးရွာများသို့ အရင်းမပျောက် ရန်ပုံငွေများထုတ်ချေးပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

မတ်ကောက်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၆ ဦးအား ရန်ပုံငွေကျပ် ၃၄၅သိန်း၊ ဝမ်ပန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင် သူ ၇၆ ဦးအား ရန်ပုံငွေကျပ် ၃၄၅ သိန်းတို့အား အတိုးငွေပြား ၅၀ နှုန်းဖြင့် မြစိမ်းရောင်စီမံကိန်း အသင်းသူ အသင်းသားများ လက်ဝယ်အရောက် ပေးအပ်ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနဦးစီးမှူး ဒေါ်နန်းစန္ဒာဝင်းနှင့် ဝန်ထမ်း များက ဆောင်ရွက်ပေးသည်။

လဲချားမြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်း အတိုးရငွေဖြင့် ဖွေးဟိုင်းကျေးရွာတွင် အတိုးရ ငွေကျပ်သိန်း ၅၀ဖြင့် ကျေးရွာပိုင်ခန်းမအတွင်း မီးဖိုဆောင်တည်ဆောက်ခြင်း လုပ်ငန်းကိုလည်း ကောင်း၊ နမ့်လေကျေးရွာတွင် အတိုးရငွေကျပ်၂၅သိန်း ဖြင့် ရွှေ့လျားမဏ္ဍပ် နှစ်ခု ဝယ်ယူခြင်းလုပ်ငန်း ကိုလည်းကောင်း၊ ဝမ်ပန်း+ဟိုနားကျေးရွာတွင် အတိုးရငွေကျပ်သိန်း ၅၀ဖြင့် ဘက်စုံသုံးသံမဏ္ဍပ် လေးခု ဝယ်ယူခြင်း၊ ဖာဆေကျေးရွာတွင် အတိုးရ ငွေကျပ်သိန်း ၅၀ ဖြင့် ကျေးရွာပိုင်ခန်းမ စတိုခန်းတိုး ချဲ့ ဆောက်လုပ်ခြင်း၊ ဘက်စုံသုံးသံမဏ္ဍပ်တစ်ခု ဝယ်ယူခြင်းလုပ်ငန်း၊ စားပွဲဝိုင်း ရှစ်ခု၊ ပလတ်စတစ် ထိုင်ခုံများဝယ်ယူခြင်းစသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ဦးစီးမှူးထံမှ သိရသည်။

ငြိမ်းသူ

## မိုင်းယောင်းမြို့နယ် ဝမ်ပုံကျေးရွာ ထပ်ဟိုဗိုင်စေတီတော်၌ ရေသွယ်ယူရေးအတွက် အလှူငွေများလှူဒါန်း

မိုင်းယောင်း မေ ၁

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် ဝမ်ပုံကျေးရွာရှိ ထပ်ဟိုဗိုင်စေတီတော်ဘုရားကုန်း၌ ရေသွယ်ယူနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက စုပေါင်းထည့်ဝင်လှူဒါန်း သည့် အလှူငွေများကို ယနေ့နံနက်ပိုင်းက သွားရောက်လှူဒါန်းသည်။

အလှူငွေများ လှူဒါန်းရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးနေမြတ်သူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်ဦး၊ မြို့ နယ်သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီ ဝေနှင့် ဌာနဆိုင်ရာများသည် ထပ်ဟိုဗိုင်စေတီတော် ဘုရားကုန်း၌ ရေသွယ်ယူရေးအတွက် ဌာနဆိုင်ရာများက စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၈၅၀၀၀၀ ကို ဆက်ကပ်လှူဒါန်းရာ ဝမ်ပုံကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်က လက်ခံယူပြီး ဩဝါဒစကားများ ပြန်လည်မိန့်ကြားသည်။

အဆိုပါ စေတီတော်သည် ရှေးကျသောစေတီတစ်ဆူဖြစ်ပြီး ဝမ်ပုံကျေးရွာအနီးတွင် တည်ထားကာ ယခုအခါတွင် စေတီတော် ရင်ပြင်များ ပြုပြင်မွမ်းမံခြင်း၊ စေတီဘုရားကုန်း၌ ရုပ်တော်မူရုပ်ပွားတော် တစ်ဆူ တည်ဆောက်နေခြင်း၊ မုခ်ဦးအဝင် တည်ဆောက်နေခြင်းများကို ဝမ်ပုံကျေးရွာမှ အလှူရှင်များနှင့် ရပ်နီးရပ်ဝေးမှ အလှူရှင်များ၏ လှူဒါန်းမှုများဖြင့် မွမ်းမံပြုပြင်တည်ဆောက်လျက်ရှိပြီး အလှူရှင်များ အနေဖြင့်လည်း ပါဝင်လှူဒါန်းနိုင်ကြောင်း ဝမ်ပုံကျေးရွာရပ်မိရပ်ဖ တစ်ဦး၏ ပြောပြချက်အရ သိရသည်။

အားချာ

သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းခွင့်သက်တမ်း တိုးမြှင့်ပေးသော်လည်း တောင်သူများအနေဖြင့် တိကျသည့်ဈေးနှုန်းအာမခံချက်မရှိ

နေပြည်တော် မေ ၁

အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းခွင့် သက်တမ်း တိုးမြှင့်ပေးထားသော် လည်း မြန်မာတောင်သူများ အနေဖြင့် တိကျသည့် ဈေးနှုန်း အာမခံချက်မရှိဘဲ ကုန်သည် ပွဲစားများနှင့် ပွဲရုံများ၏ ဝယ်လို အားပေါ်မူတည်၍ ဈေးနှုန်းသတ် မှတ် ရောင်းချနေကြကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တင် သွင်းရန်ကျန်ရှိနေသည့် မတ်ပဲ တန်ချိန် တစ်သိန်းခွဲအတွက် နောက်ဆုံးသတ်မှတ်ရက်ကို မတ် ၃၁ ရက်မှ မေ ၃၀ ရက်အထိ တစ်လ သက်တမ်းတိုးပေးလိုက် ကြောင်း ပဲဈေးကွက်ကျွမ်းကျင်သူ များထံမှ သိရသည်။

"စိုက်ပျိုးမှုအနေနဲ့ မတ်ပဲ အပြင်၊ စပါး၊ ပဲလွန်းဖြူ၊ ပဲတီ စိမ်းတို့ကို စိုက်ပျိုးထားပါတယ်။ မတ်ပဲကိုတော့ ငါးဧက စိုက်ပျိုး ထားပါတယ်။ မတ်ပဲက စပေါ် ခါစမှာ ဆိုရင်တော့ ပိဿာ ၆၀ တစ်အိတ်ကို ငွေကျပ် ၈၂၀၀၀၊ ၈၃၀၀၀ လောက်ပေါက်ဈေးရှိပြီး ဇူလိုင်လနဲ့ ဩဂုတ်လပိုင်း ရောက် သွားရင်တော့ ပိဿာ ၆၀ တစ် အိတ်ကို ငွေကျပ်တစ်သိန်းအထက် ပေါက်ဈေး ရှိတတ်ပါတယ်။ ဈေးနှုန်းက အတိအကျ ပုံမှန်မရှိ ပါဘူး။ မတ်ပဲဈေး အတက်အကျ က တောင်သူတွေအတွက် ပုံသေ သတ်မှတ်ထားတာမျိုး မရှိသေးပါ ဘူး။ ပြည်တွင်း ပြည်ပဝယ်လို အားတွေ အပေါ်ကိုသာ အများ ကြီး မူတည်နေပါတယ်"ဟု ပဲခူး တိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မှ ပဲမျိုးစုံစီးပွားဖြစ် စိုက်ပျိုးသူ ဦးဝင်းနိုင်စိုးက ပြောသည်။

အိန္ဒိယအစိုးရသည် လာမည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင်လည်း မတ်ပဲတန်ချိန် လေးသိန်း၊ ပဲစင်းငုံတန်ချိန် လေးသိန်းနှင့် ပဲတီစိမ်းတန်ချိန် တစ်သိန်းခွဲကို ဝယ်ယူတင်သွင်းမည်ဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်ထား သည်။

"ပြည်တွင်း ပြည်ပဈေးကွက် တင်ပို့ဖို့အတွက် ပဲစိုက်ပျိုးရာမှာ ကျန်တဲ့ စိုက်ပျိုးနည်းစနစ်ပိုင်း



ပြဿနာအတွေ့အထူး မရှိပေမယ့် လည်း ကိုယ့်ဒေသရဲ့ ရာသီဥတု အခြေအနေအပြောင်းအလဲနဲ့ မိုး ရွာသွန်းမှု အနည်းအများအပေါ်ကို အဓိကမူတည်နေပါတယ်။ ရာသီ ဥတုမကောင်းတဲ့အခါ ပိုးကျ ရောက်မှုများတာ၊ အပင်ပျက်စီး ဆုံးရှုံးတာတွေ ကြုံရတတ်ပြီး ပဲအထွက်နှုန်းတွေ ကျဆင်းသွား နိုင်သလို၊ export တင်ပို့ဖို့အတွက် အရည်အသွေး မပြည့်မီတာမျိုး တွေလည်း ဖြစ်သွားနိုင်တာ ကြောင့် အထူးသတိထား စိုက်ပျိုး ရပါတယ်"ဟု ၎င်းက ဆက်လက် ပြောပြသည်။

မြန်မာနိုင်ငံသည် အိန္ဒိယ နိုင်ငံအပြင် မတ်ပဲနှင့် ပဲစင်းငုံ တို့ကို အဓိကထုတ်လုပ်သည့် နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေ အနေ မတည်ငြိမ်မှုနှင့် ပဲတင်ပို့ ရောင်းချမည့် ကုန်စည်စီးဆင်းမှု အနေအထားတို့အပေါ် ကုန်သည် များ၊ ပဲစိုက်တောင်သူများမှာ စိုးရိမ်မှုများရှိနေကြောင်း သိရ သည်။

နန်းထက်ထက်ချစ်

## ဝေါမြို့နယ် ဖိုက်စတား စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ ပဲတီစိမ်းများထွက်ရှိ

ပဲခူး ဧပြီ ၁

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဖိုက်စတားစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသား ၃၆ ဦး ပိုင်ဆိုင်သော စိုက်ဧက ၁၁၀ ပေါ်တွင် ပဲတီစိမ်းများကို စိုက်ပျိုးခဲ့ရာ တစ်ဧကလျှင် အထွက်နှုန်း ခုနစ်တင်း ထွက်ရှိပြီး ပဲတီစိမ်းတင်းပေါင်း ၇၇၀ ကျော် ထွက်ရှိကြောင်းသိရသည်။

ထို့အပြင် ဒေသပေါက်ဈေးအနေဖြင့် ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၁၇၇၅၀ နှုန်း ရရှိကြောင်း သိရသည်။ သတင်းစဉ်

## သထုံ၌ ရေဂါလန် ၃၂၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီး ပေးအပ်လှူဒါန်း

သထုံ ဧပြီ ၁

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း နွေရာသီကာလ သောက်သုံးရေအခက်အခဲရှိသည့် နေရာများ၌ ရေလှူဒါန်းမှုပြုနိုင်ရေးနှင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း၍ အမြန်ဆုံး မီးငြိမ်းသတ်နိုင်ရန်အတွက် ရေဂါလန်ပေါင်း ၃၂၀၀ ဆံ့သည့် ရေသယ်ယာဉ်တစ်စီးကို မတ် ၃၀ ရက်က သထုံမြို့ရှိ အနိုင်းမဲ့မေတ္တာ သွေးနှင့် အောက်ဆီဂျင်အခမဲ့ကူညီရေးအသင်းထံ ဉာဏ်ဝေယံ မိသားစု အလှူရှင်များက လှူဒါန်းပေးသည်။




ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထိုသို့ ပေးအပ်ရာတွင် အလှူရှင်ဖြစ်သူ ဒေါ်ညွန့်သိန်း(ဉာဏ်ဝေယံ) မိသားစုတို့က ငွေကျပ်သိန်း ၂၄၀ တန်ဖိုးရှိ ရေဂါလန် ၃၂၀၀ ဆံ့ ရေသယ်ယာဉ်ကို ပေးအပ်လှူဒါန်းရာ အနိုင်းမဲ့မေတ္တာ သွေးနှင့် အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်းမှ တာဝန်ရှိသူတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သီပေါမြို့နယ်ရှိ နေရပ်စွန့်ခွာစခန်းများသို့ ကူညီပံ့ပိုး

သီပေါ မတ် ၃၁

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ့်အွန်ဘုန်းတော်ကြီးကျောင်းနှင့် ပန်းတိမ်တောင်ရပ်ကွက် အောင်မင်္ဂလာဘိုးတော်ကျောင်းရှိ နေရပ်စွန့်ခွာစခန်းများသို့ လာရောက်ခိုလှုံလျက်ရှိကြသော ပုလဲ၊ ပန်ခါး၊ ဆွန်လုံ၊ မိုးတော၊ ပန်နေကျေးရွာများမှ ဒေသခံတိုင်းရင်းသားများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ပြည်နယ်ကြက်ခြေနီအသင်းတို့က မိသားစုနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို မတ် ၂၉ ရက်က သီပေါမြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကူညီပံ့ပိုးပေးအပ်သည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကို ဦးစံလု(အောင်အောင်မိုး) ကားအသင်းနှင့် ဦးညီညီ(တောင်ပေါ်သား) ကားအသင်းများက ပို့ဆောင်ခ မယူဘဲ မေတ္တာစေတနာဖြင့် အခမဲ့ပို့ဆောင်ပေးကြောင်း သိရသည်။

စိုင်း(သီပေါ)

အကြမ်းဖက်မှုတိုင်းအတွက်
အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်။

အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန် ရှိပါတယ်

စာမျက်နှာ ၂၂ မှ

(ဂ) မြင်းခြံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၃၃၆၉၊ ၀၉ ၄၀၀၁၀၃၃၇၄၊ ၀၉၄၀၀၁၀၄၉၃၃
Viber Phone - ၀၉ ၆၈၁၁၅၃၄၅၃

(ဃ) မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၅၇၁၈၂၂၃၈၊ ၀၉ ၄၀၀၁၀၄၆၁၁၊ ၀၉ ၄၀၀၁၀၁၁၂၄
Viber Phone - ၀၉ ၄၄၀၁၄၂၆၆၇

(င) ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၂၆၉၉၊ ၀၉ ၄၀၀၁၀၂၈၉၉၊ ၀၉ ၄၀၀၁၀၂၈၁၁
Viber Phone - ၀၉ ၄၀၃၇၄၂၂၆၅

(စ) ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၁၁၁၄၁၁၂၊ ၀၉ ၇၉၄၂၀၈၉၆၀၊ ၀၉ ၇၉၂၄၄၄၈၅၂
Viber Phone - ၀၉ ၇၈၅၀၈၂၆၁၅

(ဆ) ညောင်ဦးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၃၃၂၈၊ ၀၉ ၄၀၀၁၀၃၃၄၈၊ ၀၉ ၄၀၀၁၀၃၃၈၆
Viber Phone - ၀၉ ၄၂၀၂၅၁၄၈၄

**မွန်ပြည်နယ်ရဲတပ်ဖွဲ့**

(က) မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၅၆၂၅၃၈၉၂၊ ၀၉ ၆၈၄၇၃၈၃၉၅၊ ၀၉ ၆၈၂၇၈၇၈၈၂
Viber Phone - ၀၉ ၂၅၅၈၅၄၄၁၀

(ခ) သထုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၃၃၃၂၇၄၄၊ ၀၉ ၄၂၃၃၃၂၇၄၅၊ ၀၉ ၄၂၃၃၃၂၇၄၆
Viber Phone - ၀၉ ၂၅၅၇၁၁၁၇၄

**ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့**

(က) စစ်တွေခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၈၆၂၉၄၅၂၅၊ ၀၉ ၆၈၉၃၁၈၄၂၇၊ ၀၉ ၆၈၈၉၀၀၇၈၇
Viber Phone - ၀၉ ၄၂၁၀၀၄၂၁၈

(ခ) မြောက်ဦးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၉၉၅၀၈၈၈၄၊ ၀၉ ၆၇၁၀၀၅၆၇၁၊ ၀၉ ၆၈၃၉၇၂၀၉၃
Viber Phone - ၀၉ ၇၈၉၉၇၈၃၇၃

(ဂ) မောင်တောခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၆၂၄၄၁၃၃၆၊ ၀၉ ၆၉၀၈၇၅၄၈၀၊ ၀၉ ၆၉၄၃၅၉၄၀၂
Viber Phone - ၀၉ ၄၀၂၅၄၇၂၄၄

(ဃ) ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၃၂၃၉၉၆၆၊ ၀၉ ၄၂၃၂၃၉၉၆၇၊ ၀၉ ၄၂၃၂၃၉၉၆၈
Viber Phone - ၀၉ ၄၀၁၅၈၂၂၃၆

(င) သံတွဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၇၈၄၄၃၇၁၃၊ ၀၉ ၆၇၂၉၃၇၃၄၈၊ ၀၉ ၉၆၉၁၇၉၆၆၁
Viber Phone - ၀၉ ၂၅၄၃၁၅၂၉၉

**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၂၉၆၆၊ ၀၉ ၄၂၆၁၈၃၂၂၇၊ ၀၉ ၄၂၆၁၈၃၂၄၅
Viber Phone - ၀၉ ၄၂၁၁၂၈၉၅၁

(ခ) အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၂၂၈၊ ၀၉ ၄၂၆၁၈၃၃၃၉၊ ၀၉ ၄၂၆၁၈၃၂၉၃
Viber Phone - ၀၉ ၄၃၁၃၇၇၂၉

(ဂ) တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၁၉၃၊ ၀၉ ၄၂၆၁၈၃၂၃၇၊ ၀၉ ၄၂၆၁၈၃၂၃၈
Viber Phone - ၀၉ ၅၁၉၄၂၃

(ဃ) မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၂၇၇၊ ၀၉ ၄၂၆၁၈၃၂၈၂၊ ၀၉ ၄၂၆၁၈၃၂၆၄
Viber Phone - ၀၉ ၇၈၆၂၈၁၄၅၆

**ရှမ်းပြည်နယ်ရဲတပ်ဖွဲ့**

(က) လားရှိုးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၅၅၀၊ ၀၉ ၃၄၆၁၁၂၈၅၁၀၊ ၀၉ ၃၄၆၁၁၃၂၇၁၀
Viber Phone - ၀၉ ၂၅၃၀၂၉၄၇၇

(ခ) ကျောက်မဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၅၉၃၊ ၀၉ ၃၄၆၁၁၂၈၅၆၉၊ ၀၉ ၃၄၆၁၁၃၂၆၄၅
Viber Phone - ၀၉ ၂၅၈၁၁၇၆၆၂

(ဂ) တောင်ကြီးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၇၇၇၊ ၀၉ ၃၄၆၁၁၂၈၉၉၉၊ ၀၉ ၃၄၆၁၁၂၈၆၈၄
Viber Phone - ၀၉ ၂၅၀၉၃၆၅၆၇

(ဃ) လင်းခေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၆၆၈၊ ၀၉ ၃၄၆၁၁၃၂၆၀၃၊ ၀၉ ၃၄၆၁၁၃၂၅၉၅
Viber Phone - ၀၉ ၇၈၉၇၂၃၇၄၉

(င) လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၇၄၄၊ ၀၉ ၃၄၆၁၁၃၂၈၁၉၊ ၀၉ ၃၄၆၁၁၂၈၉၂၄
Viber Phone - ၀၉ ၄၀၀၄၄၈၀၂၆

(စ) ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၅၈၇၊ ၀၉ ၃၄၆၁၁၃၂၅၇၉၊ ၀၉ ၃၄၆၁၁၂၈၆၄၃
Viber Phone - ၀၉ ၉၇၆၄၅၃၆၉၉

(ဆ) တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၈၀၁၊ ၀၉ ၃၄၆၁၁၃၂၇၈၅၊ ၀၉ ၃၄၆၁၁၂၈၉၆၅
Viber Phone - ၀၉ ၅၂၅၂၇၆၅

(ဇ) မိုင်းဆတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၉၄၀၊ ၀၉ ၃၄၆၁၁၃၂၇၂၈၊ ၀၉ ၃၄၆၁၁၃၂၅၀၄
Viber Phone - ၀၉ ၄၂၀၀၀၆၀၆၇

(ဈ) မူဆယ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၃၀၇၂၊ ၀၉ ၃၄၆၁၁၃၂၉၆၇၊ ၀၉ ၃၄၆၁၁၂၈၇၄၂
Viber Phone - ၀၉ ၉၅၇၉၂၄၁၅၉

(ည) ဟိုပန်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၉၅၉၊ ၀၉ ၃၄၆၁၁၃၃၀၂၃၊ ၀၉ ၃၄၆၁၁၃၂၉၇၅
Viber Phone - ၀၉ ၇၇၃၁၁၇၈၅၉

(ဋ) မိုးမိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၉၄၂၊ ၀၉ ၃၄၆၁၁၃၃၁၅၅၊ ၀၉ ၃၄၆၁၁၂၈၈၄၁
Viber Phone - ၀၉ ၆၈၉၉၁၀၉၇၀

**ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ပုသိမ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၀၀၉၈၃၀၆၊ ၀၉ ၆၈၅၁၉၄၈၆၆၊ ၀၉ ၄၅၁၂၃၆၀၇၀
Viber Phone - ၀၉ ၂၆၆၂၃၀၀၇၇

(ခ) ဟင်္သာတခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၁၇၁၃၃၄၄၊ ၀၉ ၄၄၇၃၇၄၁၅၀၊ ၀၉ ၉၅၉၅၉၁၀၈၇
Viber Phone - ၀၉ ၂၅၉၀၄၂၃၀

(ဂ) မြောင်းမြခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၈၂၀၅၅၉၇၅၊ ၀၉ ၂၆၄၈၃၆၈၀၉၊ ၀၉ ၄၅၉၂၉၃၃၄၅
Viber Phone - ၀၉ ၄၅၄၄၆၆၆၇

(ဃ) လပွတ္တာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၉၅၀၉၇၇၃၇၆၊ ၀၉ ၄၅၆၆၉၉၉၆၈၊ ၀၉ ၄၀၃၇၂၂၆၁၁
Viber Phone - ၀၉ ၉၅၀၉၇၇၃၇၆

(င) မအူပင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၉၁၁၉၀၅၁၉၊ ၀၉ ၆၈၈၆၂၄၁၃၅၊ ၀၉ ၄၅၀၁၈၃၅၂၆
Viber Phone - ၀၉ ၂၀၁၉၉၅၃

(စ) ဖျာပုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၇၉၂၉၆၂၉၊ ၀၉ ၄၀၀၀၂၁၃၈၆၊ ၀၉ ၆၆၆၉၇၄၂၁၂
Viber Phone - ၀၉ ၂၆၉၄၈၂၈၂၀

# ချမ်းအေးသာစံမြို့နယ်ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး ရေခဲတိုက်အတွင်း သင်္ဂြိုဟ်ရန်ကျန် မွေးကင်းစကလေးအလောင်း ၁၂၆ လောင်း တွေ့ရှိမှုနှင့်ပတ်သက်၍ အချိန်မီသင်္ဂြိုဟ်ရန် တာဝန်ပျက်ကွက်ခဲ့သည့် ရင်ခွဲရုံတာဝန်ခံအား ဥပဒေနှင့်အညီ အမှုဖွင့်လှစ်ထားရှိ

နေပြည်တော် မေ ၁

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး ရေခဲတိုက်အတွင်း သင်္ဂြိုဟ်ရန်ကျန် မွေးကင်းစကလေးအလောင်း ၁၂၆ လောင်း တွေ့ရှိမှုနှင့်ပတ်သက်၍ အချိန်မီ သင်္ဂြိုဟ်ရန် တာဝန်ပျက်ကွက်ခဲ့သည့် ရင်ခွဲရုံတာဝန်ခံအား ဥပဒေနှင့်အညီ အမှုဖွင့်လှစ်ထားရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ မတ် ၂၈ ရက်တွင် ဗဟိုအမျိုးသမီးဆေးရုံကြီး၊ အနောက်ပေါက်တွင် လုံခြုံရေးတာဝန်ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေခဲတိုက်အတွင်း အပုပ်နံ့ ရရှိသဖြင့် ဆေးရုံအုပ်ကြီးထံ သတင်းပို့ခဲ့ရာ ဆေးရုံအုပ်ကြီးမှ ဆေးရုံအုပ်ဖြစ်သူမှာ ရန်ကုန်မြို့တွင် တာဝန်ဖြင့် ရောက်ရှိနေသောကြောင့် ၎င်းဆေးရုံအုပ် ပြန်လည်ရောက်ရှိပါက စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဆေးရုံအုပ်ဖြစ်သူမှာ မတ်လ ၃၀ ရက်နေ့တွင် ရန်ကုန်မှ ပြန်လည်ရောက်ရှိလာခဲ့သဖြင့် မတ် ၃၁ ရက်တွင် ဆေးရုံအုပ်ကြီး၊ ဆေးရုံအုပ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့တို့မှ အပုပ်နံ့ရရှိသည့် ရင်ခွဲရုံအား ဝင်ရောက်စစ်ဆေးခဲ့ရာ ရင်ခွဲရုံအတွင်းမှ မီးသင်္ဂြိုဟ်ရန် ကျန်ရှိနေသော မွေးကင်းစကလေးအလောင်း ၁၂၆ လောင်း တွေ့ရှိခဲ့ရကြောင်း။

အဆိုပါ မွေးကင်းစကလေး အလောင်းများ ကျန်ရှိနေမှုနှင့်ပတ်သက်၍ ဆက်လက်စိစစ်ခဲ့ရာ ရင်ခွဲရုံတာဝန်ခံဖြစ်သူ လွင်မိုးမှာ ယခင်ဆေးရုံဖွင့်လှစ်စဉ်က ဆေးရုံတွင် သေဆုံးခဲ့သည့် ကလေးငယ်များ၊ မိခင်ဝမ်းဗိုက်အတွင်း သေဆုံးခဲ့သည့် ကလေးငယ်များ၊ ပိုင်ရှင်မပေါ်ဘဲသေဆုံးခဲ့သည့် ကလေးငယ်တို့၏ရုပ်အလောင်းများကို အလောင်း ၁ လောင်းလျှင် သင်္ဂြိုဟ်ပေးရန်အတွက် မြန်မာငွေကျပ် ၃၀၀၀ နှင့် ၅၀၀၀ ကြား ၎င်းမှတာဝန်ယူကောက်ခံကာ ရင်ခွဲရုံတွင် ထိန်းသိမ်းထားရှိခဲ့ကြောင်း၊ ၎င်းအနေဖြင့် ကလေးငယ်အလောင်းများကို အခကြေးငွေရယူပြီး ကာလကြာရှည်စွာ မသင်္ဂြိုဟ်ဘဲ ရင်ခွဲရုံတွင် ထိန်းသိမ်းထားရှိကာ မတ် ၂၈ ရက်မှစတင်၍ CDM လှုပ်ရှားမှုများကို အကြောင်းပြပြီး အလုပ်သို့ လာရောက်ခြင်းမရှိတော့ကြောင်း၊ ဆေးရုံပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ၎င်းအား ဆက်သွယ်၍ မရတော့ကြောင်း၊ ၎င်းတာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အား လုပ်ဆောင်ခြင်းမရှိဘဲ ကလေးအလောင်းများကို သင်္ဂြိုဟ်ပေးရန် ရယူကောက်ခံထားသည့် အခကြေးငွေများအား အလွဲသုံးစားလုပ်ကာ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်းကို စုံစမ်းသိရှိရကြောင်း။

အဆိုပါမွေးကင်းစကလေးရုပ်အလောင်း ၁၂၆ လောင်းကို မတ် ၃၁ ရက် မွန်းလွဲပိုင်းတွင် ဆေးရုံအုပ်ကြီး၏ ခွင့်ပြုချက်ဖြင့် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပေးခဲ့ကြောင်း၊ ဖြစ်စဉ်တွင် ကလေးအလောင်းများကို သင်္ဂြိုဟ်ပေးရန် အခကြေးငွေကောက်ခံထားရှိပြီး တာဝန်ပျက်ကွက်ခဲ့သည့် ရင်ခွဲရုံတာဝန်ခံကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် မသမာသူများ၏ လက်ချက်ကြောင့် ရထားလမ်းများ ပျက်စီးမှုဖြစ်ပွား

နေပြည်တော် မေ ၁

ရန်ကုန်မြို့နေ ခရီးသွားမိဘပြည်သူများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားမှ အင်းစိန်-ရန်ကုန်-မင်္ဂလာဒုံ-အင်းစိန် လမ်းကြောင်းအတိုင်း လက်ဝဲရစ် လူစီးတွဲ (၃) တွဲပါ RBE ရထားတွဲဆိုင်းကို မတ် ၂၄ ရက်မှစ၍ နေ့စဉ်ပြေးဆွဲလျက်ရှိသော်လည်း မသမာသူများက ရထားလမ်းပိုင်းများကို မကြာခဏ ဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရထားပြေးဆွဲဆောင်ရွက်စဉ်အတွင်း မတ် ၃၀ ရက်တွင် ကမာရွတ်ဘူတာရုံလမ်း level Crossing အဝင်/အထွက် အစုန်ရထားလမ်းပေါ်၌ သံလမ်းထိန်းကလစ် (၃၈) ခု၊ အဆန်ရထားလမ်းပေါ်၌ သံလမ်းထိန်းကလစ် (၅၀) စုစုပေါင်း (၈၈) ခုကို ဖြုတ်ထားကြောင်းတွေ့ရှိရသဖြင့် အစားထိုးပြန်လည် တပ်ဆင်ပေးခဲ့ရကြောင်း၊ ကြည့်မြင်တိုင်ဘူတာယာဒ်ဝင်းအတွက် အစုန်/အဆန် ရထားလမ်းပေါ်တွင် အရှည်ပေ (၂၀) ရထားသံလမ်းဟောင်း (၂) ချောင်းကန့်လန့်ဖြတ်တင်ထားပြီး အဆန်ရထားလမ်းပေါ်တွင် စွန့်ပစ်အမှိုက်များ စုပုံထားသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် မြန်မာ့မီးရထား ဝန်ထမ်းများက ရှင်းလင်းဆောင်ရွက်ခဲ့ရကြောင်း။

မတ် ၃၁ ရက်တွင် ကြည့်မြင်တိုင် ဘူတာအဝင် အဆန်ရထားပေါ်၌ ကားတာယာအဟောင်း (၆) လုံးကို စုပုံထားကာ အသက် (၃၀) အရွယ် အမျိုးသားတစ်ဦးက မီးရှို့ရန် ဆောင်ရွက်နေသည်ကို တွေ့ရသဖြင့် ရထားရဲတပ်ဖွဲ့ လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးရာ စမ်းချောင်းမြို့နယ် ဝေဠုဝန်ရပ်ကွက်အတွင်းသို့ ထွက်ပြေး လွတ်မြောက်သွားခဲ့ကြောင်း၊ ကြည့်မြင်တိုင်ဘူတာအထွက် အစုန်/အဆန် ရထားလမ်းဘေးဝဲ/ယာ တွင် မီးရှို့ရန် စုဆောင်းထားသော ကားတာယာအဟောင်းများ တွေ့ရှိရသဖြင့် စွန့်ပစ်ခဲ့ရကြောင်း။






ထို့နည်းတူ ယနေ့တွင် ကမာရွတ်ဘူတာနှင့် လှည်းတန်းဘူတာကြား၌ အတွင်းရထားလမ်းတွင် သံလမ်းဆက်ပြားလေးခုဖြုတ်ထားသဖြင့် ပြုပြင်ခဲ့ရကြောင်း၊ ကြည့်မြင်တိုင်ဘူတာအတွင်းရထားလမ်း၌ အဝင်ပွိုင့်တွင် ဇလီဖား (၄) တုံး မီးရှို့ထားပြီး အဝင်ပွိုင့်အလွန် သံလမ်းတစ်ဆက်ခန့်၌ ရထားလမ်းကွန်ဖားကလစ် (၃၀) ဖြုတ်ထား၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာ့မီးရထားဝန်ထမ်းများက ပြန်လည်တပ်ဆင်ခဲ့ရကြောင်း။

ဖော်ပြပါ မသမာသူအကြမ်းဖက်သမားများ၏ လုပ်ရပ်များနှင့် နှောင့်ယှက် ဖျက်ဆီးမှုများအတွက် မြန်မာ့မီးရထားမှ သက်ဆိုင်ရာ နယ်မြေရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်လှစ်၍ အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# မြိတ်မြို့နယ်ရှိ ပညာရေးဝန်ထမ်းများအား CDM တွင် ပါဝင်လုပ်ဆောင်လာအောင် စည်းရုံးလှုံ့ဆော်သူများအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ CDM ပါဝင်ခြင်းမရှိသည့် ပညာရေး ဝန်ထမ်းများအား CDM တွင် ပါဝင်လုပ်ဆောင်လာအောင် Face-book လူမှုကွန်ရက်များတွင် စည်းရုံးလှုံ့ဆော် နေကြောင်း သတင်းများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့ နံနက် ၁ နာရီခန့်တွင် ကလွင်ကျေးရွာအုပ်စု တက္ကသိုလ်ရပ်ကွက် စိမ်းလဲ့သာယာ (၁၂) အိမ်တွင် နေထိုင်သည့် မနေခြည်ထွေးနှင့် မချစ်မြတ်သူ ပညာရေးဝန်ထမ်း နှစ်ဦးတို့အား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းခံထားသူများထဲမှ မနေခြည်ထွေးသည် Nay Chi Htwe Facebook Account အသုံးပြု၍ မြိတ်မြို့ပေါ်ရပ်ကွက်များရှိ ပညာရေး ဝန်ထမ်းများ မှမ်းမံသင်တန်း မတက်ရန် လှုံ့ဆော်ခြင်း၊ ဆန္ဒပြလူစုလူဝေးများတွင် ပါဝင်လာအောင် စည်းရုံးခြင်း၊ ငွေကြေးထောက်ပံ့နိုင်ရေးအတွက် ရန်ပုံငွေများ ကောက်ခံခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ထို့အတူ မချစ်မြတ်သူသည် မြိတ်မြို့ပေါ်ရပ်ကွက်များ၌ ဆူပူအကြမ်းဖက်မှုများတွင် ကိုယ်တိုင်ပါဝင်ခြင်း၊ CDM လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ပြီး Myat Myat Facebook Account အသုံးပြုကာ အခြားပညာရေးဝန်ထမ်းများ ပါဝင်လာစေရန် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အထက်ပါ ဖမ်းဆီးထိန်းသိမ်းထားသူများအား ဥပဒေနှင့်အညီ အရေး ယူနိုင်ရေး မြိတ်မြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မနေခြည်ထွေး



မချစ်မြတ်သူ

# စားသုံးသူများ ကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

အိအိချော (စားသုံးသူရေးရာဦးစီးဌာန)

မြန်မာလူမျိုးတို့၏ နေ့စဉ်ချက်ပြုတ်စားသောက်မှုအလေ့အထတွင် စားသုံးဆီသည် အဓိက အခန်းကဏ္ဍမှ မပါမဖြစ် ပါဝင်နေသည်ကို တွေ့ရှိရပေမည်။ ရှေးမြန်မာများလက်ထက်ကပင် “ဆီရွှဲရွှဲတောင် ဟင်းဖြစ်” ဟု တင်စားရလောက်အောင် စားသုံးဆီကို နှစ်မြိုက်စွာစားသုံးခဲ့ကြသည်မှာ ယခုကာလအထိပင် ဖြစ်ပေရာ ခေတ်စနစ်များ ပြောင်းလဲလာပြီး လူဦးရေတိုးတက်လာသည်နှင့်အမျှ ဆီကိုရေလို မချိုးနိုင်တော့ဘဲ ပြည်ပနိုင်ငံများမှ ဝယ်ယူတင်သွင်းလာခဲ့ကြရပြီ ဖြစ်ပါသည်။

စားသုံးဆီဆိုသည်မှာ လူတို့ချက်ပြုတ်ကြော်လှော်စားသုံးရာတွင် အဆိပ်အတောက်မဖြစ် ပေါ်စေဘဲ စားသုံးရန်သင့်လျော်သောဆီဖြစ်ပြီး အပင်ထွက်ဆီ (Vegetable Oil) နှင့် တိရစ္ဆာန်ထွက်ဆီ (Animal fat)ဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။ အမှန်စင်စစ်အားဖြင့် စားသုံးဆီတို့သည် ဓာတုဗေဒဖွဲ့စည်းပုံအရ အဆီအက်စစ် (Fatty Acid) အမျိုးမျိုးဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်ပြီး ပြည့်ဝအဆီအက်စစ် (Saturated Fatty Acid)၊ မိုနို မပြည့်ဝအဆီအက်စစ် (Mono Unsaturated Fatty Acid)၊ ပိုလီမပြည့်ဝ အဆီအက်စစ် (Poly Unsaturated Fatty Acid) တို့ အချိုးအဆအမျိုးမျိုး ပေါင်းစပ်ပါဝင်နေသောကြောင့် စားသုံးဆီတို့၏ အရည်အသွေးများ ကွဲပြားနေရခြင်းဖြစ်ပါသည်။ မြန်မာလူမျိုးများအနေဖြင့် ဟင်းချက်ရာတွင် အသုံးများသောစားသုံးဆီများမှာ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားအုန်းဆီနှင့် ပဲပုပ်ဆီတို့ဖြစ်ပြီး ဖွဲနုဆီနှင့် ကနိုလာဆီတို့ကိုမူ အနည်းငယ်သာ အသုံးပြုကြရာ ယေဘုယျအားဖြင့် အပင်ထွက်ဆီ (Vegetable Oil) များကိုသာ စားသုံးဆီအဖြစ် အသုံးပြုကြသည်ဟု ဆိုနိုင်ပေသည်။

### ကုသရန်ခက်ခဲသော ဝေဒနာများဖြစ်ပေါ်လာနိုင်

မြန်မာနိုင်ငံ၏လူဦးရေတိုးတက်လာမှုနှင့်အတူခေတ်နှင့်အညီပြောင်းလဲလာသော စားသောက်မှုပုံစံများကြောင့် ပြည်ပမှ မှာယူတင်သွင်းရသော စားသောက်ကုန်အမျိုးမျိုးအနက် စားသုံးဆီသည်လည်းတစ်ခု အပါအဝင် ဖြစ်ပါသည်။ စားသုံးဆီကို စတင်တင်သွင်းခွင့်ပြုသည့်အချိန်မှစ၍ နှစ်စဉ်လျော့နည်းသွားခြင်းမရှိဘဲ ယနေ့ကာလအထိ တန်ချိန်များ တိုးမြှင့်တင်သွင်းနေသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ပင်လယ်ရေ ကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တရားဝင် တင်သွင်းလာသော အရည်အသွေး စစ်ဆေးပြီးသည့် စားသုံးဆီများရှိသကဲ့သို့ စစ်ဆေးမှုတစ်စုံတစ်ရာမပါရှိဘဲ တရားမဝင် ဝင်ရောက်လာသော စားသုံးဆီများလည်းရှိနေပေရာ အလွန်သတိပြုရမည့် အခြေအနေဖြစ်ပါသည်။ အဆိုပါတရားမဝင် ဝင်ရောက်လာသော စားသုံးဆီများတွင် ပုံပြောင်းအဆီအက်စစ်များ (Trans Fatty Acid) နှင့် ကျန်းမာရေးနှင့် ကိုက်ညီမှုမရှိသော အခြားဓာတ်သဘာဝ (ဥပမာ- အာဖလာတော့ဆင် မှိုဆိပ်) များ ပါရှိနေနိုင်ပါသည်။ ထိုကဲ့သို့သော စားသုံးဆီများကြောင့် သွေးအတွင်း ကိုလက်စထရောများ မြင့်တက်လာပြီး နှလုံးနှင့် အသည်းအဆီဖုံးခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း စသည့်ကုသရန် ခက်ခဲသောဝေဒနာများ ဖြစ်ပေါ်လာနိုင်ပါသည်။

စားသုံးဆီ တစ်ဂရမ်( 1 gram) ကို စားပြီးတိုင်း အင်အားဓာတ်(စွမ်းအင်) ကိုး ကယ်လိုရီ ( 9 kal/gm) ရရှိစေပြီး ထိုရရှိလာသော စွမ်းအင်ကို နေ့စဉ်လှုပ်ရှားသွားလာမှုများတွင် အသုံးပြုကြရပါသည်။ ထို့ကြောင့် စားသုံးဆီသည် လူတို့အတွက် အင်အားဖြစ်စေသောအစာအုပ်စုဝင်ဖြစ်သော်လည်း လိုအပ်သည့် ပမာဏထက်ပို၍စားသုံးမိပါက အင်အားဓာတ် လွန်ကဲမှုကိုဖြစ်ပေါ်စေပြီး ကိုယ်အလေးချိန် တိုးလာနိုင်သည်နှင့်အမျှ အဝလွန်လာကာ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အဆစ်ရောင်ရောဂါ စသည့် နာတာရှည်ဝေဒနာများ ဖြစ်ပေါ်လာစေနိုင်ပါသည်။

စားသုံးဆီကို အလွန်အကျွံစားသုံးသောကြောင့် ဖြစ်ပေါ်စေနိုင်သည့် ရောဂါဆိုးများမှ ရှောင်ရှားနိုင်ရန်အလို့ငှာ အသက်အုပ်စုအလိုက်တစ်နေ့တာအတွက် အနည်းဆုံးလိုအပ်သော စားသုံးဆီပမာဏကို ကျန်းမာရေးဦးစီးဌာန(အာဟာရဌာနခွဲ)မှ အောက်ပါဇယားအတိုင်း လမ်းညွှန်မှုပြုထားသည်ကိုတွေ့ရှိရမည်ဖြစ်ပါသည်-

| စဉ် | အသက်အုပ်စု | တစ်နေ့တာလိုအပ်သောစားသုံးဆီပမာဏ |
|---|---|---|
| (က) | ၁နှစ်မှ ၃နှစ် | ၁.၂၅ ကျပ်သား |
| (ခ) | ၄နှစ်မှ ၆နှစ် | ၁.၅၀ ကျပ်သား |
| (ဂ) | ၇နှစ်မှ ၉နှစ် | ၂.၀ ကျပ်သား |
| (ဃ) | ၁၀နှစ်မှ ၁၂နှစ် | ၂.၀ ကျပ်သား |
| (င) | ၁၃နှစ်မှ ၁၉နှစ် | ၃.၅၀ ကျပ်သား |
| (စ) | အမျိုးသား(လူကြီး) | ၂.၀ ကျပ်သား |
| (ဆ) | အမျိုးသမီး(လူကြီး) | ၁.၅၀ ကျပ်သား |
| (ဇ) | ကိုယ်ဝန်ဆောင် | ၂.၀ ကျပ်သား |
| (ဈ) | နို့တိုက်မိခင် | ၂.၀ ကျပ်သား |





**မြန်မာနိုင်ငံ၏လူဦးရေတိုးတက်လာမှုနှင့်အတူ ခေတ်နှင့်အညီပြောင်းလဲလာသော စားသောက်မှုပုံစံများကြောင့် ပြည်ပမှ မှာယူတင်သွင်းရသော စားသောက်ကုန်အမျိုးမျိုးအနက် စားသုံးဆီသည်လည်း တစ်ခုအပါအဝင်ဖြစ်။ စားသုံးဆီကို စတင်တင်သွင်းခွင့်ပြုသည့်အချိန်မှစ၍ နှစ်စဉ်လျော့နည်းသွားခြင်း မရှိဘဲ ယနေ့ကာလအထိ တန်ချိန်များ တိုးမြှင့်တင်သွင်းနေသည်ကို တွေ့ရမည်ဖြစ်။ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တရားဝင် တင်သွင်းလာသော အရည်အသွေး စစ်ဆေးပြီးသည့် စားသုံးဆီများရှိသကဲ့သို့ စစ်ဆေးမှုတစ်စုံတစ်ရာမပါရှိဘဲ တရားမဝင် ဝင်ရောက်လာသော စားသုံးဆီများလည်း ရှိနေပေရာ အလွန်သတိပြုရမည့် အခြေအနေဖြစ်။ တရားမဝင် ဝင်ရောက်လာသော စားသုံးဆီများတွင် ပုံပြောင်းအဆီအက်စစ်များ (Trans Fatty Acid) နှင့် ကျန်းမာရေးနှင့် ကိုက်ညီမှုမရှိသော အခြားဓာတ်သဘာဝ (ဥပမာ- အာဖလာတော့ဆင်မှိုဆိပ်)များ ပါရှိနေနိုင်။ ထိုကဲ့သို့သော စားသုံးဆီများကြောင့် သွေးအတွင်း ကိုလက်စထရောများ မြင့်တက်လာပြီးနှလုံးနှင့် အသည်းအဆီဖုံးခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းစသည့် ကုသရန်ခက်ခဲသော ဝေဒနာများဖြစ်ပေါ်လာနိုင်**

အထက်ဖော်ပြပါ ကျန်းမာရေးဦးစီးဌာနက လမ်းညွှန်မှုပြုထားသောစားသုံးဆီပမာဏနှင့်အညီ မိသားစုတိုင်းက တိကျစွာလိုက်နာသုံးစွဲခြင်းဖြင့် ကုသရန်ခက်ခဲသော နာတာရှည်ရောဂါဝေဒနာဆိုးများမှ ကင်းဝေးစေခြင်းကြောင့် ဆေးကုသမှုအတွက် အသုံးပြုရမည့်ကုန်ကျစရိတ် သက်သာခြင်းနှင့် မိသားစုဝင်များ စိတ်ချမ်းသာမှုကိုရရှိနိုင်ခြင်း၊ မလိုအပ်ဘဲပိုလျှံစွာဝယ်ယူနေရသော စားသုံးဆီအတွက် ကုန်ကျစရိတ်ကို စုဆောင်းလာနိုင်ခြင်းတို့အပြင် အခြားလူမှုစီးပွားဘဝများ ကိုလည်း မြင့်မားလာစေနိုင်မည် ဖြစ်ပါသည်။

### နိုင်ငံခြားငွေချေတာနိုင်

မြန်မာနိုင်ငံအတွင်းရှိ ပြည်သူတစ်ဦးတစ်ယောက်ချင်းမှ အစပြု၍ မိသားစုပေါင်းများစွာက စားသုံးဆီကို လိုအပ်သလောက်သာ သုံးစွဲလိုက်ခြင်းအားဖြင့် ပြည်သူများကျန်းမာသန်စွမ်းပြီး နာတာရှည် ရောဂါများကင်းဝေးကာ မိမိတို့၏လုပ်ငန်းဆောင်တာများကို စွမ်းအားပြည့်ဆောင်ရွက်လာနိုင်ခြင်းနှင့်အတူ စားသုံးဆီတင်သွင်းမှုအတွက် အသုံးပြုရသော နိုင်ငံခြားငွေချေတာလာနိုင်ခြင်းကြောင့် အခြားပြည်တွင်း လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်း တိုးချဲ့ဆောင်ရွက်လာနိုင်မည်လည်း ဖြစ်ပါသည်။

စားသုံးသူပြည်သူများ၏ ကျန်းမာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာ အရေးပါသည်ဖြစ်ပေရာ လူတိုင်းကိုယ်စီ စားသုံးဆီနှင့် ကျန်းမာရေးဆက်နွယ်မှုကို ဂရုပြုကြခြင်းဖြင့် စားသုံးဆီကြောင့် ဖြစ်ပွားတတ်သော နာတာရှည်ရောဂါဝေဒနာများမှကင်းဝေးကြစေရန် အရည်အသွေး စစ်ဆေးပြီးသော စားသုံးဆီများကို ကျန်းမာရေးဦးစီးဌာနမှ လမ်းညွှန်ထားသောပမာဏနှင့်အညီ လိုအပ်သလောက်သာ ဝယ်ယူသုံးစွဲကြပါရန် ရေးသားတင်ပြလိုက်ရပါသည်။

ကျမ်းကိုး ။ ။ မိသားစုအာဟာရနှင့် မြန်မာ့အစားအစာ (၁၉၉၀၊ ဇန်နဝါရီလ) ကျန်းမာရေးဦးစီးဌာန၊ အာဟာရဌာနခွဲ။

# ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်လမ်းဦးစီးဌာန၊ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာန တွေ့ဆုံ

တောင်ကြီး ဧပြီ ၁

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့သည် ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်လမ်းဦးစီးဌာန၊ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာနအဖွဲ့နှင့် တွေ့ဆုံသည်။

## အမြန်ဆုံးအကောင်အထည်ဖော်

ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ ကျော်ထွန်းက နိုင်ငံတော်၏ ရေ့လုပ်ငန်းစဉ်များကို တက်ရောက်လာသည့် ဌာနဆိုင်ရာများ အားလုံးအသိဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒအတိုင်း တစ်သဝေမတိမ်းဆောင်ရွက်သွားကြရန် ပြင်ဆင်နေသည်ကို တိုင်းဒေသကြီး/ ပြည်နယ်နှင့် ယနေ့တက်ရောက်လာသည့် သက်ဆိုင်ရာဌာနများ သိရှိမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်သည် ကျယ်ပြန့်ပြီး သွားရေးလာရေးခက်ခဲကာ လူမျိုးပေါင်းစုံများသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ မှာကြားချက်အတိုင်း ရှမ်းပြည်နယ်ဒေသကို လိုအပ်ချက်များနှင့် မည်ကဲ့သို့ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် မှာကြားချက်များကို ယခုသက်ဆိုင်ရာဌာနနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းမှ တာဝန်ရှိသူများအား ခေါ်ယူကာ ညှိနှိုင်းတိုင်ပင်၍ လုပ်ငန်းများ အမြန်ဆုံး အကောင်အထည်ဖော်ကြရန် တွေ့ဆုံပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းနှင့်ပတ်သက်၍ အားလုံးဝိုင်းဝန်းညှိနှိုင်းချပြကာ ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

## လုပ်ငန်းများဆွေးနွေးတင်ပြ

ဆက်လက်၍ လမ်းဦးစီးဌာန(ရှမ်းပြည်နယ်အရှေ့ပိုင်း) ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲလင်းနှင့် လမ်းဦးစီးဌာန(ရှမ်းပြည်နယ်တောင်ပိုင်း) ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသူရဇော်တို့က လုပ်ငန်းနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြ၍လည်းကောင်း၊ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာန (ရှမ်းပြည်နယ်အရှေ့ပိုင်း) ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းအောင်နှင့် ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာန (ရှမ်းပြည်နယ်တောင်ပိုင်း) ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးတို့က လုပ်ငန်းနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးနေလင်းနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းတို့က ဆွေးနွေးတင်ပြကြကာ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သိရသည်။



မောင်မောင်သန်း(တောင်ကြီး)

# ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့သို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများကို ရပ်ကွက်နှင့် ကျေးရွာများအရောက် ဖြန့်ဝေလှူဒါန်း

နေပြည်တော် ဧပြီ ၁

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်း နှစ်စဉ် ရေတွင်း၊ ရေကန်များ ခန်းခြောက်သည့် မိုးခေါင်ရေရှားကာလများတွင် သက်ဆိုင်ရာမြို့နယ်မီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် ပြည်သူလူထု သောက်သုံးရေများ လိုအပ်ချက်မရှိစေရေးအတွက် ရပ်ကွက်နှင့် ကျေးရွာများအထိ သွားရောက်ဖြန့်ဝေ လှူဒါန်းလျက်ရှိသည်။



ကျေးရွာများအရောက် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းစဉ်။

ထိုသို့ ဖြန့်ဝေလှူဒါန်းရာ၌ မတ် ၂၅ ရက်က ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် မဒိန်ကျေးရွာအုပ်စု မဒိန်ကျေးရွာရှိ ကချင်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်းသို့ သောက်သုံးရေဂါလန် ၁၆၀၀ ခန့်အား မီးသတ်ရေသယ်ယာဉ် တစ်စီးဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် ညောင်ပင်လျှိုကျေးရွာအုပ်စု ညောင်ပင်လျှိုကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၊ ဆပ်ပျာကျင်းကျေးရွာအုပ်စု ဆပ်ပျာကျင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းနှင့် မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက်ရှိ စည်ပင်ရေပေးဝေရေးအုတ်ကန်တို့ကို သောက်သုံးရေဂါလန် ၃၀၈၀၀ ခန့်ကို လည်းကောင်း ပေးဝေလှူဒါန်းသည်။

ထို့ပြင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် ကသဲရပ်ကွက် "သာသနာ့ရောင်ခြည်" ဘုန်းတော်ကြီးကျောင်း တိုက်ပွဲရှောင်စခန်းနှင့် မိဖရပ်ကွက် "ရန်ပြေမာန်ပြေ"ဘုန်းတော်ကြီးကျောင်းတို့ကို သောက်သုံးရေဂါလန် ၁၆၀၀ ခန့်စီကို မီးသတ်ရေသယ်ယာဉ်တစ်စီးစီဖြင့် လည်းကောင်း၊ မင်းပြားမြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် ကန်သေကျေးရွာ ပညာဗိမာန် ဘုန်းတော်ကြီးကျောင်း (တိုက်ပွဲရှောင်စခန်း)နှင့် အမ်းသားကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း (တိုက်ပွဲရှောင်စခန်း) တို့ကို သောက်သုံးရေဂါလန် ၈၀၀ ခန့်စီကို မီးငြိမ်းသတ်ယာဉ် တစ်စီးစီဖြင့် လည်းကောင်း၊ ပုဏ္ဏားကျွန်းမြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် ရေဖြူကန် (တိုက်ပွဲရှောင်စခန်း)သို့ သောက်သုံးရေဂါလန် ၃၂၀၀ ခန့်ကို မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် နှစ်ကြိမ်သွားရောက်၍ လည်းကောင်း သောက်သုံးရေ ပေးဝေလှူဒါန်းသည်။

မတ် ၂၆ ရက်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် ညောင်ပင်လျှိုကျေးရွာအုပ်စု ညောင်ပင်လျှိုကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ မီးသတ်ရေသယ်ယာဉ် တစ်စီးဖြင့် နှစ်ကြိမ်သွားရောက်၍ သောက်သုံးရေ ဂါလန် ၃၂၀၀ ခန့်ကို ပေးဝေလှူဒါန်းကြောင်း သိရသည်။

အောင်မျိုး

# ဘူးသီးတောင်မြို့နယ်၌ ကျေးလက်အိမ်ရာနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများဆောင်ရွက်

စစ်တွေ ဧပြီ ၁

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေနှင့် ပြည်ထောင်စု မွမ်းမံရန်ပုံငွေတို့ဖြင့် တန်ဖိုးနည်းကျေးလက်အိမ်ရာနှင့် ကျေးလက်ရေပိုက်လိုင်းပြုပြင်ခြင်း၊ ပိုက်ထောက်တပ်ဆင်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ဆောင်ရွက်လျက်ရှိသည်။

## တန်ဖိုးနည်းအိမ်ရာ ၁၀ လုံး

ထိုသို့ဆောင်ရွက်ရာတွင် ဘူးသီးတောင်မြို့နယ် လက်ဝဲဒက်ပြင်ရှည်ကျေးရွာအုပ်စု၊ ဂန္ဓမာကျေးရွာတွင် ပြည်နယ်ရန်ပုံငွေကျပ် ၅၃၀ ဒသမ ၆၉၉ သန်းဖြင့် တန်ဖိုးနည်းကျေးလက်အိမ်ရာ အလုံး ၆၀ နှင့် အင်းဖောက်ကျေးရွာတွင် ခွင့်ပြုငွေကျပ် သန်း ၈၈ ဒသမ ၈၀ ဖြင့် တန်ဖိုးနည်းအိမ်ရာ ၁၀ လုံး တည်ဆောက်လျက်ရှိကြောင်း သိရ သည်။

## အချိန်မီပြီးစီးရေး

ထို့နည်းတူ လောင်းချောင်းကျေးရွာအုပ်စု လောင်းချောင်းကျေးရွာတွင် ပြည်ထောင်စုမွမ်းမံရန်ပုံငွေဖြင့် ငွေကျပ်သန်း ၄ ဒသမ ၈၅၀ ဖြင့် ရေပိုက်လိုင်းပြုပြင်ခြင်းနှင့် ပိုက်ထောက်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ပေးမှုကြောင့် သောက်သုံးရေ သယ်ယူဖြန့်ဖြူးရေးလုပ်ငန်းများ အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်နေမှုကို ဘူးသီးတောင်မြို့နယ် ကျေးလက်ဦးစီးမှူး ဦးဦးထွန်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြပြီး အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးပေးကြကြောင်း သိရသည်။

တင်ထွန်း(မြန်/ဆက်)

# ပုသိမ်မြို့တွင် အခြေခံပညာအထက်တန်းအဆင့်သင် ဒသမတန်းသင်ရိုးသစ် မြို့နယ်အဆင့် မွမ်းမံသင်တန်းဖွင့်လှစ်သင်ကြား

ပုသိမ် ဧပြီ ၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာအထက်တန်းအဆင့် သင် ဒသမအဆင့်(Grade-10) သင်ရိုးသစ် မြို့နယ်အဆင့် (Face to Face Training) မွမ်းမံသင်တန်းကို အထက - ၁ ၌ မတ် ၃၀၊ ၃၁ ရက်နှင့် ဧပြီ ၁ ရက်တို့တွင် သင်ကြားသည်။

အဆိုပါ သင်တန်းကို လက်ထောက် မြို့နယ်ပညာရေးမှူး ဦးရီမြင့်က ဦးဆောင်၍ သင်တန်းနည်းပြ ဆရာ ဆရာမ ၁၆ ဦးတို့က မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒနှင့် ကာယပညာ ဘာသာရပ်များကို သင်ကြားပို့ချသည်။ ယင်းသင်တန်းသို့ မြို့နယ်အတွင်းရှိ အထက်တန်းပြ ဆရာ ဆရာမ ၃၉၀ တက်ရောက်ကြသည်။ ထို့အပြင် အခြေခံပညာအလယ်တန်း (Grade-7) သင်တန်းကိုလည်း အထက-၆ ၌ ဖွင့်လှစ်သင်ကြား သည်။ သင်တန်းများကို ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး စည်းမျဉ်း၊ စည်းကမ်း ညွှန်ကြားချက်များနှင့်အညီ သင်ကြားကြောင်း သိရသည်။

မောင်မောင်မြင့်

# ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

နေပြည်တော် မေ ၁

ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများက ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် သက်ဆိုင်ရာ ဘာသာရေးကျောင်းများတွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နေ့အပူချိန်များ

နေပြည်တော် မေ ၁

နေ့အပူချိန်များမှာ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် တောင်ပိုင်း) တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဟုမ္မလင်းမြို့တွင် ၀ ဒသမ ၄၇ လက်မ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၂၄ လက်မ၊ မချမ်းဘောမြို့နှင့် တီးတိန်မြို့တို့တွင် ၀ ဒသမ ၁၆ လက်မစီနှင့် မြစ်ကြီးနားမြို့တွင် ၀ ဒသမ ၁၂ လက်မတို့ဖြစ်ကြသည်။

မိုး/ဇလ

# ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်အတွင်း မီးလောင်မှုဖြစ်ပွားခဲ့သော မီးဘေးသင့် အိမ်ထောင်စုဝင်များအား ဆန်၊ ဆီ၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်နှင့် အသုံးအဆောင်ပစ္စည်းများထောက်ပံ့

မန္တလေး မေ ၁

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ သင်ပန်းကုန်းရပ်ကွက်အတွင်း မတ် ၂၈ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ယနေ့ နံနက် ၁၁ နာရီက အဆိုပါရပ်ကွက်ရှိ မီးဘေးသင့်ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသည့် သာသနဝေပုလ္လဒီပါမြေမွှာရုံသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း၊ ဦးသိန်းငွေ၊ ဦးယဉ်ထွေး၊ အတွင်းရေးမှူး ဦးမြင့်လွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသွားရောက်၍ တွေ့ဆုံအားပေးစကားပြောကြားပြီး မီးဘေးသင့် အိမ်ထောင်စုဝင်များကို ဆန်၊ ဆီ၊ အသင့်စားခေါက်ဆွဲခြောက်၊ ဆပ်ပြာခဲနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။

အဆိုပါ ထောက်ပံ့မှုအစီအစဉ်တွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ မီးဘေးသင့် အိမ်ခြေ ၄၀၊ အိမ်ထောင်စု ၇၆ စုရှိ မီးဘေးသင့် လူဦးရေ ၃၇၂ ဦးအတွက် ဆန် ၆၂ အိတ်၊ ဆီ ၃၈ ပိဿာ၊ အသင့်စားခေါက်ဆွဲခြောက်ထုပ် ၇၆ ကာတွန်း၊ ဆပ်ပြာခဲ ၃၀၄ ခဲနှင့် မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ မီးဘေးသင့်အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၄၉၀၀၀ တန်ဖိုးရှိကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ပုံးများ၊ မီးဘေးသင့် အိမ်ထောင်စုများကို ဆန်ရိက္ခာဖိုး ရက်သတ္တနှစ်ပတ်အတွက် ငွေကျပ် ၁၅၄၅၆၀၀ တို့အားထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့မှုကြောင့် ယာယီထိန်းသိမ်းထားသည့် ကျောင်းသား၊ ကျောင်းသူများကို မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၁

မကွေးတိုင်းဒေသကြီး မြို့နယ်အချို့တွင် CDM လှုပ်ရှားမှုကို အခြေခံ၍ ဆူပူအကြမ်းဖက်မှုကို လိုလားသောအဖွဲ့အစည်းများနှင့် လူအုပ်စုအချို့သည် နည်းမျိုးစုံ အသုံးပြုပြီး သွေးထိုးလှုံ့ဆော်မှု ဆောင်ရွက်ခဲ့သောကြောင့် ဆူပူအကြမ်းဖက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ရာ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအလို့ငှာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ (၁၄၄) အရ ၅ ဦးထက်ပိုသော လူစုလူဝေး မပြုလုပ်ရန် အမိန့်များထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

၎င်းထုတ်ပြန်ထားသောအမိန့်ကို လိုက်နာမှုမရှိဘဲ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးလိုသော ရည်ရွယ်ချက်ဖြင့် ဆူပူဆန္ဒပြသူများက အကြမ်းဖက်သည့်အသွင်များဖြင့် ဆောင်ရွက်လာကြရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်ဖြင့် လူစုခွဲခြင်းများ ဆောင်ရွက်ခဲ့ပြီး ဆူပူအကြမ်းဖက်သူများကို ဖမ်းဆီးထိန်းသိမ်းကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါထိန်းသိမ်းခံထားသူများကို စိစစ်ခဲ့ရာတွင် ပတ်ဝန်းကျင်၏ စေ့ဆော်မှု၊ ဆူပူဆန္ဒပြမှုအားလှုံ့ဆော်စည်းရုံးခံရမှုနှင့် စားဝတ်နေရေးအထောက်အပံ့ရယူမှု စသည့်အခြေခံအကြောင်းများကြောင့် CDM လှုပ်ရှားဆန္ဒပြမှုတွင် ပါဝင်ခဲ့ကြောင်း တွေ့ရှိရပြီး အထူးသဖြင့် နိုင်ငံရေးအရောင်အသွေးမရှိသော အပြစ်မဲ့သည့်၊ နုငယ်သေးသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရှိရပြီး ၎င်းတို့၏ အနာဂတ်အရေးအတွက် သားသမီးချင်း ကိုယ်ချင်းစာတရားထားရှိသောကြောင့် မကွေးမြို့အတွင်း မတ် ၃ ရက်နောက်ပိုင်း ထိန်းသိမ်းထားသူများအနက်မှ ကျောင်းသား ၅ ဦးကို ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက မိဘများထံ ပြန်လည်အပ်နှံခြင်းကို မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံးအစည်းအဝေးခန်းမတွင် ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆုံးမဩဝါဒစကား ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများကို ၎င်းတို့ ဖမ်းဆီးထိန်းသိမ်းခံရချိန်တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းထားသည့် ကိုယ်ပိုင်ပစ္စည်းများအား စာရင်းအတိုင်း ပြန်လည်လွှဲပြောင်းပေးအပ်ကာ ခံဝန်ကတိ လက်မှတ်ထိုး၍ မိဘ၊ အုပ်ထိန်းသူများထံ ပြန်လည်အပ်နှံစေလွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ



နေပြည်တော် မေ ၁


တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်နှင့် မြိတ်မြို့နယ်များအတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်းသတင်းအရ မတ် ၃၁ ရက်တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင်လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည် သဘောပေါက်ကာ တူမီးသေနတ် အလက် ၄၀ နှင့် လက်လုပ်သေနတ် ၃၉ လက်တို့ကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့ အသီးသီး လာရောက်အပ်နှံခဲ့ကြသည်။

အလားတူ မတ် ၃၁ ရက်တွင် လပွတ္တာမြို့နယ်၊ ပြင်စလူမြို့၊ ဆားချက်ကျေးရွာရှိ ဒေသခံပြည်သူများက လက်လုပ်သေနတ် ၂ လက်နှင့် ဆက်စပ်ပစ္စည်းများအား ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့ လာရောက် အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘုမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က ဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ ဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၃၉၁၀၆၉၀၀၊ ၀၃၆-၃၁၀၀၅
(၂) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
ဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။

## ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား Covid –19 ရောဂါ ကာကွယ်ဆေးထိုးနှံ

နေပြည်တော် မေ ၁

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို Covid– 19 ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၊ ဟိုပုံးမြို့၊ ဆီဆိုင်မြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၊ မြန်အောင်မြို့၊ မြောင်းမြမြို့၊ မအူပင်မြို့၊ ဖျာပုံမြို့၊ ဝါးခယ်မမြို့နှင့် ဒေးဒရဲမြို့များရှိ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ ပါဝင်သောဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး Covid–19 ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များအား ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

နေပြည်တော် မေ ၁

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၀၉၉၄၉ ဦး၊ အတွင်းလူနာ ၄၀၈၃ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှု ခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၅၁၂၈ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၂၇၀၈ ဦး၊ စုစုပေါင်း ၇၈၃၆ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ (ယာပုံ) ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၇၁၀ ကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၄၁၉၇ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၆၉၀၇ ဦးကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများ ဆေးကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## သတင်းစာဖတ်ပြည်သူများအနေဖြင့် မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar ရောင်စုံသတင်းစာများ မှာယူဖတ်ရှုလိုခြင်းနှင့် သတင်းစာများရောက်ရှိမှု မရှိခြင်းတို့ကြောင့် အခက်အခဲများဖြစ်ပေါ်ပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း-၀၆၇-၃၄၁၂၁၁၈၊ ၀၉-၄၃၀၁၉၁၆၂
- နေပြည်တော်သတင်းစာတိုက်(ဇေယျာသီရိမြို့နယ်)
  ဖုန်း-၀၆၇-၃၆၁၀၇၊ ၀၉-၄၂၀၇၀၆၈၆၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၁-၉၅၄၄၃၁၇၊ ၀၉-၄၄၈၀၄၂၂၁၄
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၁-၈၂၉၂၈၃၀၊ ၀၉-၄၅၀၀၂၅၅၇၀
- The Global New Light of Myanmar (ရန်ကုန်)
  ဖုန်း-၀၁-၈၆၀၄၅၃၂၊ ၀၉-၉၈၃၉၂၄၉၉၁
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း-၀၂-၄၀၃၂၇၂၉၊ ၀၂-၄၀၃၂၅၅၀
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း-၀၇၁-၂၀၂၆၅၃၅၊ ၀၇၁-၂၀၂၆၅၃၃
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း-၀၅၇-၂၀၂၇၅၂၅၊ ၀၅၇-၂၀၂၇၅၂၆
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း-၀၄၃-၂၀၂၄၀၉၁၊ ၀၄၃-၂၀၂၃၀၆၈
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း-၀၈၁-၂၁၂၁၁၆၄
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း-၀၆၃-၂၀၂၃၇၁၂
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း-၀၈၄-၂၀၂၂၄၉၂
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း-၀၇၃-၂၀၂၂၁၃၃
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း-၀၇၄-၂၅၂၂၄၆၂
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း-၀၈၂-၂၂၀၄၀၆၇
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း-၀၅၉-၂၀၄၂၁၈၃

သင့် လုပ်ငန်းများအောင်မြင်ဖို့
အမြို့မြို့ အနယ်နယ်ပျံ့သည့် မြန်မာ့အလင်း ကြေးမုံ
THE GLOBAL NEW LIGHT OF MYANMAR
သတင်းစာတွင် ကြော်ငြာထည့်ကြစို့

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာ နေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေ ခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာ ဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေပြီး နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ် အားကောင်းလာနိုင်

နေပြည်တော် ဧပြီ ၁

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ကပ္ပလီပင်လယ်ပြင်အလယ်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ အားကောင်းလာနိုင်ပြီး အရှေ့မြောက်ဘက်သို့ ရွေ့လျားကာ မွန်-တနင်္သာရီကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ၁-၄-၂၀၂၂ ရက်နေ့မှ ၅-၄-၂၀၂၂ ရက်နေ့အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ကာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်၍ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

## လီဗာပူးကစားသမား ဝိုင်နယ်ဒမ်ကို ခေါ်ယူဖွယ်ရှိနေသည့် ကိုးမန်း၏ ဘာစီလိုနာ



စပိန်နာမည်ကြီး ဘာစီလိုနာ အသင်းသည် နွေရာသီတွင် လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်သော အသက် ၃၀ နှစ်အရွယ် ကစားသမား ဝိုင်နယ်ဒမ်ကို စာချုပ်ခေါ်ယူရန် ဆန္ဒပြင်းပြနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဘာစီလိုနာ အသင်းအပြင် နာမည်ကြီးအသင်းများဖြစ်သည့် ချယ်ဆီး၊ ဂျူဗင်တပ်စ်၊ ပီအက်စ်ဂျီအသင်းတို့ကလည်း အဆိုပါကစားသမားကို ခေါ်ယူရန်ဆန္ဒရှိနေကြောင်း သိရသည်။ ထို့ကြောင့် ဘာစီလိုနာ အသင်းအနေဖြင့် ခံစစ်ကစားသမား ဝိုင်နယ်ဒမ်ကို ခေါ်ယူရေးတွင် အဆိုပါအသင်းများနှင့်အပြိုင် ကမ်းလှမ်းသွားရမည်ဖြစ်သည်။

နည်းပြကိုးမန်းသည် လာမည့်ရာသီတွင် ကစားသမားသစ်များ ခေါ်ယူပြီး အသင်းကိုပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ကာ ဆုဖလားများရရှိရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။ ဝိုင်နယ်ဒမ်သည် ယခုနှစ်ရာသီ လီဗာပူးအသင်းတွင် ခြေစွမ်းပြသထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး ပြိုင်ပွဲအရပ်ရပ် ပွဲ ၄၀ အထိ ပါဝင်ကစားခွင့် ရရှိထားသည်။

ထို့အပြင် ဘာစီလိုနာအသင်းသည် စာချုပ်သက်တမ်းကုန်ဆုံးပြီး မန်စီးတီးအသင်းမှ ထွက်ခွာတော့မည်ဖြစ်သော မက်ဆီ၏ အာဂျင်တီးနားအသင်းဖော် ဆာဂျီယိုအဂွေရိုကို ခေါ်ယူရန်လည်း ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိနေကြောင်း သိရသည်။ အဂွေရိုသည် မန်စီးတီးအသင်းအတွက် ဂိုးအများဆုံး သွင်းယူပေးထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သည်။

ဘာစီလိုနာ အသင်းသည် လာလီဂါတွင် ၂၈ ပွဲ ကစားပြီး ၆၂ မှတ်ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နေသည်။ ဘာစီလိုနာအသင်းသည် လာမည့် လာလီဂါပွဲစဉ်အဖြစ် ဧပြီ ၆ ရက်တွင် ဗယ်လာဒိုလစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အောင်ဇော်

၂၀၁၉ ခုနှစ်အတွက်
စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲကျင်းပ
စာမျက်နှာ - ၈

ကမ္ဘာတစ်ဝန်းမှာ ကူးစက်မှုမြင့်တက်လာနိုင်တဲ့အတွက် ဆက်လက်သတိထားသွားရမယ့် ကိုဗစ်-၁၉ ကပ်ရောဂါ
စာမျက်နှာ - ၁၄

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် မသမာသူများ၏ လက်ချက်ကြောင့် ရထားလမ်းများ ပျက်စီးမှုဖြစ်ပွား
စာမျက်နှာ - ၂၄